# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁၁ ရက်၊ တနင်္လာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၅၂)


## ဂုဏ်သတင်း ပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့ မကြာမီကာလအတွင်း ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ချိုချိုတို့သည် ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် သွားရောက်မည် ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် ဗန်ကောက်မြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖယား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးနှင့် (၉)ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် (စီအယ်လ်အမ်ဗွီ)ထိပ်သီးအစည်းအဝေးသို့လည်း ချစ်ကြည်ရေးခရီးစဉ်နှင့် တစ်ဆက်တည်းတက်ရောက်မည် ဖြစ်ပါသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများ မျှဝေရေးဆိုင်ရာ အဆင့်မြင့်စားပွဲဝိုင်း ဆွေးနွေးပွဲ ကိုပင်ဟေဂင်မြို့၌ ကျင်းပ

နေပြည်တော် ဇွန် ၁၀

ကိုဖီအာနန်ဖောင်ဒေးရှင်းနှင့် ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အတွေ့အကြုံများ မျှဝေရေးဆိုင်ရာ အဆင့်မြင့်စားပွဲဝိုင်းဆွေးနွေးပွဲကို ဇွန် ၈ ရက်တွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဒေါက်တာကိုဖီအာနန်နှင့် ဒိန်းမတ်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Ms.Ulla Tornaes တို့လည်း တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ တိုးတက်မှုအခြေအနေများကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက သီးသန့်တွေ့ဆုံမေးမြန်းခြင်း

စာမျက်နှာ » ၃



# ဒေါပုံ တံတားသစ်ကြီးပေါ်မှ မော်တော်ယာဉ်များ စတင်ဖြတ်သန်းခွင့်ပြု

ရန်ကုန် ဇွန် ၁၀

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ပုဇွန်တောင်ချောင်းကို ဖြတ်သန်းကာ တည်ဆောက်နေသော ဂျပန်နည်းပညာသုံး ဒေါပုံတံတားသစ် တည်ဆောက်ရေးစီမံကိန်းသည် ယခုအခါတွင် ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၍ ယနေ့နံနက် ၇ နာရီမှစတင်ကာ မော်တော်ယာဉ်များ ယာယီဖြတ်သန်းခွင့်ပြုလိုက်ပြီဖြစ်သည်။ (အပေါ်ပုံ)

*စာမျက်နှာ ၄ ကော်လံ ၁* ✻

# မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်သတ်မှတ်

နေပြည်တော် ဇွန် ၁၀

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်ကမ်းခြေတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၏ အနောက်မြောက်ဘက် ၁၈ မိုင်ခန့် ဒါကာမြို့၏ အရှေ့တောင်ဘက် မိုင် ၁၀၀ ခန့်အကွာတွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက် ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**မုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါမုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၂၂ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၁ ဒသမ ၅ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၈၉ ဟက်တိုပါစကယ်နှင့်အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်နှုန်း ဖြစ်သည်။ *စာမျက်နှာ ၂ ကော်လံ ၃* ◆




မြန်မာ့အလင်း

# အလေ့အကျင့်ကောင်းများဖြင့် စိုက်ပျိုးထုတ်လုပ်ကြစေလို

"အစာလည်းဆေး၊ ဆေးလည်းအစာ"ဟု ဆိုကြသည်။ တစ်ခါတစ်ရံ မသန့်ရှင်းသော အစားအစာများ စားမိသောက်မိသည့်အခါ အစာသည် ဆေးမဖြစ်တော့ဘဲ "ဘေး" ဖြစ်လာသည်။ အစာတွင် ပါဝင်နေသော ဓာတုဓာတ်ကြွင်းအဆိပ်အတောက်များကြောင့် ချက်ချင်းလက်ငင်း ဘေးတွေ့ရသလို မှိုနှင့်အဏုဇီဝပိုးတို့ကြောင့်လည်း ရေရှည်တွင် ဘေးတွေ့ရသည်။ ထို့အတွက်ကြောင့် အာဟာရအလို့ငှာ မိမိတို့စားသုံးကြရသည့် အစားအစာများအားလုံး သန့်ရှင်းဖို့၊ ဘေးအန္တရာယ်ကင်းစေဖို့ လိုအပ်လာသည်။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ၊ သစ်သီးဝလံ၊ အစေ့အဆန်များစသည့် စိုက်ပျိုးရေးထုတ်ကုန် အစားအစာများတွင် စိုက်ပျိုးရေးသုံး ဓာတုဆေးဝါး အမျိုးမျိုးတို့၏ ဓာတ်ကြွင်းများ ကင်းစင်ပြီး စားသုံးရာတွင် ဘေးကင်းစေရန်အတွက် **GAP (Good Agriculture Practice)** ဟုခေါ်သည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကျင့်သုံးကြရမည်ဖြစ်သည်။

**GAP** ဆိုသည်မှာ သီးနှံများစိုက်ပျိုးရန် စတင်လုပ်ကိုင်ချိန်မှစပြီး စားသုံးသူများလက်ဝယ်သို့ ရောက်ရှိသည်အထိ ထုတ်လုပ်မှု၏အဆင့်တိုင်းတွင် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဂရုပြု၍ ဆောင်ရွက်ကြရသည့် အလေ့အကျင့်ကောင်းများပင် ဖြစ်သည်။ **GAP** ၏ အစသည် ဥရောပမှဖြစ်ပြီး လွန်ခဲ့သည့်နှစ် ၂၀ ကျော် ၁၉၉၇ ခုနှစ်က စတင်ခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း **GAP** ကို နိုင်ငံအသီးသီးတို့က ကိုယ်ပိုင်စံချိန်စံညွှန်းများဖြင့် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ခဲ့ကြပြီး ရည်ရွယ်ချက်အနေဖြင့်မူ စိုက်ပျိုးရေးထုတ်ကုန်များ၌ ဓာတုဆေးဝါးဓာတ်ကြွင်းများ၊ အဆိပ်ဓာတ်နှင့် အဏုဇီဝပိုးမွှားများ၊ ခဲ၊ အမှိုက်၊ အိမ်ရိုက်သံ၊ ပင်အပ်ကဲ့သို့သော ပြင်ပမှအရာဝတ္ထုများ၊ ခဲ၊ ပြဒါး၊ အာဆင်းနစ်၊ ခရိုမီယမ်စသည့် **Heavy Metals** များ ကင်းစင်စေရန်ဟူ၍ တူညီခဲ့ကြသည်။

**GAP** ခေါ် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများအရ စိုက်ပျိုးထုတ်လုပ်ရာ ပတ်ဝန်းကျင်ကို ထိခိုက်မှုမဖြစ်ပေါ်စေအောင် ထိန်းသိမ်းရေး၊ စိုက်ပျိုးထုတ်ကုန်သီးနှံများကို ဘေးအန္တရာယ်ကင်းစင်စေသလို အရည်အသွေးအရလည်း ကောင်းမွန်စေရေး၊ စိုက်ပျိုးရေးလုပ်ငန်းခွင်များ၌ လုပ်ကိုင်ဆောင်ရွက်နေကြသည့် ဥယျာဉ်ခြံ လယ်ယာလုပ်သားများ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရေးနှင့် လူမှုဘဝသာယာရေးတို့ကိုပါ ဦးတည်ဆောင်ရွက်ကြရသည်။ **GAP** ၏ အလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ကာ စိုက်ပျိုးထုတ်လုပ်ခြင်းအားဖြင့် **GAP** အသိအမှတ်ပြုလက်မှတ်ကို ရရှိရေးအတွက် ဆောင်ရွက်နိုင်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များဆီသို့ တင်ပို့ရောင်းချရာတွင် စားသုံးသူတို့ ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရပြည့်ဝစွာ စားသုံးနိုင်ရန် အာမခံချက်ပေးနိုင်မည် ဖြစ်သည်။ **GAP** အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် စိုက်ပျိုးမည့် မြေ၊ စိုက်ပျိုးရေ၊ မျိုးစေ့/ပျိုးပင်၊ မြေသြဇာနှင့် မြေဆီလွှာ ဖြည့်စွက်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးဓာတုဆေးများနှင့် အခြားဓာတုပစ္စည်းများ၊ အပင်ပြုစုစောင့်ရှောက်ခြင်း၊ စိုက်ပျိုးရေးနှင့် အခြားဆက်စပ်ပစ္စည်းကိရိယာများ၊ ရိတ်သိမ်းခြင်းနှင့် ထွက်ကုန်ပြုပြင်ခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း၊ အဆောက်အအုံများ ဆောက်လုပ်ထားခြင်း၊ တိရစ္ဆာန်နှင့် ဖျက်ပိုးများထိန်းချုပ်ခြင်း၊ အထောက်အထားနှင့် မှတ်တမ်းများ၊ နောက်ကြောင်း ပြန်စစ်ဆေးခြင်းနှင့် ပြန်လည်သိမ်းဆည်းခြင်း၊ သင်တန်းတက်ရောက်ခြင်း၊ ဆောင်ရွက်ကျင့်သုံးမှုများကို ပြန်လည်သုံးသပ်ခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းခြင်းနှင့် လုပ်သားများဘဝ သာယာဝပြောရေး ဆောင်ရွက်ပေးခြင်းဆိုသည့်အချက်(၁၆)ချက်ကို လိုက်နာကျင့်သုံးကြရမည် ဖြစ်သည်။

မြန်မာ **GAP** ဆောင်ရွက်နည်းစနစ်များကို လိုက်နာဆောင်ရွက်ကာ စိုက်ပျိုးထုတ်လုပ်သော စိုက်ပျိုးရေးထုတ်ကုန် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ သီးနှံများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးအားဖြင့်လည်း ကောင်းမွန်ကာ စီးပွားရေးအားဖြင့်လည်း တွက်ခြေကိုက်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ယုံကြည်စိတ်ချရသော အစားအစာများကို အရည်အသွေးကောင်းမွန် မှန်ကန်စွာ ထုတ်လုပ်နိုင်သည်နှင့်အမျှ ဈေးကွက်တွင် မျက်နှာပန်းလှကာ ကြီးပွားတိုးတက်နိုင်ကြမည်ဟု ဆိုချင်ပါကြောင်း။ ။

# ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းအစီအစဉ်မှ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ ပေါ်ထွက်လာ

**ရန်ကုန်　ဇွန်　၁၀**

မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာန (MLRC) ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) လုပ်ငန်းအစီအစဉ်အရ လွန်ခဲ့သည့် ၁၀ နှစ်က ဖွင့်လှစ်ခဲ့သည့် ကျောင်းပြင်ပ မူလတန်းပညာရေးကို တက်ရောက်ကာ ခက်ခဲပင်ပန်းမှုမျိုးစုံကို ကြံ့ကြံ့ခံပြီး ဝင်ငွေရှာ၍ ကြိုးစားနိုင်ခဲ့သဖြင့် ကျောင်းပညာရေးသို့ ကူးပြောင်းပြီး ထူးချွန်စွာ ၂၀၁၇-၂၀၁၈ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် လေးဦးတို့နှင့် ရိုးရိုးကိုးဦး အောင်မြင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ကျောင်းပြင်ပ မူလတန်းပညာရေး ဗဟိုကော်မတီက ပညာရေးဝန်ကြီးဌာန၊ UNICEF နှင့်အလှူရှင်နိုင်ငံများ၏ အထောက်အပံ့ရယူကာ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစတင်၍ မြို့နယ်ငါးမြို့နယ်တို့တွင် အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနသည် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့နှင့်အတူ UNICEF နှင့် အလှူရှင်နိုင်ငံများ၏ အထောက်အပံ့ရယူကာ ကျောင်းပြင်ပ မူလတန်းပညာရေး လုပ်ငန်းကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။

ဤသို့ဖြင့် ၁၀နှစ်မှ ၁၄ နှစ်အရွယ် ကျောင်းမတက်နိုင်သော၊ မူလတန်းမပြီးဆုံးမီ ကျောင်းထွက်သွားသော ကလေးများ၊ မူလတန်းပညာ ပြီးဆုံးနိုင်ပြီး အချို့ကလေးများသည် အခြေခံကျောင်းများသို့ ဆက်လက်တက်ရောက်ခွင့် ရခဲ့သည်။

ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ကို ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ အစပြု၍ ပြည်တွင်း အလှူရှင်ကြီးများ၏ လှူဒါန်းမှုဖြင့် မြို့နယ်များ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ကာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာန အစီစဉ်ဖြင့် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနသည် UNICEF, UNESCO နှင့် အလှူရှင် နိုင်ငံများ၊ World Education အပါအဝင် INGO, NGO အဖွဲ့များ၊ ပြည်တွင်း အလှူရှင်များ၏ ပံ့ပိုးမှုရယူကာ ဆက်လက်အကောင်အထည်ဖော်ရာ ယခုအခါ မြို့နယ်ပေါင်း ၁၃၆ မြို့နယ်အထိ ကျယ်ပြန့်လာခဲ့သည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းများတွင် ကလေးပေါင်း ၇၅၀၀ကျော် တက်ရောက်နိုင်ခဲ့ပြီး အဆင့်ဆင့်တက်ရောက်လာသည့် ကလေးများသည် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြရာ ၂၀၁၆ ခုနှစ်တွင် တစ်ဦး၊ ၂၀၁၇ ခုနှစ်တွင် လေးဦး၊ ၂၀၁၈ ခုနှစ်တွင် ၁၄ ဦးအထိ အောင်မြင်လာကာ ၁၄ ဦးအနက် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ကျွန်းရင်း ကျောင်းပြင်ပ မူလတန်းပညာရေး အခြေစိုက်စခန်းတွင် ၂၀၁၂ ခုနှစ်က တက်ရောက်ခဲ့သည့် မောင်ငွေယံစိုးသည် ဓာတုဗေဒ၊ ဘောဂဗေဒ နှစ်ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်သကဲ့သို့ တစ်ဘာသာ ဂုဏ်ထူးရှင် လေးဦး ထူးထူး ခြားခြားအောင်မြင်ခဲ့ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဝေးလံခေါင်းပါးကျေးရွာနေ ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများ ပေးအပ်

**မိုင်းယောင်း　ဇွန်　၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် ပရဟိတလူမှုကူညီရေးအသင်းသည် ဇွန် ၉ ရက်က မုန်းလိုက်ကျေးရွာအုပ်စု နမ့်ဆီလင်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများအတွက် အသင်းဥက္ကဋ္ဌ ဦးအောင်ဇော်ထွန်းနှင့် အသင်းသူ အသင်းသားများက စာရေးကိရိယာ၊ ကျောင်းဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများနှင့် အာဟာရဖြစ် မုန့်များအား သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ မူလတန်းကျောင်းခွဲသည် ယခင်က ကိုယ့်အားကိုယ်ကိုးကျောင်းတစ်ကျောင်းဖြစ်ပြီး ယခုအခါ နိုင်ငံတော်မှ အခြေခံပညာမူလတန်းကျောင်းခွဲအဆင့် တိုးမြှင့်ပေးခဲ့ကာ အိမ်ခြေ ၁၅ အိမ်၊ လူဦးရေ ၅၀ ကျော်သာရှိသည့် မြို့နှင့် အလှမ်းဝေး၍ ကားလမ်းပေါက်ရောက်မှု မရှိဘဲ သွားလာရခက်ခဲသော ဝေးလံခေါင်းပါးသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အဆိပ်သင့်မှိုများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော်　ဇွန်　၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့သီရိရတနာမြို့မဈေးအတွင်း၌ အဆိပ်သင့်မှိုများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးမှုကို ဇွန်လပထမပတ်က လယ်ဝေးမြို့ မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ဇေယျာလင်း၊ စည်ပင်ဦးစီးမှူး ဦးငြိမ်းချမ်း၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ စနစ်တကျ စိုက်ပျိုးထုတ်လုပ်ထားသည့်မှိုများမှအပ အခြားမှိုများ ရောင်းချမှုမရှိစေရေး စစ်ဆေးကာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

● ***ကျောဖုံးမှ***

ယနေ့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ အကြံပေးအဖွဲ့မှ ကြီးမှူးကျင်းပသော ပြည်သူ့အတွက်ဟောပြောပွဲတွင် အမျိုးသားရေးအဆင့် ရေအရင်းအမြစ်ကော်မတီအကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဦးချိုချို၊ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာခင်နီနီသိန်း၊ အကြံပေးအဖွဲ့ဝင် ဦးဗစ်တာ၊ လူငယ် ရေပညာရှင် မောင်ဝေတိုးနှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလွင်တို့ တက်ရောက်ခဲ့ကြသည်။

"ကျွန်မတို့အနေနဲ့ ဒေါက်တာ ဒေါ်နီနီသိန်းရဲ့ အကြံပြုချက်အရရော Water Body ကို မြို့ပြအမွေအနှစ်အနေနဲ့ ရန်ကုန်မြို့ရဲ့ အင်းလျားကန်ကြီးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနဲ့ ပူးပေါင်းပြီး အပြာရောင်ကမ္ပည်းပြား တပ်ဆင်သွားဖို့ ရည်ရွယ်ထားပါတယ်၊ ဒီနှစ်ထဲမှာ အဲဒီအင်းလျားကန်ကို အပြာရောင် ဆိုင်းဘုတ်ကမ္ပည်းပြား တပ်ဆင်ပြီးတော့ ထိန်းသိမ်းသွားဖို့နဲ့ သန့်ရှင်းမှုတွေ ဆက်လက်လုပ်ဆောင်သွားဖို့ ရှိပါတယ်၊ ရန်ကုန်မြို့ Water Body အနေနဲ့ ဆက်လက်တည်ရှိနိုင်ရေးအတွက်ပါ၊ ရေပြင်ရေထုတွေဟာဆိုရင် သဘာဝအနေနဲ့ရော၊ ယဉ်ကျေးမှုအနေနဲ့ပါ အရေးပါတဲ့နေရာတွေဖြစ်ပါတယ်၊ အရင်က အင်းလျားဘေးမှာ မရမ်းပင်တောတွေ၊ သရက်တောတွေရှိခဲ့တယ်၊ အဲဒီနေရာမှာ ရန်ကုန်တက္ကသိုလ်ကြီးကို ၁၉၂၈ နဲ့ ၁၉၃၀ ဝန်းကျင်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်တယ်၊ ရန်ကုန်တက္ကသိုလ်ဆိုတာ အနယ်နယ်အရပ်ရပ်က လူတွေ လာရောက်ဆုံစည်းတဲ့နေရာဖြစ်တော့ အင်းလျားကန်နဲ့ ရန်ကုန်တက္ကသိုလ်ဆိုတာ မြို့ပြယဉ်ကျေးမှုမှာ ခွဲခြားလို့မရနိုင်တဲ့ အရာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလွင်က ပြောသည်။

ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့အနေနှင့် မြို့ပြအမွေအနှစ် အပြာရောင်ကမ္ပည်းပြား ဆိုင်းဘုတ်များကို ရန်ကုန်မြို့ပြအတွင်းရှိ မြို့ပြအမွေအနှစ်နေရာ ၂၀ တွင် တပ်ဆင်ခဲ့ပြီးဖြစ်သည်။ ယခု အင်းလျားကန်အပါအဝင် ဗိုလ်အောင်ကျော်လမ်းတို့ကို မျှားမကြာမီကာလအတွင်း အပြာရောင်ကမ္ပည်းပြား တပ်ဆင်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးကျော် (ကနောင်သွေး)၊ ဓာတ်ပုံ- မင်းထက်**

◆ **ရှေ့ဖုံးမှ**

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရပါသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါမုန်တိုင်းငယ်၏ အရှိန်ကြောင့် ဇွန် ၁၁ ရက်မှ ဇွန် ၁၄ ရက်အတွင်း တစ်ပြည်လုံးတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။

မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို လည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနမှ သတင်းထောက် Orie Sugimoto က သီးသန့်တွေ့ဆုံမေးမြန်းခဲ့သည်။ ယင်းတွေ့ဆုံမေးမြန်းမှုကို NHK ၏ ခွင့်ပြုချက်ဖြင့် ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်။**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက သီးသန့်တွေ့ဆုံမေးမြန်းခြင်း

ဘာသာပြန် - အောင်ထိန်

ဒေါ်အောင်ဆန်းစုကြည်နှင့် NHK တို့ သီးသန့်တွေ့ဆုံမေးမြန်းခန်း ပြုလုပ်နိုင်ခြင်းမှာ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဖြစ်သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် နက်ရှိုင်းစွာအမြစ်တွယ်နေသောပြဿနာကို နေ့ချင်းညချင်း ဖြေရှင်းနိုင်မည်မဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြား လိုက်သည်။

**မေး။ ။ ရခိုင်ပြည်နယ်မှာ မိမိကိုယ်မိမိ ရိုဟင်ဂျာလို့ ခေါ်နေသူတွေကို ဌာနေပြန်ပို့မယ့် လုပ်ငန်းစဉ်မှာ ကုလသမဂ္ဂအဖွဲ့အစည်းတွေရဲ့ အကူအညီကိုရယူဖို့ မြန်မာအစိုးရက သဘောတူညီခဲ့ပါတယ်။ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို စုံစမ်းစစ်ဆေးနိုင်ဖို့ လွတ်လပ်သော ကော်မရှင်တစ်ရပ် ထူထောင်ဖို့ကိုလည်း သဘောတူညီခဲ့ပါတယ်။ ဒီအရေးယူဆောင်ရွက်ချက်တွေဟာ ဒုက္ခသည်များရော၊ နိုင်ငံတကာအသိုက်အဝန်းကပါ ယခင်ကတည်းက လုပ်ဆောင်ဖို့ လိုလားချက်ဖြစ်ခဲ့ပါတယ်။ ဘာ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ ဒီအချိန်၊ ဒီအခါရောက်တော့မှ အရေးယူဆောင်ရွက်ရတာပါလဲ။**

## အကြံပြုချက်နဲ့အညီလုပ်ဆောင်

ဖြေ။ ။ ကျွန်မအနေနဲ့ကတော့ ဒီအချိန်၊ ဒီအခါရောက်မှ အရေးယူဆောင်ရွက်ရတယ်လို့တော့ မထင်မြင်ပါဘူး။ ဒါက အဆင့်ဆင့်သွားရတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ ကျွန်မတို့ သဘောတူနိုင်တဲ့ MoU မျိုးရရှိဖို့ ဆွေးနွေးညှိနှိုင်းနေခဲ့တယ်ဆိုတဲ့အချက်ကို အများမသိခဲ့ကြဘူး။ ဒီကိစ္စ စတင်တာက ကျွန်မတို့ ဒေါက်တာကိုဖီအာနန်ကော်မရှင်ရဲ့အကြံပြုချက်တွေ ရရှိစဉ်ကတည်းက ဖြစ်ပါတယ်။ အခုနောက်ဆုံး နိုင်ငံတော်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရေးသည်လည်း ကျွန်မတို့ အကြံပေးအဖွဲ့ရဲ့ အကြံပြုချက်နဲ့အညီ လုပ်ဆောင်တာပါ။ ဒီအကြံပြုချက်ကို ကျွန်မတို့ အထူးအလေးအနက်ထားပါတယ်။ ဒီအဖွဲ့အနေနဲ့ ပကတိအခြေအနေအပေါ် အမှန်အတိုင်း ရှုမြင်သုံးသပ်နိုင်စွမ်းရှိတယ်လို့ ကျွန်မတို့ ယုံကြည်တာကြောင့် အဲဒီအဖွဲ့ကို တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ပါတယ်။

**မေး။ ။ ဒီအရေးယူဆောင်ရွက်ချက်တွေ ပေါ်ထွက်လာစေဖို့ မြန်မာနိုင်ငံအနေနဲ့ ဘာ့ကြောင့်များ အချိန်အကြာကြီးယူခဲ့ရတာပါလဲ ဒီအရေးယူဆောင်ရွက်ချက်တွေ လုပ်ဆောင်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲက ဘာပါလဲ။**

## အချိန်မဆိုင်းဘဲသဘောတူညီ

ဖြေ။ ။ အချိန်အကြာကြီးယူခဲ့တယ်ဆိုပြီး ပြောနိုင်လိမ့်မယ်လို့ ကျွန်မ မထင်ဘူး။ ဘာ့ကြောင့်လဲဆိုတော့ အကြံပေးအဖွဲ့က အကြံပြုခဲ့တာဟာ လအနည်းငယ်ပဲ ကြာမြင့်သေးတာကို အမှတ်ရမယ်ဆိုရင် အဲဒီလိုပြောမှာ မဟုတ်ဘူး။ ဒါကြောင့် နိုင်ငံတော်အဆင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းရေးနဲ့ပတ်သက်ပြီး ကျွန်မတို့ အချိန်အကြာကြီးယူခဲ့ရတယ်လို့ ပြောလိမ့်မယ်လို့ ကျွန်မ မထင်ဘူး။ UNDP နဲ့ UNHCR တို့နဲ့ MoU လက်မှတ်ရေးထိုးတာနဲ့ ပတ်သက်ပြီး ပြောရရင် ကျွန်မတို့ သေသေချာချာဆွေးနွေးညှိနှိုင်းပြီးမှသာ သဘောတူညီချက်ရလာတာပါ။ နှစ်ဖက်စလုံးအနေနဲ့ သက်ရောက်မှုတွေအားလုံးကို ပိုင်းခြားစိတ်ဖြာသုံးသပ်ဖို့ လိုအပ်တဲ့အတွက်ကြောင့်ပါ။ တချို့ အစိတ်အပိုင်းတွေမှာ ကျွန်မတို့အနေနဲ့ အချိန်မဆိုင်းဘဲ သဘောတူညီခဲ့တယ်။ တချို့အပိုင်းတွေမှာတော့ အခက်အခဲ၊ အတားအဆီးအချို့ကို ကျော်လွှားခဲ့ရတယ်။ ဒါကြောင့် အဓိပ္ပာယ်အနှစ်သာရပြည့်ဝပြီး တကယ်လက်တွေ့လည်း အကောင်အထည်ဖော်နိုင်မယ့် MoU တစ်ခုရရှိလာဖို့ဆိုတာဟာ အချိန်နည်းနည်းတော့ ယူရပါလိမ့်မယ်။

**မေး။ ။ မြန်မာနိုင်ငံအနေနဲ့ သဘောတူညီချက်အတိုင်း လိုက်နာဖို့မှာ ဘာအခက်အခဲရှိသလဲ။**



**“UNDP နဲ့ UNHCR တို့နဲ့ MoU လက်မှတ်ရေးထိုးတာနဲ့ ပတ်သက်ပြီးပြောရရင် ကျွန်မတို့ သေသေချာချာ ဆွေးနွေးညှိနှိုင်းပြီးမှသာ သဘောတူညီချက်ရလာတာပါ၊ နှစ်ဖက်စလုံးအနေနဲ့ သက်ရောက်မှုတွေအားလုံးကို ပိုင်းခြား စိတ်ဖြာသုံးသပ်ဖို့ လိုအပ်တဲ့အတွက်ကြောင့်ပါ”**

ဖြေ။ ။ ကျွန်မတို့အနေနဲ့ရော၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေအဖို့ပါ ဘယ်ကိစ္စကတော့ တကယ့်အခက်အခဲပဲလို့ ယူဆစရာရှိမယ် မထင်ပါဘူး၊ စဉ်းစားရမယ့် အချက်တွေကတော့ အများကြီးရှိပါတယ်။ ဒါပေမယ့် ဘယ်တစ်ခုကမှ ခွဲထုတ်လို့မရတဲ့ အနေအထားမဟုတ်ပါဘူး။ ဒါကြောင့်လည်း အခုသဘောတူညီချက်ရတာပါ။

**မေး။ ။ ရိုဟင်ဂျာလို့ သူတို့ကိုယ်သူတို့ ခေါ်နေတဲ့လူတွေအပေါ် အကြမ်းဖက်မှုတွေရှိခဲ့တယ်လို့ မြန်မာအပေါ် စွပ်စွဲဝေဖန်မှုတွေ ပေါ်ထွက်ခဲ့ပါတယ်။ ဒီကိစ္စဟာအလွန်ရှုပ်ထွေးတဲ့ ပြဿနာဖြစ်တယ်လို့ မြန်မာအစိုးရက ပြောတာတွေလည်း ကျွန်မကြားသိခဲ့ရပါတယ်။ ဒီပြဿနာမှာ နိုင်ငံတကာအသိုက်အဝန်းက ကြားဝင်စွက်ဖက်မှု မပြုသင့်ဘူးလို့လည်း ပြောခဲ့တာရှိပါတယ်။ ဘာကြောင့်များ ဒီပြဿနာဟာ မြန်မာနိုင်ငံအတွက် သိပ်ရှုပ်ထွေးခက်ခဲ နေရသလဲဆိုတာကို ရှင်းပြပေးစေလိုပါတယ်။ နိုင်ငံတကာ အသိုက်အဝန်းက ကြားဝင်ဖြေရှင်းခွင့် မရှိသင့်ဘူးဆိုတာကလည်း ဘာကြောင့်ပါလဲ။**

## ရေရေရာရာသိရှိသင့်

ဖြေ။ ။ ဦးစွာပထမ ကျွန်မပြောချင်တာကတော့ ဒီပြဿနာဟာ ကာလရှည်ကြာ ဖြစ်တည်လာတဲ့ ပြဿနာဖြစ်တယ်ဆိုတာပါ။ အရင်ရာစုနှစ် နှစ်ခုလောက်ကတည်းက ဖြစ်တည်လာတဲ့ ပြဿနာဆိုတာကို လူတွေ မေ့လျော့နေကြပါတယ်။ ဒါဟာ မနေ့ကမှ ဖြစ်ခဲ့တဲ့အရာ မဟုတ်ဘူး။ ဒီလောက်ကာလကြာရှည် ဖြစ်တည်လာတဲ့ ပြဿနာကို လအနည်းငယ်အတွင်းမှာ ဖြေရှင်းနိုင်မှာ မဟုတ်ဘူး။ ကျွန်မတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ရယူခဲ့တာကလည်း နှစ်နှစ်လောက်ပဲရှိသေးတာပါ။ ဒီလောက်ကြီးကျယ်လှတဲ့ ပြဿနာကို နေ့ချင်းညချင်းဖြေရှင်းနိုင်မှာ မဟုတ်ပါဘူး။ မြန်မာနိုင်ငံပြင်ပက မဆိုစလောက် လူအချို့နဲ့ မြန်မာနိုင်ငံအတွင်းက မဆိုစလောက် လူအချို့ကပဲ ဒီပြဿနာဟာ သမိုင်းနဲ့ချီပြီး ရှုပ်ထွေးလှတဲ့ပြဿနာလို့ သိရှိကြတာပါ။ ဒါကြောင့် ကျွန်မတို့နိုင်ငံမှာ ဘာတွေဖြစ်နေလဲ၊ ဘာကြောင့် ကျွန်မတို့ ဒီလိုမျိုးကိုင်တွယ်ဆောင်ရွက်ရလဲဆိုတာကို ပြည်ပက လူများသာမက ပြည်တွင်းမှာ နေထိုင်သူတွေကလည်း ကောင်းစွာသိရှိသင့်တယ်။ ကျွန်မတို့ပြည်သူတွေ ရေရေရာရာ သိရှိသင့်တယ်ဆိုတာ အရေးအကြီးဆုံးအချက်ပါ။ ဘာ့ကြောင့်လဲဆိုတော့ ရေရှည်မှာ ကျွန်မတို့နိုင်ငံရဲ့တည်ငြိမ်အေးချမ်းရေးနဲ့ လုံခြုံရေးတိုးတက်ကောင်းမွန်မှုတို့ကို ကျွန်မတို့ကိုယ်တိုင်ကပဲ ထိန်းသိမ်းစောင့်ရှောက်ကြရမှာ ဖြစ်လို့ပါပဲ။

**မေး။ ။ ဒီပြဿနာ ဘယ်လိုရှုပ်ထွေးနေသလဲဆိုတာကို နိုင်ငံတကာအသိုက်အဝန်းကိုရော မြန်မာပြည်သူတွေကိုပါ ရှင်းပြဖို့မှာ ဘာကြောင့်အချိန်ယူဖို့ လိုအပ်နေသလဲ။ မြန်မာအတွက် ဘယ်လိုအန္တရာယ်တွေ ရှိလို့လဲ။**

ဖြေ။ ။ ပြဿနာတစ်ခုကို ဘက်ပေါင်းစုံက စဉ်းစားခြင်း မရှိဘဲ ဒရောသောပါး ဖြေရှင်းမယ်ဆိုရင် ဘယ်သူ့အတွက်မဆို အန္တရာယ်ရှိမယ်လို့ ကျွန်မယူဆပါတယ်။

**မေး။ ။ ဒီပြဿနာတွေ ခုထက် မြန်မြန်ဖြေရှင်းရင် မြန်မာအတွက် ဘယ်လိုအန္တရာယ်တွေ ကျရောက်နိုင်လို့လဲ။**

## နည်းလမ်းအဖုံဖုံရှာဖွေဖော်ထုတ်

ဖြေ။ ။ ဘယ်အရာကိုမဆို ဖုတ်ပူမီးတိုက် မလုပ်သင့်ဘူး။ အချိန်ယူပြီးလုပ်ရမှာကို အချိန်ယူလုပ်သွားရမှာ ဖြစ်ပါတယ်။ ပြဿနာတွေကို မြန်မြန်ပြီးစမ်းပါလို့ အတင်းတွန်းလို့ မရဘူး။ ဆိုပါတော့ “ဖြစ်ပြီးတဲ့ပြဿနာတွေ မေ့ထားလိုက်ပါ၊ စာမျက်နှာအသစ် ပြန်ဖွင့်လိုက်ပါ” လို့ လူတွေကိုသွားပြောလို့မရဘူး။ အမိန့်ပေးလို့လည်း မရဘူး။ ပြဿနာတွေအားလုံး ဖြေရှင်းနိုင်ဖို့အတွက် နည်းလမ်းအဖုံဖုံရှာဖွေဖော်ထုတ်ရမှာပါလားလို့ လူတွေသဘောပေါက် နားလည်လာစေမယ့် အနေအထားတစ်ရပ်ကို ဖန်တီးပေးဖို့ လိုပါတယ်။

**မေး။ ။ ရခိုင်ပြည်နယ်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိတယ်ဆိုတဲ့ စွပ်စွဲချက်တွေကို စုံစမ်းစစ်ဆေးဖို့ ဖွဲ့စည်းမယ့် လွတ်လပ်သောကော်မရှင်နဲ့ပတ်သက်ပြီး ဘယ်လိုအဖွဲ့ဝင်တွေ ပါဝင်တယ် စသည်ဖြင့် နည်းနည်းပိုပြီး ပြည့်ပြည့်စုံစုံ ရှင်းပြပေးစေလိုပါတယ်။ အဲဒီကော်မရှင်ဟာ ယုံကြည်စိတ်ချရတဲ့ကော်မရှင်၊ လွတ်လပ်တဲ့ကော်မရှင်ဖြစ်တယ်ဆိုတာ သေချာပါသလား။ ပြီးတော့သူတို့အနေနဲ့ မြန်မာအစိုးရဟာ တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းလုပ်ဆောင်နေတယ်ဆိုတာကို နိုင်ငံတကာအသိုက်အဝန်းသိအောင် ရှင်းပြပေးလိမ့်မယ်လို့ရော ယုံကြည်ပါသလား။**

## ယုံကြည်ရတဲ့သူတွေခန့်အပ်မှာဖြစ်

ဖြေ။ ။ လတ်တလောမှာတော့ ကော်မရှင်မှာ ဘယ်သူတွေပါမယ်ဆိုတာကို ကျွန်မတို့ တိတိကျကျ မပြောနိုင်သေးပါဘူး။ ဒါပေမယ့်လည်း အရည်အချင်းပြည့်ဝပြီး ဘက်မလိုက်သူတွေအဖြစ် ကျွန်မတို့အပြည့်အဝ ယုံကြည်စိတ်ချရတဲ့ သူတွေကိုသာ ခန့်အပ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုရှိလာမယ်ဆိုရင် အခြေအနေတိုးတက်လာပြီး နိုင်ငံတကာအသိုက်အဝန်းရဲ့နားလည်မှုကိုလည်း ရရှိလာမယ်လို့ ယုံကြည်ယူဆပါသလား။**

## အပြုသဘောလုပ်ဆောင်ချက်ဖြစ်

ဖြေ။ ။ လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခု ဖွဲ့စည်းသင့်တယ်လို့ အကြံပေးအဖွဲ့က ယုံကြည်ယူဆပါတယ်။ အကြံပေးအဖွဲ့အပေါ် အပြည့်အဝယုံကြည်စိတ်ချမှု၊ ဒီအဖွဲ့ရဲ့ စိတ်ကောင်းစေတနာကောင်းရှိမှုနဲ့ ဉာဏ်ပညာအမြော်အမြင် ပြည့်ဝမှုတို့ကြောင့် အခုကိစ္စသည် အခြေအနေ တိုးတက်ကောင်းမွန်လာစေဖို့ အပြုသဘော ရည်ရွယ်လုပ်ဆောင်ချက်တစ်ရပ် ဖြစ်တယ်လို့ ကျွန်မတို့ ယူဆပါတယ်။

**မေး။ ။ ဘာကြောင့် မိမိနိုင်ငံအစီအစဉ်နဲ့ လုပ်ဆောင်ဖို့ကို ရွေးချယ်ပါသလဲ။ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်လိုမျိုး နိုင်ငံတကာအစီအစဉ်တစ်ရပ်ကို ဘာကြောင့် မရွေးချယ်တာလဲ။**

## ထပ်တလဲလဲရှင်းပြပေးခဲ့

ဖြေ။ ။ ဒါနဲ့ပတ်သက်ပြီး ကျွန်မတို့အရင်ကတည်းက ရှင်းပြခဲ့ပြီးသားပါ။ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်ကို ကျွန်မတို့ ဘာ့ကြောင့် လက်မခံရသလဲဆိုတာကို ထပ်တလဲလဲ ရှင်းပြပေးခဲ့ပြီး ဖြစ်ပါတယ်။ အခုကိစ္စက အကြံပေးအဖွဲ့ရဲ့အကြံပြုချက်အတိုင်း ဖြစ်ပါတယ်။ သူတို့အနေနဲ့က ရခိုင်ပြည်နယ်မှာ ဘာတွေဖြစ်ပျက်နေသလဲဆိုတာကို သေသေချာချာလေ့လာနိုင်တဲ့ အနေအထားရှိပါတယ်။ သူတို့က အလေးအနက် အကြံပြုတာဖြစ်တဲ့အတွက် ကျွန်မတို့ကလည်း အလေးအနက်ထား ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

**မေး။ ။ကော့ဘဇားမြို့မှာ ဒုက္ခသည်အများအပြားဟာ မြန်မာနိုင်ငံကို ပြန်ဖို့ တုံ့နှေးနေကြပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ တကယ်လို့ သူတို့ဌာနေပြန်လာရင် အကြမ်းဖက်တိုက်ခိုက်မှုတွေနဲ့ ရင်ဆိုင်ရနိုင်တယ်ဆိုတဲ့ စိုးရိမ်ကြောက်ရွံ့မှုကြောင့်ပါ။ ဒီအချက်ဟာ ဒုက္ခသည်တွေအနေနဲ့ သူ့ဆန္ဒနဲ့အညီ ဌာနေပြန်ဖို့ ပိုလို့တောင် ခက်ခဲစေပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံအနေနဲ့ ဒုက္ခသည်တွေရဲ့ယုံကြည်မှု ပြန်လည်ရရှိလာအောင်နဲ့ နိုင်ငံတကာအသိုက်အဝန်းရဲ့ယုံကြည်မှုပြန်လည်ရရှိလာအောင် ဘယ်လိုလုပ်ဆောင်မှာပါလဲ။**

### အပြန်အလှန် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်

ဖြေ။ ။ယုံကြည်မှုဆိုတာ အပြန်အလှန်ရှိသင့်ပါတယ်။ ယုံကြည်မှုတည်ဆောက်ဖို့ဆိုတာ မြန်မာနိုင်ငံအပေါ်မှာသာ မှီတည်နေတာ မဟုတ်ပါဘူး။ ယုံကြည်မှုတည်ဆောက်နိုင်စေဖို့ တစ်ဖက်လူဘက်ကလည်း လိုအပ်တဲ့ ခြေလှမ်းတွေ လှမ်းဖို့လိုတယ်လို့ ကျွန်မထင်ပါတယ်။ ဥပမာပြောရရင် မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်အကြားရရှိခဲ့တဲ့ MoU နဲ့အညီ ပုံစံတွေဖြည့်စွက်ပေးရမှာဖြစ်တယ်လို့ ကျွန်မတို့နားလည်ပါတယ်။ ဒီပုံစံတွေကို ဒုက္ခသည်တွေဆီကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခဲ့ခြင်းမရှိပါဘူး။ ဒီပုံစံတွေကို ဖြန့်ဝေပေးခြင်းမရှိရင်၊ ရခိုင်ပြည်နယ်ကို ဘေးကင်းလုံခြုံစွာနဲ့ တရားဥပဒေနဲ့အညီ ပြန်လာနိုင်ကြောင်း ဒုက္ခသည်တွေ မသိကြရင် ကျွန်မတို့အနေနဲ့ ဒုက္ခသည် ဌာနေပြန်ရေးလုပ်ငန်းစဉ် အလျင်အမြန်တိုးတက်အောင် ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ဒါဟာ နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်လို့ မြင်တာပါ။ MoU ကို မိမိတို့နှစ်နိုင်ငံစလုံးသာမက အခြားသူများပါ သဘောတူညီခဲ့ကြပါတယ်။ အဲဒီပါဝင်သူများအားလုံးက အသီးသီးအသကအသက တာဝန်ယူမှုတွေကို အကောင်အထည်ဖော်ကြဖို့ လိုပါတယ်။

**မေး။ ။အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ဖို့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေအားလုံးက အများကြီးလုပ်ကိုင်သွားဖို့ လိုတယ်လို့ ကျွန်မနားလည်မိပါတယ်။ မြန်မာနိုင်ငံဘက်က ဘာတွေလုပ်ဖို့ရှိပါသလဲ။**

### စွန့်စားလုပ်ဆောင်ကြည့်ဖို့လို

ဖြေ။ ။ကျွန်မတို့အနေနဲ့ MoUနဲ့အညီ တာဝန်ဝတ္တရားတွေအားလုံးကို သယ်ပိုးထမ်းဆောင်ခဲ့ပြီးဖြစ်ပါတယ်။ တကယ်လို့ ရှင့်အနေနဲ့ MoU ကို ဖတ်ကြည့်မယ်၊ ကျွန်မတို့ ဘာလုပ်နေသလဲဆိုတာကိုလည်း လေ့လာကြည့်မယ်ဆိုရင် တာဝန်ဝတ္တရားများအားလုံးကို ကျွန်မတို့ ကျေပွန်စွာထမ်းဆောင်ခဲ့တယ်ဆိုတာကို ရှင်တွေ့မြင်လိမ့်မယ်လို့ ကျွန်မယူဆပါတယ်။ ဒါပေမယ့်လည်း စာရွက်လေးတစ်ရွက်ပေါ်မှာ

**"ယုံကြည်မှုဆိုတာ အပြန်အလှန်ရှိသင့်ပါတယ်၊ ယုံကြည်မှုတည်ဆောက်ဖို့ဆိုတာ မြန်မာနိုင်ငံအပေါ်မှာသာ မှီတည်နေတာမဟုတ်ပါဘူး၊ ယုံကြည်မှုတည်ဆောက်နိုင်စေဖို့ တစ်ဖက်လူဘက်ကလည်း လိုအပ်တဲ့ ခြေလှမ်းတွေ လှမ်းဖို့လိုတယ်လို့ ကျွန်မထင်ပါတယ်၊ ဥပမာပြောရရင် မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်အကြားရရှိခဲ့တဲ့ MoU နဲ့အညီ ပုံစံတွေဖြည့်စွက်ပေးရမှာဖြစ်တယ်လို့ ကျွန်မတို့ နားလည်ပါတယ်၊ ဒီပုံစံတွေကို ဒုက္ခသည်တွေဆီကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခဲ့ခြင်းမရှိပါဘူး"**

လက်မှတ်ရေးထိုးရုံနဲ့ ယုံကြည်မှုကို တည်ဆောက်လို့မရနိုင်ဘူး။ အခြေအနေဟာ ယုံကြည်စိတ်ချရတဲ့ အခြေအနေဟုတ်၊ မဟုတ် စွန့်စားလုပ်ဆောင်ကြည့်ဖို့ လိုပါတယ်။ ပေးလာတဲ့အနေအထားတစ်ရပ်ကို လက်တွေ့စမ်းသပ်ကြည့်ဖို့ အဆင်သင့်မရှိဘူးဆိုရင်တော့ ဒါဟာ လက်ခံနိုင်တဲ့ အနေအထားဟုတ်မဟုတ် ဘယ်တော့မှ သိနိုင်မှာမဟုတ်ဘူး။

**မေး။ ။ယုံကြည်မှုပြန်လည်ရရှိနိုင်အောင် လုပ်နိုင်ဖွယ်ရာတွေအားလုံးကို မြန်မာနိုင်ငံက လုပ်နေတယ်လို့ ကျွန်မနားလည်မိပါတယ်။ အခုဆက်လက်ပြီးတော့ ဘယ်လိုအရေးယူဆောင်ရွက်ချက်တွေကို လုပ်ဆောင်ဖို့ စီစဉ်ထားပါသလဲ။**

### ယုံကြည်မှု ပြန်လည်တည်ဆောက်

ဖြေ။ ။ယုံကြည်မှုတည်ဆောက်တယ်ဆိုတာ အချိန်အကန့်အသတ် ဘောင်တစ်ခုအတွင်း လုပ်ဆောင်လို့ရတဲ့အရာမျိုး မဟုတ်ပါဘူး။ အခုအထိတော့ (က) အဆင့်အထိ ယုံကြည်မှု တည်ဆောက်ပြီးသွားပြီ၊ နောက်လေးလမှာ (ခ) အဆင့်ကိုရောက်မယ်။ အဲဒီလိုမျိုး ပြောလို့မရဘူး။ အဲဒီလိုမျိုးတည်ဆောက်လို့ရတာမဟုတ်ဘူး။ ယုံကြည်မှုတည်ဆောက်တယ်ဆိုတာ တစ်ဆက်တည်းဖြစ်ပေါ်နေရမယ့် လုပ်ငန်းစဉ်ပါ။ သက်ဆိုင်သူတိုင်းဟာ အပြုသဘောဆောင်ဖို့လိုတယ်၊ ယုံကြည်မှု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်အတိုင်း လုပ်မယ်လို့ ကတိကဝတ်ရှိကြရပါမယ်။

**မေး။ ။ကုလသမဂ္ဂနဲ့ သဘောတူညီချက်ရယူခြင်း၊ အပြန်အလှန်ယုံကြည်မှုရရှိစေဖို့ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ထူထောင်ခြင်းလိုမျိုး မြန်မာအစိုးရရဲ့မကြာသေးမီက လုပ်ဆောင်ချက်တွေဟာ ယုံကြည်မှုတည်ဆောက်ရေးလို့ ကျွန်မတို့ နားလည်လို့ ရပါ့မလား။**

ဖြေ။ ။UNDP နဲ့ UNHCR တို့နဲ့ MoU လက်မှတ်ရေးထိုးခဲ့တာတို့၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခဲ့တာတို့ဟာ ကျွန်မတို့ကို ယုံကြည်မှုရှိလာစေဖို့ လုပ်ကိုင်တာလားလို့ မေးချင်တာလား။

**မေး။ ။ဒီရည်ရွယ်ချက်တစ်ခုတည်းနဲ့လို့တော့ မဆိုလိုပါဘူး။ ဒါဟာ မြန်မာနိုင်ငံရဲ့မူဝါဒလမ်းကြောင်းနဲ့ ..........။**

### အလေးအနက်ထား

ဖြေ။ ။ဒေါက်တာကိုဖီအာနန် ကော်မရှင်နဲ့ ကျွန်မတို့ရဲ့ အကြံပေးအဖွဲ့တို့ရဲ့ အကြံပြုချက်တွေနဲ့အညီ လုပ်ဆောင်နေတယ်ဆိုတာကို ကျွန်မအကြိမ်ပေါင်းများစွာ ရှင်းပြခဲ့ပြီးပါပြီ။ ဉာဏ်ပညာအမြော်အမြင်လည်းရှိ စိတ်စေတနာကောင်းလည်းရှိတယ်လို့ ကျွန်မတို့ ယုံကြည်သူတွေနဲ့ ဒီကော်မရှင်နဲ့ အကြံပေးအဖွဲ့ နှစ်ဖွဲ့စလုံးကို ဖွဲ့စည်းခဲ့တာပါ။ ဒါ့ကြောင့် သူတို့ရဲ့အကြံပြုချက်တွေကို ကျွန်မတို့က အလွန်ကိုပဲ အလေးအနက်ထားဆောင်ရွက်ပါတယ်။

**မေး။ ။ရှင်းပြဖို့ ခက်ခဲမယ်လို့ ကျွန်မသိပေမယ့်လည်း မေးချင်တာက ဒုက္ခသည်တွေ ဌာနေပြန်မယ့် လုပ်ငန်းစဉ် အမှန်တကယ် စတင်နိုင်မယ့်အချိန်ကို သိပါရစေ။**

### သူတို့အနေနဲ့ ပုံစံတွေဖြည့်ဖို့ လို

ဖြေ။ ။ဒါကတော့ မြန်မာနိုင်ငံအပေါ်မှာရော၊ ဘင်္ဂလားဒေ့ရှ်အပေါ်မှာပါ မှီတည်နေပါတယ်။ နှစ်ဦးနှစ်ဖက် လုပ်ကြရမယ့် လုပ်ငန်းစဉ်တစ်ခုပါ။ ဒုက္ခသည်တွေကို ပုံစံတွေထုတ်ပေးတာ၊ ရခိုင်ပြည်နယ်ကိုပြန်လာဖို့ ဘယ်လုပ်ငန်းစဉ်အဆင့်ဆင့်တွေ ဆောင်ရွက်ဖို့ လိုအပ်တယ်ဆိုတာ သူတို့ကို ပြည့်ပြည့်စုံစုံအသိပေးတာတွေ မလုပ်သေးသရွေ့ ကျွန်မတို့အနေနဲ့ လုပ်ငန်းစဉ် အမြန်တိုးတက်အောင် လုပ်ဆောင်နိုင်မှာမဟုတ်ဘူး။ ရှင်သိတဲ့အတိုင်း လူအချို့ပြန်လာခဲ့ကြပေမယ့်လည်း တရားဝင်လမ်းကြောင်းတွေအတိုင်း မဟုတ်ဘူး။ ပြန်လာသူအချို့က သူတို့အနေနဲ့ ပုံစံတွေဖြည့်ဖို့ လိုအပ်တယ်ဆိုတာကို မသိတဲ့အကြောင်း၊ လုပ်ထုံးလုပ်နည်းအတိုင်းသွားရမယ်ဆိုတာ ကိုလည်း မသိကြောင်း ပြောကြပါတယ်။

**မေး။ ။မြန်မာနိုင်ငံအတွင်း၊ မြန်မာနိုင်ငံသားအများအပြားအတွင်းမှာ ရိုဟင်ဂျာလို့ပဲ ခေါ်ခေါ်၊ ရိုဟင်ဂျာမွတ်စလင်လို့ပဲ ခေါ်ခေါ်၊ ဘင်္ဂါလီလို့ပဲ ခေါ်ခေါ်၊ အခေါ်ခံရသူတွေအပေါ် ခွဲခြားဆက်ဆံမှုတွေ၊ မုန်းတီးမှုတွေ နက်နက်ရှိုင်းရှိုင်းရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ ခေါင်းဆောင်တစ်ဦးအနေနဲ့ရော၊ ဒီမိုကရေစီခေါင်းဆောင်တစ်ဦးအနေနဲ့ပါ အဲဒီလူတွေကို ဘယ်လိုသတင်းစကားများ ပါးချင်ပါသလဲ ။**

### လုံခြုံမှု အားနည်းတာတွေနဲ့ ယှက်နွယ်

ဖြေ။ ။ကျွန်မတို့ အစိုးရတာဝန်ယူချိန်ကစလို့ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး လုပ်ကိုင်လာခဲ့ပါတယ်။ ဧပြီလအစ ကျွန်မတို့ အစိုးရဖွဲ့စည်းနိုင်ခဲ့ပြီးတဲ့နောက်မှာ ကျွန်မတို့ ပထမဆုံးလုပ်တဲ့ အလုပ်တစ်ခုက ရခိုင်ပြည်နယ်မှာ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းတာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်အတွင်း တည်ရှိနေတဲ့ ရန်လိုမုန်းတီးမှု၊ မယုံကြည်မှုတွေ၊ ကြောက်ရွံ့မှုနဲ့ အငြိုးအာဃာတတွေဟာ ဒီဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးမှု ကင်းမဲ့တာ၊ လုံခြုံမှု အလွန်အမင်းအားနည်းတာတွေနဲ့ ယှက်နွယ်အမြစ်တွယ်နေတယ်။

ဒါကြောင့် တရားဥပဒေစိုးမိုးရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်မတီဖွဲ့စည်းခဲ့တာပါ။ အဲဒီအချိန်ကစလို့ ကျွန်မတို့အနေနဲ့ ရခိုင်ပြည်နယ်အရေးနဲ့ ပတ်သက်ပြီး ကာလရှည်ဖြေရှင်းချက်ရရှိနိုင်မယ့် နည်းလမ်းများကို ရှာဖွေခဲ့ရပါတယ်။ သို့သော်လည်းပဲ ကျွန်မတို့အနေနဲ့ ပြဿနာသက်သက်အဖြစ် ရှုမြင်ခြင်းမဟုတ်ဘဲ စိန်ခေါ်မှုတစ်ရပ်လို့ ရှုမြင်တယ်လို့ ဆိုပါရစေ။ ဒါကြောင့် ရေရှည်လုပ်ငန်းစဉ်လို့ဆိုတာ ဖြစ်ပါတယ်။ ရာစုနှစ်တစ်စုကျော် သမိုင်းနဲ့ချီပြီး ဖြစ်လာခဲ့တာကို လအနည်းငယ်အတွင်း ကျွန်မတို့ မဖြေရှင်းနိုင်ပါဘူး။ နှစ်အနည်းငယ်လောက်အတွင်းလည်း ပြီးစီးမှာမဟုတ်ဘူး။ တစိုက်မတ်မတ်လုပ်ကိုင်သွားရမယ့် ကိစ္စရပ်ပါ။ တခြားကမ္ဘာ့နိုင်ငံတွေကို ရှင်လေ့လာကြည့်ရင် သိနိုင်မှာပါ။ နှစ်ပေါင်းများစွာ အခွန့်ရှည်တည်မြဲလာတဲ့ ဒီမိုကရေစီနိုင်ငံတွေမှာတောင် ပြဿနာတွေရှိနေတာပါ။ အရေးကြီးတာကတော့ မတူကွဲပြားတဲ့ အသိုက်အဝန်းတွေအားလုံးအနေနဲ့ ငြိမ်းချမ်းစွာ နေထိုင်ကြဖို့၊ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ယုံကြည်မှု တည်ဆောက်ကြဖို့ လိုအပ်ခြင်းပါပဲ။

*(ဆက်လက်ဖော်ပြပါမည်)*

✻ *ရှေ့ဖုံးမှ*

အဆိုပါ တံတားစတင်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနနှင့် လမ်းဦးစီးဌာနတို့မှ အင်ဂျင်နီယာချုပ်များနှင့် အင်ဂျင်နီယာများ၊ ဂျပန်အင်ဂျင်နီယာများ၊ ဒေါပုံ၊ ပုဇွန်တောင်နှင့် မင်္ဂလာတောင်ညွန့် မြို့နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကာ တံတားကြီးပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်း၍လည်းကောင်း၊ လမ်းလျှောက်၍လည်းကောင်း ကြည့်ရှုကြသည်။

တံတားကြီး တည်ဆောက်ပြီးစီးမှုနှင့်ပတ်သက်၍ ဦးကျော်လင်း (အင်ဂျင်နီယာချုပ်) တံတားဦးစီးဌာနက "ဒီတံတားကြီးကို ယာယီဖွင့်လှစ်တာကတော့ ဂျပန်အပိုင်းက ချဉ်းကပ်လမ်းလုပ်ငန်းနဲ့ မြန်မာအပိုင်းက ချဉ်းကပ်လမ်းလုပ်ငန်းအပိုင်းနဲ့ လုပ်ငန်းဆက်သွယ်တဲ့နေရာမှာ လုပ်ငန်းတွေ ကျန်နေတဲ့အတွက် ယာယီအားဖြင့် လုပ်ငန်းတွေကို အနှောင့်အယှက်မပေးအောင် တံတားသစ်ကြီးနဲ့ တံတားဟောင်းကို လမ်းလွှဲတွေလုပ်ပြီး ကျန်ရှိနေတဲ့ ချဉ်းကပ်လမ်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်၊ ဒေါပုံဘက်နဲ့ ပုဇွန်တောင်ဘက်ခြမ်းမှာရှိတဲ့ ချဉ်းကပ်လမ်းနှစ်ခုကို ဆက်ပေးမှာဖြစ်ပါတယ်၊ ဇွန် ၂၀ ရက်မှာ ပြီးစီးဖို့ မျှော်မှန်းထားပါတယ်။ ဒီတံတားကြီးက ဂျပန်အစိုးရရဲ့ Grant Aid နဲ့ ဆောက်လုပ်ခဲ့တာဖြစ်ပါတယ်၊ တံတားကြီးက လေးလမ်းသွားဖြစ်တဲ့အတွက် ယာဉ်ကြောကျပ်တည်းမှုကို လျှော့ချနိုင်မှာဖြစ်ပါတယ်၊အဲဒီလိုပဲ ဒီတံတားကြီးက သီလဝါကလာမယ့် ကွန်တိန်နာယာဉ်တွေ သွားလာနိုင်မှာဖြစ်လို့ ရန်ကုန်မြို့ရဲ့စီးပွားရေးအချက်အချာကျတဲ့ နေရာတွေကို ကုန်တွေပို့ဆောင်ရာမှာ လွယ်ကူချောမွေ့လာမှာ ဖြစ်ပါတယ်၊ ဒီတံတားက မြန်မာနိုင်ငံမှာ ပထမဆုံးဆောက်လုပ်တဲ့ တံတားလည်း ဖြစ်ပါတယ်၊ မကြာခင်မှာ ဒီနည်းပညာနဲ့ ရန်ကုန်-သန်လျင်တံတား အမှတ်-၃ ကို ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်၊ ပဲခူးမြစ်ကူးတံတားကို ဂျပန်ချေးငွေနဲ့ ဆောက်လုပ်သွားမှာ ဖြစ်ပါတယ်၊ ဒေါပုံတံတား စတင်တည်ဆောက်စဉ်က မြန်မာအင်ဂျင်နီယာငယ်များ ပူးပေါင်းပါဝင် တည်ဆောက်ခဲ့တဲ့အတွက် ဂျပန်အင်ဂျင်နီယာတွေဆီက နည်းပညာလွှဲပြောင်းမှုကိုလည်း ရရှိထားပြီးဖြစ်ပါတယ်၊ ဒီလိုတံတားမျိုးဆောက်လုပ်ဖို့ ကြုံလာမယ်ဆိုရင် မြန်မာအင်ဂျင်နီယာတွေက ဆောက်လုပ်ပေးနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက "ဒီတံတားကြီးက မြို့နယ်တော်တော်များများနဲ့ ဆက်သွယ်နေပါတယ်၊ အဓိကအားဖြင့်တော့ ဒေါပုံနဲ့ ပုဇွန်တောင်အပြင် သာကေတနဲ့ မင်္ဂလာတောင်ညွန့် အစရှိတဲ့ မြို့နယ်တွေနဲ့ပါ ဆက်စပ်နေတဲ့အတွက် စီးပွားရေးအရ အရေးပါတဲ့တံတားကြီးလို့ ဆိုရမှာပါ၊ ဒီတံတားကြီးပေါ်ပေါက်လာတဲ့အတွက် ယာဉ်ကြောကျပ်တည်းမှုကိုလည်း လျှော့ချနိုင်တော့မှာ ဖြစ်ပါတယ်၊ ဒါပေမယ့် မင်္ဂလာတောင်ညွန့်မြို့နယ်မှာ ယာဉ်ရှောင်းဝယ်ရေးစခန်းက အခု ၁၀၀ လောက်ရှိပေမယ့် နှစ်ခုပဲ တရားဝင်ဖြစ်တယ်၊ ကျန်တာတွေက လမ်းမကြီးတွေ ဘေးတစ်ဖက်တစ်ချက်စီတွေမှာ တရားမဝင် ယာဉ်ရောင်းဝယ်ရေးကားတွေ ရပ်ထားတဲ့အတွက် လမ်းတွေပေါ်မှာ ယာဉ်ကြောပိတ်ဆို့မှုတွေ များနေပါတယ်၊ ဒါတွေကို ထိရောက်စွာကိုင်တွယ်ဖို့ တိုင်းဒေသကြီးအစိုးရနဲ့ ဆွေးနွေးနေပြီဖြစ်ပါတယ်၊ မင်္ဂလာဈေးလိုနေရာမျိုးမှာ ထိရောက်တဲ့ ယာဉ်ကြောစနစ်တွေ ပြင်ဆင်ဆောင်ရွက်သွားဖို့ လိုပါတယ်၊ ဒါမှသာ အခုတံတားသစ်ကြီး တည်ဆောက်ပေးနိုင်မှုကနေ ပြည်သူတွေအတွက် စိတ်ကျေနပ်မှုတွေကို ပေးနိုင်မှာဖြစ်ပါတယ်" ဟု ပြောသည်။

မြန်မာနိုင်ငံတွင် ဂျပန်နည်းပညာဖြင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ်ကြိုးဆိုင်းတံတား (Cable Stayed Extra - Dosed Bridge) အမျိုးအစားတည်ဆောက်ထားခြင်းမှာ ဂျပန်နိုင်ငံအနေဖြင့် ပထမဦးဆုံးတည်ဆောက်ထားခြင်းဖြစ်ပြီး ဂျပန်နိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများ ဖြစ်သော ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့၌ တည်ဆောက်ခဲ့ကြောင်း၊ နည်းပညာအသစ်ဖြင့် တည်ဆောက်ထားသော တံတားသစ်တည်ဆောက်ထားမှုကြောင့် နိုင်ငံအတွင်းရှိ ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းနှင့် တံတားရေရှည်တည်တံ့စေရေးအတွက် ပြည်သူများအားလုံး ဝိုင်းဝန်းထိန်းသိမ်းသင့်ကြောင်း NIPPON KOEI Engineering Consultants မှ တံတားတည်ဆောက်ရေး တာဝန်ခံအင်ဂျင်နီယာ Kei KASAHARA က ပြောသည်။

အဆိုပါ ဒေါပုံတံတားသစ် တည်ဆောက်ရေး စီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဂျပန်နိုင်ငံ Nippon Koei ကုမ္ပဏီမှ Consultant အဖြစ် တာဝန်ယူပြီး The Consortium



ဦးကျော်လင်း (အင်ဂျင်နီယာချုပ်) တံတားဦးစီးဌာန

of Tokyu-Toyo-IIK (Tokyu Construction Co.,Ltd, Toyo Construction Co.,Ltd and IHI Construction Co.,Ltd) မှ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဧပြီလပိုင်းက စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ- မြင့်မောင်စိုး**

## လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း သဲကုန်းမြို့၌ ကျင်းပ

**သဲကုန်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) တွင် ဇွန် ၆ ရက် နံနက် ၉ နာရီခွဲက လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုသန့်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဇော်နိုင်ဦးနှင့် ဦးဇော်လင်းထိုက်တို့ကလည်းကောင်း၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး စိုးမိုးဦးနှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်ခိုင်ကျော့ကျော့စံတို့က လူငယ်နှင့် မူးယစ်ဆေး ခေါင်းစဉ်ဖြင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် သုံးစွဲမှုပပျောက်ရေး၊ မူးယစ်ဆေးဝါးလက်ဝယ်ထားရှိမှုနှင့် ပတ်သက်၍ ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း၊ မူးယစ်ဆေးစွဲသူများအား ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးပြစ်ဒဏ်များချမှတ်ခြင်းတို့ကို မူးယစ်ဆေးဝါးပပျောက်ရေး စီမံချက်များ ရေးဆွဲ၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# Mytel ၏ ထူးခြားကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုများနှင့် အဆင့်မြင့်နည်းပညာများ မိတ်ဆက်ပွဲကျင်းပ

**နေပြည်တော်  ဇွန်  ၁၀**

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ၏ စတုတ္ထမြောက် အော်ပရေတာတစ်ခုဖြစ်သော Telecom International Myanmar Company Limited(Mytel) ၏ထူးခြားကောင်းမွန်ပြည့်စုံသော ဝန်ဆောင်မှုများနှင့် အဆင့်မြင့် နည်းပညာများမိတ်ဆက်ပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Pullman Yangon, Centerpoint Hotel ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဗီယက်နမ်နိုင်ငံ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဝန်ကြီး ဌာန ဒုတိယဝန်ကြီး Mr. Nguyen Minh Hong က ဂုဏ်ပြုအမှာစကား ပြောကြား ပြီး Telecom International Myanmar Co. Ltd (Mytel) အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဗီယက်နမ်ပြည်သူ့တပ်မတော် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Senior Lieutenant General Tran Don နှင့် တာဝန်ရှိသူများသည် Mytel အမှတ်တံဆိပ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြပြီး နည်းပညာပြခန်းများအတွင်းရှိ ပညာရေးအထောက်အကူပြု ဝန်ဆောင်မှု၊ စိုက်ပျိုးရေး အထောက်အကူပြုဝန်ဆောင်မှု၊ ကျန်းမာရေး အထောက် အကူပြုဝန်ဆောင်မှုနှင့် အခြားအသုံးပြုနိုင်သည့် နည်းပညာဝန်ဆောင်မှုများအား လိုက်လံကြည့်ရှုကြသည်။ **(ယာပုံ)**

Telecom International Myanmar Company Limited (Mytel) ကို မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ Mytel သည် 2 G နှင့် 4 G စနစ်ကို အထောက်အပံ့ပေးထားပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် 4G ကွန်ရက်ကို ပံ့ပိုးပေးနိုင်သည့် တစ်ခုတည်းသော အော်ပရေတာဖြစ်သည်။ တစ်နိုင်ငံလုံးဖိုက်ဘာ ကေဘယ်လ်ကီလိုမီတာ ၃၀၀၀၀ တပ်ဆင်နိုင်ခဲ့၍ မြန်မာ တစ်နိုင်ငံလုံးရှိ Fiber Optic အခြေခံအဆောက်အအုံ တပ်ဆင်မှုအားလုံး၏ ၅၀ ရာခိုင်နှုန်းခန့်ကို ပံ့ပိုးပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံလူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်၊ မြို့ပေါင်း ၃၀၀ ကျော်ကို လွှမ်းခြုံနိုင်မည်ဖြစ်သည်။

ထို့အပြင်နောက်ဆုံးပေါ် VoLTE နည်းပညာကိုသုံးစွဲထားသဖြင့် သုံးစွဲသူများကို ဒေတာနှင့်အသံ တစ်ပြိုင်နက်တည်း အသုံးပြုနိုင်စေပြီး ပိုမိုကောင်းမွန်သော ကွန်ရက် အရည်အသွေးကို ရရှိနိုင်မည်ဖြစ်သည်။ Mytel SIM ကတ်စတင် သုံးစွဲမည့်သူများ အနေဖြင့် 1500 MB နှင့် မိနစ် ၁၅၀ အခမဲ့အသုံးပြုခွင့်ကိုလည်း ပထမသုံးလအတွင်း




အသုံးပြုနိုင်မည်ဖြစ်ပြီး ရိုးရှင်းသောငွေဖြတ်စနစ်ဖြစ်သည့် Charging Block 1s+ 1s ဖြင့် ဖုန်းခေါ်ဆိုရာတွင် ကြာမြင့်သည့်အချိန်လိုက်သာ ကောက်ခံမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်အတွက် ကြီးစွာအထောက် အကူပြုနိုင်သည့် ခေတ်မီလယ်ယာစိုက်ပျိုးရေး၊ ခေတ်မီပညာရေး၊ ခေတ်မီကျန်းမာရေး စောင့်ရှောက်မှုနှင့် Mytel ၏ စုံလင်လှသော အခြားဝန်ဆောင်မှုများကိုလည်း အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ Mytel 4G Sim Card နှင့် ငွေဖြည့်ကတ်များကို ယခုအခါနိုင်ငံအနှံ့ရှိ အမှတ်တံဆိပ်အရောင်းဆိုင်ပေါင်း ၅၀၊ တစ်ဆင့်အရောင်းဆိုင်ပေါင်း ၅၀၀၀၀ တွင် အဆင်ပြေ လွယ်ကူစွာ ဝယ်ယူအသုံးပြု နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်အဆောက်အအုံသစ်များ ဖွင့်ပွဲတက်ရောက်

**နေပြည်တော် ဇွန်  ၁၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေဖြင့် တည် ဆောက်ပြီးစီးခဲ့သည့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုး ရေး ဒီဂရီကောလိပ်၊ ရန်ကုန် သုံးထပ် ကျောင်းသူအိပ်ဆောင်၊ နှစ်ထပ်စား ရိပ်သာနှင့် နှစ်ထပ်စာကြည့်တိုက် အဆောက်အအုံသစ်များ ဖွင့်ပွဲအခမ်း အနားအား ဇွန် ၁၀ ရက် နံနက် ၉နာရီ တွင် အဆိုပါ ကျောင်းသူ အိပ်ဆောင် သစ်၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးများ၊ ပညာရေး နှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးသိန်းဌေးဦး၊ ကျောင်း



အုပ်ကြီး၊ ပါမောက္ခဆရာ၊ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း ဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် ရခိုင်တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး၊ ပညာရေးနှင့် လေ့ကျင့် ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းအုပ် ကြီးနှင့် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ခံ တို့မှ သုံးထပ်ကျောင်းသူ အိပ်ဆောင် သစ်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြ သည်။ **(ဝဲပုံ)**

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်က ကျောင်းသူ အိပ်ဆောင်သစ် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကာ အမွှေး နံ့သာရည်များ ပက်ဖျန်းပေးပြီး ဒီဂရီ ကောလိပ်၊ ကျောင်းအုပ်ကြီးဒေါက်တာ မင်းသန့်ထံသို့ သက်ဆိုင်ရာကုမ္ပဏီများမှ အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်း များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး နှင့်ဖိတ်ကြားထားသော ဧည့်သည်တော် များသည် တိုင်းရင်းသား ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် သုံးထပ်ကျောင်းသူ အိပ် ဆောင်၊ နှစ်ထပ်စားရိပ်သာနှင့် နှစ်ထပ် စာကြည့်တိုက်အတွင်းသို့ လှည့်လည် ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခ ဆရာ ဆရာမများ၊ ဝန်ထမ်း များ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ဝန်ထမ်း များနှင့် ကျောင်းသား ကျောင်းသူများ အား ထောက်ပံ့ငွေများ ပေးအပ်သည်။ ဒီဂရီကောလိပ် ရန်ကုန် ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် နယ်စပ်ဒေသအသီး သီးမှ တက်ရောက်ပညာသင်ကြား နေသော ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာ ကျောင်းသား ၈၅၆ ဦး၊ ကျောင်းသူ ၇၇ ဦးနှင့် မဟာကြိုကျောင်းသား ၁၁၆ ဦး စုစုပေါင်း ၁၀၄၉ ဦး တက်ရောက် သင်ကြားလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ နည်းပြများ၊ သင်တန်း သား၊ သင်တန်းသူများနှင့် တွေ့ဆုံအမှာ စကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။ ဆက်လက်၍ ကျောင်း အုပ်ကြီးနှင့် နည်းပြများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းဝင်း အတွင်း တည်ဆောက်ရေးလုပ်ငန်း များအား လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

ယင်းနောက် ရန်ကုန်အရှေ့ပိုင်း ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် စက် ယန္တရားများထားရှိသည့် သိုလှောင်ရုံ ရောက်ရှိပြီး သိုလှောင်ရုံအတွင်းရှိ စက်ယန္တရားများနှင့် လုပ်ငန်းခွင်ထုတ် ပေးထားရှိမှုအခြေအနေများ စက် ယန္တရား ထိန်းသိမ်းထားသိုမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြည် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ တရားရေးအရာရှိများနှင့်တွေ့ဆုံ

**မန္တလေး ဇွန်  ၁၀**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးခင်မောင်ကြည်သည် မန္တလေး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိုးသိန်းနှင့် တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ မန္တလေးခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်တရားသူကြီးများ၊ တရားရေးအရာရှိများအား ယမန်နေ့ နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေး ခန်းမ၌ တွေ့ဆုံ၍ တရားရေးဆိုင်ရာများ မှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အမှုများကို မှန်မှန်နှင့်မြန်မြန် စီရင်ဆုံးဖြတ်ရေး၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ တရားစီရင်ရေး မဏ္ဍိုင်တည့်မတ်ခိုင်မာရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုများဖြင့် ဆင့်ကဲဆင့်ကဲ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် မန္တလေးမြို့ လမ်း ၃၀ စုပေါင်းရုံးအတွင်းရှိ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် မန္တလေး ခရိုင်တရားရုံးတို့အား ကြည့်ရှုစစ်ဆေးပြီး အသစ်ဆောက်လုပ်နေသည့် ချမ်းမြ သာစည်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် အဆောက်အအုံနှင့် ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးခရိုင်တရားရုံး အဆောက်အအုံတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မုတ်သုံလေ အားအလွန်ကောင်းနေမည်

**နေပြည်တော်  ဇွန်  ၁၀**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုး ပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအား အလွန်ကောင်းနေမည်။

တစ်ပြည်လုံးတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**

# မွေခံထိုက်စေ

## အန်ကယ်ပညာ

**မိဘတို့က သားသမီးများအတွက်အမွေပေးခြင်းဟု ခေါ်ဆိုရမည့် ကာလတစ်ခုကို အစပြုခဲ့ပြန်ပါပြီ။ ဤကိစ္စကိုသာမန်အားဖြင့်ကြည့်လျှင် ဝတ္တရားရှိသည်နှင့်အညီဟုသာ မြင်နိုင်ကြမည်ဖြစ်သော်လည်း မိဘတို့၏ ရင်သို့ဝင်ကြည့်လျှင် အလွန်တရာလေးနက်နေမည့်အပြင် မင်္ဂလာတရားနှင့်နှိုင်းညှိကြည့်နိုင်မည်ဆိုလျှင်လည်း မင်္ဂလာမြောက်သည့် ကိစ္စဟုပင် ရှုမြင်နိုင်ကြပေလိမ့်မည်။**

အမွေဟုဆိုရာတွင် ပစ္စည်းဥစ္စာ၊ ပညာနှင့် ရောဂါကဲ့သို့သောမကောင်းသည့် ဆက်ခံရရှိမှုများလည်းပါပေမည်။ သို့ရာတွင် ဤအကြောင်းအရာ၌မင်္ဂလာမြောက်သည့်ကိစ္စကိုသာဖော်ပြလိုရင်းဖြစ်၍ မကောင်းသည့်ဆက်ခံရရှိမှုများကို ချန်လှပ်ထားခဲ့ပါမည်။ ကျန်သည့်အပိုင်းတွင်လည်း ပညာအမွေကိုသာဦးစားပေး၍ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဤတွင်လည်း မိဘလက်ငုတ်လက်ရင်းမဟုတ်သည့် ကျောင်းသင် ပညာအမွေကိုသာ ဆိုလိုရင်းဖြစ်ပါသည်။

### ပညာအမွေ

ဤသို့ဆိုလိုရခြင်းအကြောင်းရင်းမှာလည်း မည်မျှချမ်းသာကြွယ်ဝသူဖြစ်စေ၊ မည်မျှတတ်မြောက်ကျွမ်းကျင်သူဖြစ်စေ၊ မည်မျှဆင်းရဲနိမ့်ကျနုံချာနေသူဖြစ်စေ မိမိသားသမီးများအတွက် ပထမဦးစားပေး ဆောင်ရွက်ပေးလိုသည်မှာ စာသင်ကျောင်းများကရရှိမည့် ပညာအမွေပင်ဖြစ်ပါသည်။ ပြီးမှသာ ချမ်းသာကြွယ်ဝသူ၊ တတ်မြောက် ကျွမ်းကျင်သူတို့အနေဖြင့် ပစ္စည်းဥစ္စာနှင့် လက်ငုတ်လက်ရင်း လုပ်ငန်းပညာတို့ကို အမွေအဖြစ်ပေးတတ်ကြပေသည်။ သာမန်လူတန်းစားမိဘများအတွက်မူကား ၎င်းတို့ထားပေးနိုင်သည့် အတန်းပညာသည်သာ ၎င်းတို့၏အမွေဖြစ်နေပေ၏။ ဤသည်ပင်လျှင် မိဘက သားသမီးကိုပေးသည့်အမွေ၊ ပညာအမွေ မဟုတ်ပါလော။

ဤသို့ ပညာအမွေကိုပေးနိုင်ရန် မိဘတို့ကသားသမီးများကို စာသင်ကျောင်းများသို့ စေလွှတ်ကြရသည်။ အပ်နှံကြရသည်။ ဤသည်ကိုပင်ကျောင်းအပ်သည်ဟုဆိုကြ၏။ စင်စစ်အားဖြင့် ကျောင်းအပ်ဆိုသည့်ဝေါဟာရမှာမိဘကသားသမီးကို ပညာသင်ရန်အလို့ငှာ ကျောင်းရှိဆရာများထံ ယုံကြည်အားကိုးစွာ အပ်နှံခြင်းပင်ဖြစ်၏။ ဆရာတို့ကလည်း အသစ်အသစ်တို့ကိုလည်းကောင်း၊ အဟောင်းအဟောင်းတို့ကို လည်းကောင်း နှစ်စဉ်လက်ခံပေးကြ၏။ ဤသို့ပင်ပညာသင်နှစ်တစ်နှစ်ချင်းကို စတင်ကြ၏။ တစ်နှစ်တာ၏ပညာအမွေပေးခြင်းကိစ္စကိုဆောင်ရွက်ကြ၏။ ဤကာလသည် ဤတစ်နှစ်တာအတွက် အစနိဒါန်း တာလွှတ်ချိန်ဖြစ်လေသတည်း။

### အစရှိလျှင်အဆုံးရှိရမည်

ဖြစ်စဉ်တို့၏သဘောအရ အစရှိလျှင် အဆုံးရှိရမည်။ နိဒါန်းချီလျှင်နိဂုံးချုပ်ရမည်။ တာလွှတ်ချိန်ရှိလျှင် ပန်းဝင်ချိန်ရှိရပေမည်။ သို့ရာတွင် သားသမီးအချို့က ဤသည်တို့၏ ကြားကာလမှာ တစ်နှစ်တာဖြစ်နေ၍ အလုမ်းဝေးဝေးခပ်အေးအေးဟုသာ သဘောထားတတ်ကြပေသည်။ ထို့အပြင် ပညာသင်ကြားခြင်းသည် မိဘတို့က အမွေပေးနေခြင်းဖြစ်သည်ဆိုသည်ကို သိရှိနားလည်နိုင်ကြဦးမည် မဟုတ်ပေ။ ဤသို့နှင့် တစ်နှစ်ပြီးတစ်နှစ် အချိန်ကာလတို့ကုန်ဆုံးသွားသော်လည်း အလယ်တန်း ပြီးဆုံးချိန်တွင်ပင် ကိုယ့်အကြောင်းကိုယ်ကောင်းစွာမရေးနိုင်သူများ၊ အထက်တန်းသို့ရောက်လာသော်လည်း အလယ်တန်းစာမကျေသူများ ရှိနေကြသည်ဟူသည့် ပြောဆိုညည်းညူသံများ ဆရာတို့ထံက ထွက်ပေါ်လာရပေသည်။ ထိုသို့သော သားသမီးတို့အနေဖြင့် မိဘတို့ပေးလိုသည့် ပညာအမွေဆိုသည်ကို ဆက်ခံနိုင်ကြပါမည်လား။

### တန်ဖိုးရှိတဲ့ပညာအမွေ

ဤနေရာတွင် သားသမီးတို့အနေဖြင့် ပညာသင်ကြားခြင်းကို မိဘ၏အမွေဟု မသိနားမလည်ခြင်းသည် ပြဿနာမဟုတ်ကြောင်းပြောလိုပေသေးသည်။ သူတို့အသက်အရွယ်နှင့်သိနိုင်ဦးမည်လည်းမဟုတ်သလို ရှင်းပြနေ၍လည်း နားလည်ဦးမည်မဟုတ်ပေ။ သိရှိနားလည်ပြီးဖြစ်သည့်မိဘတို့ကသာ သားသမီးတို့ကိုအမွေခံထိုက်သူများဖြစ်လာအောင် လမ်းညွှန်ကြပ်မတ်ပေးနိုင်ဖို့လိုပေလိမ့်မည်။ တစ်နေ့စာတစ်နေ့ ၊ တစ်လစာတစ်လ၊ တစ်နှစ်စာတစ်နှစ် တတ်မြောက်သွားအောင်ကြပ်မတ်ပေးနိုင်လျှင် နောင်တစ်ချိန်တွင် ငါတို့မိဘက တန်ဖိုးရှိတဲ့ပညာအမွေကိုပေးအပ်ခဲ့တာပဲဆိုသည့် အသိတရား အလိုလိုရသွားကြမည်သာ။

ပညာအမွေကိုရရှိသွားသူများအနေဖြင့် ထိုပညာ၏အစွမ်းဖြင့်ပင် လောကအလယ်တွင် ရဲရင့်တင့်တယ်စွာရပ်တည်နိုင်ကြပေလိမ့်မည်။ အတွေးအခေါ် အယူအဆ အဆုံးအဖြတ်တို့တွင် မှန်ကန်သည့်ဘက်က ရပ်တည်နိုင်အောင် ထိုပညာကပင် ရှေ့ဆောင်၍ လမ်းပြသွားပေလိမ့်မည်။ မိဘတို့ပေးလိုသည့်ပညာအမွေသည်လည်း

> **"အမွေတစ်ခုပေးရာတွင် ဆက်ခံမည့်သူ၊ လက်ခံမည့်သူရှိနေရမည်ဖြစ်ပြီး ထိုသူတွင် ဆက်ခံနိုင်စွမ်းလက်ခံနိုင်သည့် အရည်အချင်းနှင့် ပြည့်စုံရန်အရေးကြီးပါသည်၊ သို့မှသာ ပေးရကျိုး၊ လက်ဆင့်ကမ်းရကျိုး နပ်ပေလိမ့်မည်၊ ပေးဝေသူနှင့် လက်ခံသူနှစ်ဦးနှစ်ဝ ဝမ်းမြောက်နိုင်ကြပေလိမ့်မည်"**

ထိုသို့သော အရည်အချင်းများနှင့်ပြည့်စုံသည့် အမွေပင်ဖြစ်မည်ထင်ပါသည်။ လက်ဆုပ်လက်ကိုင်မပြနိုင်သော်လည်း စွမ်းအားကြီးလှသည့်အမွေဖြစ်ပေသည်။

### လိုက်နာကျင့်သုံးရမည့်ဝတ္တရားများ

ဆက်လက်၍ ပညာအမွေပေးအပ်ခြင်းနှင့် သက်ဆိုင်သူတို့ လိုက်နာကျင့်သုံးရမည့် ဝတ္တရားများမှ ပညာနှင့်သက်ဆိုင်သည့်အချက်များ၏ ယှက်နွယ်သက်ဆိုင်နေပုံကို ဖော်ပြလိုပေသေးသည်။ ဤတွင် အမွေပေးသည့်မိဘ၊ အမွေဆက်ခံမည့်သားသမီး၊ အမွေရအောင်လုပ်ပေးသည့်ဆရာဟူသည့် သုံးမျိုးကို တွေ့ရပေမည်။ သင်ကြားရေးဆိုင်ရာကို ဦးစားပေးလိုရင်းမဟုတ်၍ မိဘ၊ ဆရာ၊ ကျောင်းသားဟူသည့်ပညာရေးတြိဂံကိုဖော်ညွှန်းနေခြင်းမဟုတ်ပါ။ အမွေကိစ္စဖြစ်၍ မိဘ၊ သားသမီး၊ ဆရာဟုသာ ဖော်ပြလိုပါသည်။

အမွေတစ်ခုပေးရာတွင် ဆက်ခံမည့်သူ ၊ လက်ခံမည့်သူရှိနေရမည်ဖြစ်ပြီး ထိုသူတွင် ဆက်ခံနိုင်စွမ်း လက်ခံနိုင်သည့်အရည်အချင်းနှင့် ပြည့်စုံရန်အရေးကြီးပါသည်။ သို့မှသာ ပေးရကျိုး၊ လက်ဆင့်ကမ်းရကျိုးနပ်ပေလိမ့်မည်။ ပေးဝေသူနှင့် လက်ခံသူနှစ်ဦးနှစ်ဝ ဝမ်းမြောက်နိုင်ကြပေလိမ့်မည်။သို့ဖြစ်၍ အမွေဆက်ခံမည့်သားသမီးတို့လိုက်နာရမည့်ကျင့်ဝတ်ကို ဦးစွာဖော်ပြအပ်ပါသည်။

### လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်

"ကျေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်"ဟူသည့်အချက်တို့သည် သားသမီးတို့အနေဖြင့်မိဘတို့အပေါ် လိုက်နာကျင့်သုံးရမည့် ကျင့်ဝတ်တို့ဖြစ်ပါသည်။ ထို့အပြင် ထိုငါးချက်သည် မိဘတို့က သားသမီးတို့အပေါ်ထားရှိသော ကြီးမားသည့်မျှော်လင့်ချက်များလည်းဖြစ်၏။ အိုမင်းမစွမ်းဖြစ်လာချိန်၊ သားသမီးတို့နှင့်အပြီးတိုင်ခွဲခွာမသွားကြမီအချိန်နှင့် ခွဲခွာပြီးချိန်များတွင် မိဘတို့အနေဖြင့် ဖြစ်စေချင်သော ဆန္ဒာဓိပတိများဖြစ်ကြပါသည်။ သို့ဖြစ်၍ သားသမီးဝတ်ဟုဆိုသော်လည်း သားသမီးတို့အပေါ်ထားရှိသည့် မိဘတို့၏ဆန္ဒဟုလည်းရှုမြင်တတ်ရပေမည်။ ထိုကျင့်ဝတ်တို့တွင် အမွေနှင့်သက်ဆိုင်သည့် အချက်ကိုရှာလျှင် "မွေခံထိုက်စေ"ဆိုသည့်အချက်ကို တွေ့ရပေမည်။

"မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်"ဟူသည့် မိဘဝတ်ငါးပါးသည်ကား မိဘတို့နှင့်သာသက်ဆိုင်သည့် ဝတ္တရားများဖြစ်ကြလေသည်။ သားသမီးဝတ်ကဲ့သို့ အစုန်အဆန်သဘောရောနှောမနေဘဲ အစုန်သက်သက်ဖြစ်၍နေလေ၏။ မိဘနှင့်သားသမီးတို့၏ ဆက်ဆံရေးဖြစ်၍ ဤသို့သော သဘောသက်ရောက်နေသည်မှာလည်း သဘာဝကျသည်ဟု ဆိုချင်မိပါသည်။ထိုကျင့်ဝတ်တွင် ပညာအမွေနှင့်သက်ဆိုင်နေသည့်အချက်မှာ "အတတ်သင်စေ"ဆိုသည့်အချက်ဖြစ်ပါသည်။

ထို့အပြင် "အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"ဟူသည့် ဆရာ့ဝတ်များသည်လည်း တပည့်များအတွက် သက်သက်ချည်းသာဖြစ်နေကြောင်းတွေ့ရပြန်သည်။ ထူးခြားချက်မှာ ထိုအချက်အားလုံးသည် ပညာအမွေနှင့်သက်ဆိုင်နေပြီး သားသမီးများပညာအမွေရစေရန် ဆရာများ၏ အားကောင်းသောအထောက်အပံ့တို့လည်း ဖြစ်ပြန်ပါသည်။

### မွေခံထိုက်စေ

ဤကာလသည် ဤတစ်နှစ်တာအတွက် ပညာအမွေပေးခြင်းကိစ္စ၏ အစနိဒါန်း တာလွှတ်ချိန်ဟုဖော်ပြခဲ့ပါသည်။ဤသို့ မိဘတို့ကပညာအမွေပေးနိုင်ရန် "အတတ်သင်စေ"ဆိုသည့် ကျင့်ဝတ်နှင့်အညီ သားသမီးတို့ကို ဆရာတို့ထံ အပ်နှံခဲ့ကြပါသည်။ ဆရာတို့ကလည်း ထိုသားသမီးများပညာအမွေရရှိစေရန် ကျင့်ဝတ်ငါးပါးနှင့်အညီ အထောက်အပံ့ကောင်းတို့ကိုတစ်နှစ်တာလုံးပေးကြပေလိမ့်မည်။

သို့ရာတွင် အမွေကိစ္စမှာ မိဘနှင့်သားသမီးတို့သည်သာ တိုက်ရိုက်သက်ဆိုင်ကြသူများဖြစ်ကြပေရာ ထိုအမွေကို "မွေခံထိုက်စေ"ရန်ကိစ္စမှာလည်း ထိုနှစ်ဦးသည်သာ အခရာဖြစ်ကြပေလိမ့်မည်။

သို့ဖြစ်၍ ဤသို့သောတစ်နှစ်တာ၏ အစမှသည် တစ်နေ့ချင်း၊ တစ်ပတ်ချင်း၊ တစ်လချင်း၊ တစ်နှစ်ချင်း လေးနက်စွာဖြတ်သန်းကြရင်း အမွေခံထိုက်သူများဖြစ်အောင် အမွေခံကောင်းများဖြစ်အောင် သွန်သင်ကြပ်မတ် ကြိုးစားလိုက်နာဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ပေးအပ်သည့်ပညာအမွေ မွေခံထိုက်နိုင်ကြပါစေ။ ။

---

# မြန်မာနိုင်ငံခရီးသွားကွန်ဖရင့်တွင် တိုင်းရင်းသားများအားလုံး ခရီးသွားစီးပွားအကျိုးကို မျှတစွာရရှိခံစားနိုင်ရေး ဆွေးနွေးအဖြေရှာသွားမည်

**ရန်ကုန် ဇွန် ၁၀**

ပထမအကြိမ်ကျင်းပသည့် မြန်မာနိုင်ငံခရီးသွားကွန်ဖရင့်တွင် မြန်မာနိုင်ငံခရီးသွားကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ရရှိလာသည့် အသီးအပွင့်များအား တိုင်းရင်းသားပြည်သူများအားလုံး မျှတစွာ ရရှိခံစားနိုင်ရေး white paper စာတမ်းဖြင့် တင်ပြဆွေးနွေး အဖြေရှာသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာလှူမွန်က ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် ကျင်းပသည့် မြန်မာနိုင်ငံခရီးသွား လုပ်ငန်းကွန်ဖရင့်-၂၀၁၈ အကြိုသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အဆိုပါ white paper စာတမ်းတွင်ပါဝင်သည့် အချက်ခြောက်ချက်မှာ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရှိ ခရီးစဉ်ဒေသများတွင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှု အဖွဲ့အစည်းများထားရှိရေးဆိုင်ရာအကြံပြုလွှာ- DMOနှင့် ပူးတွဲ၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာ အမြင်သဘောထားကောက်ခံခြင်း၊ မြန်မာနိုင်ငံခရီးစဉ်ဒေသယှဉ်ပြိုင်နိုင်မှုစွမ်းအား တိုးတက်လာစေရန်အတွက် ခရီးသွားဈေးကွက်မြှင့်တင်ရေးဆိုင်ရာ အကြံပြုလွှာ -DCMS နှင့် ပူးတွဲပါ Tourism –TVET Development & Capacity Building Presentation၊ မြန်မာ့ခရီးသွားလုပ်ငန်းရှိ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ အကြံပြု တင်ပြလွှာ- SME၊ ယနေ့မြန်မာ့ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွန်ကောက်ခံခြင်းဆိုင်ရာ အကြံပြုလွှာ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများနှင့် အခွင့်အလမ်းများဆိုင်ရာ အကြံပြုတင်ပြလွှာများ ပါဝင်သည့် အချက်ခြောက်ချက်ကို ဆွေးနွေးတင်ပြကာ အဖြေရှာသွားမည်ဖြစ်ပြီး နေပြည်တော် သဘောတူညီချက် (Nay Pyi Taw Accord) ကိုလည်း ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ကွန်ဖရင့် ကျင်းပခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများမှာ ခရီးသွားလုပ်ငန်း တိုးတက်မှုအပေါ်တွင် ပြည်ထောင်စုအစိုးရ တိုင်းဒေသကြီးအစိုးရ/ပြည်နယ်များနှင့် တိုင်းရင်းသားပြည်သူများအားလုံးက ယုံကြည်လက်ခံ၍ အလေးထားလာစေရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ဆောင်ရွက်မှုအပေါ်တွင် Stakeholders များမှ လေးစားလက်ခံ၍ ပူးပေါင်းလာစေရန်၊ Public-Private-Partnership အားကောင်းလာစေရန်၊ ညီနောင်အသင်းအဖွဲ့များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရန်၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းမှ ရရှိလာသည့် အသီးအပွင့်များအား တိုင်းရင်းသားပြည်သူများအားလုံး မျှတစွာခံစားနိုင်စေရန် လက်တွေ့အသုံးချ၍ အကျိုးရှိစေသော ခရီးသွားကဏ္ဍဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် တင်ပြဆွေးနွေးကာ အဖြေရှာသွားမည်ဖြစ်သည်။

"White paper အကြံပြုလွှာများကနေ ဝန်ကြီးဌာနကရေးဆွဲထားတဲ့ Myanmar Tourism Master Plan (2013-2020) ကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုစေပြီး လက်တွေ့ကျတဲ့ ဆုံးဖြတ်ချက်တွေလုပ်နိုင်ဖို့ ဒီစာတမ်းကနေ အထောက်အပံ့ပြုမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာလှူမွန်က ပြောကြားသည်။

ငြိမ်းချမ်းရေးရပြီး ဖြစ်သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒေသများဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် တည်ငြိမ်အေးချမ်းလာသည့်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးမှု၊ ခရီးသွားလုပ်ငန်း အသိပညာရပ်များ အသိပညာပေးမှုနှင့်အတူ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာပြီး ကျန်ရှိသေးသည့် မြန်မာနိုင်ငံမြောက်ပိုင်းနယ်စပ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းနယ်စပ်မှ တိုင်းရင်းသားဒေသများတွင်လည်း ငြိမ်းချမ်းမှုနှင့်အတူ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းညွှန်ကြားမှုဦးစီးဌာနရုံးခွဲများ ဖွင့်လှစ်၍ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့် ခရီးသွားလုပ်ငန်းလိုင်စင်များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းလိုင်စင်များ၊ ခရီးသွားဧည့်လမ်းညွှန်လိုင်စင်များ၊ ခရီးသွားသယ်ယူပို့ဆောင်ရေးယာဉ်လိုင်စင်များ စသည့် လိုင်စင်လေးမျိုးကို ခွင့်ပြုဆောင်ရွက်လျက်ရှိပြီး ခရီးသွား stakeholder အသင်းများကလည်း သင်တန်းများပေးခြင်း၊ ခရီးသွားလုပ်ငန်းအသိပညာများပေးကာ ဆောင်ရွက်နေကြောင်း ဟိုတယ်နှင့် ခရီးသွားဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနိုင်ဝင်းက ပြောသည်။

မြန်မာနိုင်ငံခရီးသွားကွန်ဖရင့် နံနက်ပိုင်းတွင် ခရီးသွားဖွံ့ဖြိုးရေးအဖြေရှာခြင်း၊ တက်ရောက်လာသည့် National Tourism Authority အကြီးအကဲများထံတင်ပြကာ ဆုံးဖြတ်ချက်ချခြင်း၊ Nay Pyi Taw Accord ကို ကြေညာခြင်းနှင့် ညနေပိုင်းတွင် သတင်းစာရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကွန်ဖရင့်ကို လာမည့်နှစ်များတွင်လည်း ဆက်လက်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်ဇင်မင်း**-MNA

# ဂျီနီဗာမြို့၌ ကျင်းပသည့် ၁၀၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၀**

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် မေ ၂၈ ရက်မှ ဇွန် ၈ ရက်အထိကျင်းပမည့် ၁၀၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့သည် ဂျီနီဗာမြို့သို့ ဇွန် ၃ ရက်တွင် ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၄ ရက်တွင် ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် ညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဇွန် ၅ ရက် နံနက်ပိုင်းတွင် အာဆီယံအလုပ်သမားဝန်ကြီးများ၏ အလွတ်သဘော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် ညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားရာ၌ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ကမ္ဘာတစ်ဝန်းရှိ အလုပ်သမားများအတွက် အလုပ်သမားအခွင့်အရေး အပြည့်အဝရရှိခံစားနိုင်ရန် ရာစုနှစ်တစ်ခုကြာ ဆောင်ရွက်ခဲ့မှုများနှင့် ကုလသမဂ္ဂ၏ Sustainable Development Goals များ အောင်မြင်စေရန် ဆောင်ရွက်နေမှုများကို ကျေနပ်ဝမ်းမြောက်မိကြောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တင်သွင်းခဲ့သည့် The Women at Work Initiative: the Push for Equality အမည်ရှိ အစီရင်ခံစာသည် လက်ရှိအခြေအနေနှင့် ကိုက်ညီသည့်အပြင် ရှေ့ဆက်ဆောင်ရွက်ရန်အချက်များကို မီးမောင်းထိုးပြခဲ့သည့်အတွက် ကျား/မ တန်းတူညီမျှရေးအား နိုင်ငံ၏ ရည်မှန်းချက်အဖြစ်ထားရှိပြီး လက်ရှိဆောင်ရွက်နေမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်ကို လက်ခံကျင့်သုံးသည့် နိုင်ငံဖြစ်၍ ပြဋ္ဌာန်းချက်ပါအချက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မူဝါဒချမှတ်ဆောင်ရွက်နေကြောင်း၊ မိမိနိုင်ငံ ဥပဒေများတွင် ကျား/မ ရှုထောင့်ကို ထည့်သွင်းစဉ်းစား၍ ရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ILO အပါအဝင် လူမှုရေး မိတ်ဖက်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ နည်းပညာအကူအညီဖြင့် ဆောင်ရွက်နေကြောင်း၊ အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သည့် သုံးပွင့်ဆိုင်အမျိုးသားအဆင့် ဆွေးနွေးပွဲများ (၁၀)ကြိမ်တိုင် ကျင်းပနိုင်ခဲ့ပြီး သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာ မြန်မာနိုင်ငံအစီအစဉ် (၂၀၁၈-၂၀၂၁)နှင့် အလုပ်သမားကဏ္ဍအတွက် ရှေ့လုပ်ငန်းစဉ် ငါးရပ်ချမှတ်နိုင်ခဲ့ကြောင်း၊ ကြုံတွေ့ရမည့် စိန်ခေါ်မှုများနှင့်အခက်အခဲများကို ကျော်လွှားနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ အိုင်အယ်လ်အို ရုံးချုပ်၌ ဇွန် ၅ရက်တွင် ကျင်းပသည့် Committee on the Application of Standards အစည်းအဝေး၌ Freedom of Association and Protection of the Right to Organize Convention, 1948 (No.87) လိုက်နာကျင့်သုံးမှုနှင့်ပတ်သက်၍ မြန်မာအစိုးရ၏ဆောင်ရွက်ထားရှိမှုအခြေအနေကို မြန်မာအမြဲတမ်းကိုယ်စားလှယ်နှင့် အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်တို့က ရှင်းလင်းဆွေးနွေးတင်ပြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၆ ရက် နံနက်ပိုင်းတွင် Action Collaboration Transformation (ACT) မှ Executive Director Dr.Frank Hoffer နှင့် အဖွဲ့အား လက်ခံတွေ့ဆုံပြီး အထည်ချုပ်လုပ်ငန်းကဏ္ဍ တိုးတက်စေရန် နိုင်ငံတကာ ကုန်အမှတ်တံဆိပ်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အလုပ်သမားများ၏ စွမ်းဆောင်ရည်နှင့် ကုန်ထုတ်စွမ်းအားတိုးတက်စေရေး ညှိနှိုင်းဆောင်ရွက်ပေးရန် အပါအဝင် ACT အဖွဲ့မြန်မာနိုင်ငံသို့လာရောက်ပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရတို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆွစ်ဇာလန်နိုင်ငံ State Secretary နှင့် Chief of the Labour Division Mr. BorisZurcher ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေမှုများကို လေးနှစ်တာ ကာလအထိ တိုးချဲ့ဆောင်ရွက်ရေးနှင့် ဆောင်ရွက်မည့် ဦးစားပေးနယ်ပယ်များ သတ်မှတ်ရေး၊ အလုပ် အကိုင်နေရာချထားရေး၊ အလုပ်သမားရေးရာ ကိန်းဂဏန်းများ ကောက်ယူရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစသည့် နယ်ပယ်များတွင် အကူအညီပေးရေး၊ အလုပ်သမားဈေးကွက်နှင့် အလုပ်သမားရေးရာကိစ္စရပ်များအား မြန်မာနိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွစ်ဇာလန်နိုင်ငံမှ သုံးပွင့်ဆိုင်ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့ လာရောက်မည့်ကိစ္စတို့အားဆွေးနွေးသည်။

ယင်းနောက် အမေရိကန်နိုင်ငံမှ Associate Deputy Undersecretary, Mr. Mark Mittelhauser ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ကျင်းပခဲ့သည့် ၃ ကြိမ်မြောက် Stakeholder Forum နောက်ပိုင်း အလုပ်သမားရေးရာဖြစ်ပေါ်တိုးတက်မှုများ၊ အလုပ်သမား ဥပဒေများပြင်ဆင်ရာတွင် အစိုးရ၊ အလုပ်ရှင်၊အလုပ်သမားသုံးပွင့်ဆိုင် ဆွေးနွေးချက်များနှင့် နိုင်ငံတကာစံများနှင့် ကိုက်ညီစေရေး ဆွေးနွေးသည်။

၁၀၇ ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ အဆင့်မြင့် အရာရှိများ၊ အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်နှင့် ယင်းတို့၏ အကြံပေးပုဂ္ဂိုလ်များ ပါဝင်တက်ရောက်ခဲ့ပြီး ဇွန် ၉ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် မြစ်ငယ်မြို့ရှိစက်ရုံများနှင့် ရွာထောင်ဒီဇယ်လျှပ်စစ်စက်ခေါင်း စက်ရုံတို့အား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဇွန် ၈ ရက် မွန်းလွဲပိုင်း၌ မန္တလေးတိုင်းဒေသကြီး မြစ်ငယ်မြို့ရှိ အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည့် ကုန်းတွင်းဆိပ် (Dry Port) တည်ဆောက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် KM Terminal Logistics Limited ကုမ္ပဏီ ရှင်းလင်းဆောင်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းစတင်ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် စက်ရုံဝင်းအတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများအား ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ KM Terminal Logistics Limited ကုမ္ပဏီသည် ကုန်သေတ္တာရထားတွဲများ ပြေးဆွဲကာ ကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံအတွင်းရှိ လုပ်ငန်းဆောင်ရွက်နေမှု အဆင့်ဆင့်အား ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစက်ရုံသည် မြန်မာ့မီးရထားအတွက် လိုအပ်လျက်ရှိသော လူစီးတွဲများ အရေအတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ မြန်နှုန်းမြင့် ပြေးဆွဲနိုင်ပြီး ပိုမိုငြိမ့်ညောင်းစိတ်ချရသော လူစီးတွဲသစ်များ တည်ဆောက်နိုင်ရေး၊ လက်ရှိစက်ရုံကြီး နှစ်ရုံတွင် တည်ဆောက်ထားသော စက်များမှာ ၂၅ နှစ်ကျော် ကြာမြင့်ပြီး စွမ်းရည်ကျဆင်းနေခြင်းကို စက်အသစ်များ၊ ဒီဇိုင်းသစ်များ၊ နည်းပညာသစ်များဖြင့် ခေတ်မီတွဲများ တည်ဆောက်နိုင်ရေး စသည့်ရည်ရွယ်ချက်များကြောင့် တည်ဆောက်ခြင်းဖြစ်ပြီး စက်ရုံလုပ်ငန်းရာနှုန်းပြည့် ပြီးစီးသွားပါက စက်ရုံသစ်၏ ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်နှစ်လျှင် လူစီးတွဲ ၁၂၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကွန်ကရစ်ဇလီဖားစက်ရုံ (မြစ်ငယ်) သို့ ရောက်ရှိရာ စီမံကိန်းတာဝန်ခံက ကွန်ကရစ်ဇလီဖားထုတ်လုပ်ပုံအဆင့်ဆင့်၊ ကွန်ကရစ်ဇလီဖားတုံး၏ ခံနိုင်ရေစံနှုန်း၊ လက်ရှိ ကွန်ကရစ်ဇလီဖားများ ထုတ်လုပ်ထားမှုအခြေအနေများအား လိုက်လံရှင်းလင်းပြသရာ ပြည်ထောင်စုဝန်ကြီးမှ ယခုထုတ်လုပ်နေသော ကွန်ကရစ်ဇလီဖားများသည် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းတွင် အသုံးပြုမည်ဖြစ်၍ 20 Tons Axileload အထိ တိုးမြှင့်ပြေးဆွဲနိုင်ရေးအတွက် အရည်အသွေးကောင်းမွန်ပြီး သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး၊ သတ်မှတ်ကာလအတွင်း သတ်မှတ်အရေအတွက် ထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းအန္တရာယ်ကင်းရှင်းရေးတို့အား မှာကြားခဲ့သည်။

ဇွန် ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဇယ်လျှပ်စစ် စက်ခေါင်းစက်ရုံ (ရွာထောင်)သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ တိုင်းအမှတ် နှစ်ရွာထောင် ရှိ အရာထမ်း၊ အမှုထမ်းအား မှာကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ်၌ နှစ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၆၀ ခန့်ရှိ

**ဘားအံ ဇွန် ၁၀**

ကရင်ပြည်နယ်အတွင်း၌ နှစ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါ ၆၀ ခန့်ဖြစ်ပွားနေပြီးဖြစ်ကြောင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဌာနမှူး ဒေါက်တာထွန်းမင်းက ပြောသည်။

"ကျွန်တော်တို့ ပြည်နယ်အတွင်းမှာ ဧပြီလကနေ မေလအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားတာ ၆၀ ခန့်အထိရှိနေပြီး ဖြစ်ပွားတဲ့နေရာက ဘားအံ၊ လှိုင်းဘွဲ၊ ကော့ကရိတ်နဲ့ မြဝတီမြို့နယ်တွေမှာ ဖြစ်ပွားနေပါတယ်၊ အများဆုံးကူးစက်ခံရတာကတော့ ဘားအံမြို့နယ်ဖြစ်ပါတယ်၊ အနည်းဆုံးကတော့ ဖာပွန်နဲ့ သံတောင်ကြီးမြို့နယ်တွေ့ဖြစ်တယ်"လို့ ၎င်းက ပြောသည်။

ကရင်ပြည်နယ်အတွင်း၌ ၂၀၁၇ ခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၇၅၇ ဦးရှိခဲ့ပြီး ၎င်းဖြစ်ပွားသူများအနက် တစ်ဦးမှာ သေဆုံးခဲ့ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရခြင်းသည် ခြင်ကိုက်ခံရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

ယခင်က သွေးလွန်တုပ်ကွေးရောဂါသည် မိုးဦးကျမှာသာ ဖြစ်ပွားလေ့ရှိပြီး နောက်ပိုင်းတွင် တစ်နှစ်ပတ်လုံး ရောဂါဖြစ်ပွားလာကာ ဇူလိုင်၊ ဩဂုတ်လများတွင် အမြင့်ဆုံးဖြစ်ပွားလေ့ရှိပြီး အသက် ၁၅ နှစ်အောက် ကလေးငယ်များတွင် အများဆုံး ဖြစ်ပွားလေ့ရှိကြောင်း ဒေါက်တာထွန်းမင်းက ရှင်းပြသည်။

"သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားဖို့အတွက် ပညာရေးဌာန၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတွေနဲ့ ကျန်းမာရေးဌာနတွေနဲ့ပူးပေါင်းပြီးတော့ ခြင်ကိုက်မခံရအောင် ရောဂါမဖြစ်ပွားဖို့အတွက် ကြိုတင်ကာကွယ်နည်းတွေ၊ အသိပညာပေးဟောပြောမယ်၊ ဖုံး သွန် လဲ စစ် လုပ်မယ်၊ အဘိတ်ဆေးတွေခတ်ပေးမယ့်လုပ်ငန်းတွေ ခြင်ဆေးဖျန်းတာတွေကို စာသင်ကျောင်း၊ ရပ်ကွက်ကျေးရွာတွေမှာ ပြုလုပ်ဆောင်ရွက်သွားမှာဖြစ်တယ်"လို့ ၎င်းကပြောသည်။

ရပ်ကွက်ကျေးရွာအတွင်း ရောဂါဖြစ်ပွားမှုမရှိအောင် ခြင်ပိုးလောက်လမ်းပေါက်ပွားနိုင်သောနေရာများကို ဖယ်ရှားရှင်းလင်းရန် လိုအပ်ကြောင်း ရေအိုး၊ ပန်းအိုးရေစည်များကို အချိန်မှန်မှန်လဲပေးရန်လိုကြောင်း၊ အလင်းဝင်ရောက်နိုင်အောင်လည်း ပြုလုပ်ရန်လိုအပ်ကြောင်း၊ နေ့လယ်ပိုင်းအိပ်ချိန်တွင်လည်း ခြင်ထောင်ထောင်အိပ်ရန်လိုအပ်ကြောင်း သိရသည်။

အဆိုပါရောဂါသည်အဖျားကြီးခြင်း၊ အန်သည့်အခါ သွေးစများ ပါလာခြင်း၊ မှိန်းနေခြင်းစသည့် လက္ခဏာများဖြစ်ပေါ်လေ့ရှိကြောင်း သွေးလွန်တုတ်ကွေးရောဂါဖြစ်ပွားမှုသည် တစ်နိုင်ငံလုံးအနေဖြင့် လူဦးရေများသောဒေသ၊ မိုးများသော တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ပိုပြီး အဖြစ်များလေ့ရှိကြောင်း ရောဂါကာကွယ်ဆေးကို ပြည်ပနိုင်ငံများ၌ အသက်ကိုးနှစ်အထက်ရှိသူများကို စတင်ထိုးပေးနေပြီးဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ရေဦးမြို့တွင် ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ဖွင့်ပွဲစည်ကားသိုက်မြိုက်စွာကျင်းပ

**ရေဦး ဇွန် ၁၀**

ရေဦးမြို့နယ်သူမြို့နယ်သားများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်း ပုံတူကြေးရုပ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကြေးရုပ်ရင်ပြင်၌ ကျင်းပခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ ဒုဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာန ဆိုင်ရာများ၊ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက် ကြသည်။

ရှေးဦးစွာ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ် ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စား လှယ် ဦးမြင့်ထွေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်၊ မြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ညွန့်ဆွေ၊ အလှူ ရှင်များကိုယ်စား ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်တို့က ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်မှန်ဦးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကြေးရုပ်တုကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။




ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့က ဗိုလ်ချုပ်ကြေးရုပ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ် စိတ်ဓာတ်များကို နောင်အနာဂတ်လူငယ်လူရွယ်များ အားကျ ဂုဏ်ယူ အတုယူနိုင်ရန် ဗိုလ်ချုပ်ကြေးရုပ်တုကို ရေဦးမြို့တွင် စိုက်ထူဂုဏ်ပြုကြခြင်းမှာ ရေဦးမြို့နယ်သူ မြို့နယ်သားများ၏ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းဆောင်ရွက် နိုင်ခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ပြည်သူလူထုပါဝင်သော ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်တစ်ခုဖြစ်ခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံ တော်တည်ဆောက်ရာတွင်ပြည်သူကလည်း ပြည်သူ့တာဝန်၊ အစိုးရကလည်း အစိုးရတာဝန် အသီးသီးရှိကြောင်း။ တာဝန် ယူမှု၊ တာဝန်ခံမှု ပွင့်လင်းမြင်သာမှုများ ရှိကြမှာဖြစ်သလို ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ နိုင်ငံ့ခေါင်းဆောင်များ ပေါ်ပေါက် စေရန်အလို့ငှာ ဗိုလ်ချုပ်ကြေးရုပ်တုများ တည်ဆောက်စိုက်ထူ ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါကြေးရုပ်ကို အောင်မင်္ဂလာရပ်ကွက် မုံရွာ - ရေဦး ကားလမ်း မိုင်တိုင်အမှတ်(၁၃၈/၀)လမ်းဆုံနေရာနှင့် ရေဦး-ကလေးဝကားလမ်း မိုင်တိုင်အမှတ် (၀/၀)၏ အရှေ့ဘက် (၀ ဒသမ ၈)ကေရှိမြေနေရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုပေးထားမှုဖြင့် တည်ဆောက်ထားရှိသည်။ ပင်လုံစာချုပ် ကို ကိုင်ဆောင်ထားသည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ် အမြင့်မှာ ၁၂ ပေ၊ ကြေးပိဿာချိန် ၅၀၀ ရှိပြီး စုစုပေါင်းကုန်ကျ ငွေကျပ် ၄၈၄ သိန်း ကုန်ကျခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# အစိုးရနှင့်ပြည်သူပူးပေါင်းဆောင်ရွက်သည့် ကွန်ကရစ်လမ်းသစ် အမရပူရတွင် ဖွင့်လှစ်

မန္တလေး ဇွန် ၁၀

**အမရပူရမြို့နယ်ရှိ ခြောက်သွေးသောက်ကျေးရွာအတွင်း အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်ခဲ့သော အရှည်ပေ ၄၀၀၀ ကျော်ရှိ ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇွန် ၈ ရက် နံနက်ပိုင်းက အဆိုပါလမ်းနေရာတွင် ကျင်းပခဲ့သည်။**



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်စဉ်။

အဆိုပါလမ်းသစ်သည် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း(VDP)နှင့် ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့ ခြင်းဖြစ်သည်။

**ဖဲကြိုးဖြတ်ဖွင့်**

အဆိုပါလမ်းသစ်အား မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စိုက် ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး၊ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ် ရေးဝန်ကြီး၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

"ပြည်သူလူထု သွားရေးလာရေး အတွက် အဆင်ပြေသွားနိုင်တဲ့ လမ်း တစ်လမ်းပါ၊ အဲဒီလမ်းရဲ့ ထူးခြားချက်က အစိုးရခွင့်ပြုရန်ပုံငွေ၊ ပြည်သူလူထုရဲ့ ထည့်ဝင်ငွေတွေနဲ့ ဆောင်ရွက်ခဲ့တဲ့ လမ်းပါ၊ ပြည်သူလူထုက လုပ်အားတွေ လည်း စိုက်ထုတ်ပြီး လမ်းတစ်လမ်း ဖြစ်မြောက်အောင် ဆောင်ရွက်ခဲ့တဲ့ အတွက် ဂုဏ်ယူစရာကောင်းပါတယ်၊ ဒါကြောင့် ခြောက်သွေးသောက်မှာရှိတဲ့ ပြည်သူလူထုကို ကျေးဇူးတင်ပါတယ်၊ မြန်မာနိုင်ငံမှာ ၆၅ ရာခိုင်နှုန်းနဲ့ ၇၀ ရာခိုင် နှုန်းသော ပြည်သူလူထုက ကျေးလက်မှာ နေကြပါတယ်၊ ကျေးလက်တွေ ဖွံ့ဖြိုး တာက နိုင်ငံဖွံ့ဖြိုးတာပါပဲ၊ ၂၀၁၇ - ၂၀၁၈ ဘတ်ဂျက်မှာ ကျေးရွာပေါင်းတစ်ထောင် ကို တစ်ရွာကို အစိုးရက ငွေကျပ် ၁၀ သန်း ပေးလိုက်တယ်၊ ဒါပေမယ့် ပြည်သူ လူထုက ကိုယ့်ဒေသဖွံ့ဖြိုးရေး ကိုယ့် ရပ်ရွာဖွံ့ဖြိုးရေးအတွက် အလှူငွေတွေ ထည့်ပြီး လမ်းတွေဖောက်ကြတယ်၊ ရေရရှိရေးလုပ်ကြတယ်၊ မီးလင်းရေး လုပ် ကြတယ်၊ ကျောင်းတွေ ဆေးပေးခန်းတွေ ဆောက်ကြတယ်၊ တံတားတွေပြင်ကြ တယ်၊ ပြည်သူလူထုက ဝိုင်းဝန်းလုပ် ဆောင်ခဲ့ကြတယ်၊ ခြောက်သွေးသောက် ကလည်း ကျေးရွာတစ်ထောင်ထဲမှာ ပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဒေသခံ ပြည်သူများအား ပြောကြားခဲ့သည်။

**အစိုးရနှင့်ပြည်သူ လက်တွဲလုပ်ဆောင်**

ထို့အပြင် ဝန်ကြီးချုပ်က ပြည်သူ လူထုအနေဖြင့် ညီညွတ်မှုကိုလည်း ပြသ ခြင်းဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူ လက်တွဲလုပ်ဆောင်သည့် အောင်မြင်မှု ပင်ဖြစ်ပါကြောင်း၊ လမ်းအား ရပ်ရွာ ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းစောင့် ရှောက်ရမည်ဖြစ်ပါကြောင်း၊ အခြားရပ်ရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်း ပြီး ညီညီညွတ်ညွတ် ဆောင်ရွက်စေလို ပါကြောင်း တိုက်တွန်းပြောကြား ခဲ့သည်။

ယနေ့ဖွင့်လှစ်သော ကွန်ကရစ်လမ်း သည် လမ်းအရှည်ပေ ၄၂၀၀၊ အကျယ် ၁၄ ပေ၊ ထုခြောက်လက်မရှိသော ကျေးရွာတွင်း ကွန်ကရစ်လမ်းဖြစ်ပြီး အစိုးရ၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူ လူထုထည့်ဝင်ငွေကျပ် ၄၅သန်း၊ လုပ်အား ထည့်ဝင် ငွေကျပ်ငါးသန်းဖြင့် စုစုပေါင်း ငွေကျပ်သန်း ၆၀ ဖြင့် ဖောက်လုပ်ခဲ့ ခြင်းဖြစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးမင်းသိုက်က ကွန်ကရစ်လမ်းဆောင် ရွက်မှုမှတ်တမ်းအား ခြောက်သွေး သောက်ကျေးရွာမှ ကိုယ်စားလှယ်တစ်ဦး ထံသို့ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာ ဒေသခံတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက် စကား ပြန်လည်ပြောကြားခဲ့သည်။

**ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း**

မန္တလေးတိုင်း ဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင် အထည်ဖော်ခဲ့သည့် ကျေးရွာပေါင်း ၉၇ ရွာဖြစ်ပြီး နိုင်ငံတော်မှ ထောက်ပံ့ ငွေကျပ်မှာ ငွေကျပ်သန်း ၉၇၀ ဖြစ်သည်။ ယင်းအပေါ်တွင် ပြည်သူများ၏ စိတ်ဝင် စားမှု၊ စိတ်အားထက်သန်မှုများရှိရာ ၎င်းတို့ကလည်း ထည့်ဝင်ငွေကျပ်သန်း ၅၅၀ ကျော် ထပ်ပေါင်းပါဝင်ခဲ့ကြသည်။ ထို့ကြောင့် ကျေးရွာတွင်း လမ်း ၆၅ လမ်း၊ ရေပေးရေးလုပ်ငန်း ၁၃ ခု၊ မီးလင်းရေး လုပ်ငန်းကိုးခု၊ တံတားလုပ်ငန်းကိုးခုနှင့် အခြားလုပ်ငန်း ၁၅ ခု အပါအဝင် လုပ်ငန်း ပေါင်း ၁၁၁ ခုကို တိုးတက်ဆောင်ရွက် နိုင်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျိုက်ထို၌ လူငယ်နှင့် မူးယစ်ဆေးဝါး ပြည်သူ့စကားဝိုင်းဆွေးနွေး

**ကျိုက်ထို ဇွန် ၁၀**

ကျိုက်ထိုမြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ခန်းမတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း ကာ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၁၀ ရက် နံနက်က ကျင်းပသည်။

စကားဝိုင်းဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦး၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ စောကလျာနှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ဇာနည်ဝင်းတို့က ဒေသတွင်း မူးယစ်ဆေးဝါးပျံ့နှံ့ရောက်ရှိလာပုံ၊ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေ များ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျန်းမာရေးအတွက် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မိသားစုများအတွင်း မူးယစ်ဆေးနှင့် ပတ်သက် သည့် စိုးရိမ်ပူပန်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများတို့ကို ဝိုင်းဝန်းဆွေးနွေး ကြရာ တက်ရောက်လာသော မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ နှင့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်တွင်းကြီးမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**တောင်တွင်းကြီး ဇွန် ၁၀**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇွန် ၉ ရက် နံနက်က ဆီမီးထွန်းကျေးရွာ အလကကျောင်းခန်းမတွင် ကျင်းပရာ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်း တို့က အမှာစကားပြောကြားသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒု-ဦးစီးမှူး ဦးခင်မောင် လေး၊ ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းထွန်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ရဲနန္ဒ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဌေးနှင့် မြေ၊ မျိုး၊ ပိုး ပညာရှင်အဖွဲ့၊ စာရေးဆရာ-ဘုန်းဝင်းခေါင် (မြန်မာမှု)တို့က ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ပြည်သူ များက ဆွေးနွေးမေးမြန်းခြင်းများကို သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ချိုမီအောင်(ပြန်/ဆက်)**

# မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇွန် ၁၀**

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက် လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# စိန်ယောက်မနှင့် ကျွန်တော်တို့ချစ်သော ရုပ်ရှင်ဇာတ်ကားများ ဇွန် ၁၅ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများတွင် ပြသမည်

ရန်ကုန် ဇွန် ၁၀

**အောင်သီရိ ရုပ်ရှင်နှင့်ဗီဒီယို ထုတ်လုပ်ဖြန့်ချိရေးက စီစဉ်ထုတ်လုပ်သည့် စိန်ယောက်မ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး ကျွန်တော်တို့ချစ်သော ရုပ်ရှင်ဇာတ်ကားကို ချမ်းသာရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ ဝင်းဆောင်(နေကြာရိုင်း) ကရိုက်ကူးထားခြင်းဖြစ်ကာ ဇွန် ၁၅ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။**

အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) က ရိုက်ကူးထားခြင်းဖြစ်ပြီး မောင်ဖြစ်သူကို အလွန်ချစ်သော အပျိုကြီးနှစ်ဦးအနေဖြင့် မောင်ဖြစ်သူ မိန်းမရသွားမည်ကို စိုးရိမ်မှုကြောင့် မောင်ဖြစ်သူ၏ ချစ်သူအား စိတ်ကုန်သွားစေရန် နည်းအမျိုးမျိုးဖန်တီးကာ ပညာပြနောင့်ယှက်ပုံ၊ မိန်းမရရှိသွား




ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)




သရုပ်ဆောင် အကယ်ဒမီ ပြေတီဦး



သရုပ်ဆောင် အကယ်ဒမီ ခိုင်သင်းကြည်




သရုပ်ဆောင် ထက်အောင်ရှိန်း

ပြီးနောက် မောင်ဖြစ်သူ၏ မိန်းမအား စိတ်ပျက်လာစေရန် နည်းအမျိုးမျိုးဖြင့် ပညာပြနောင့်ယှက်ပုံတို့နှင့် မောင်ဖြစ်သူ၏ မိန်းမက အပြန်အလှန် ပညာပြပုံတို့ကို အဓိကအခြေခံကာ ရယ်ရွှင်ဖွယ် ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်း ရုပ်ရှင်ဇာတ်ကားတွင် ကိုဗလအဖြစ် ကျော်ရဲအောင်၊ ဘုန်းတန်ခိုးအဖြစ် ပြေတီဦး၊ ခင်လှိုင်၊ ထက်အောင်ရှိန်း၊



စိန်ယောက်မ ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ထိပ်တင်မို့အဖြစ် မို့မို့မြင့်အောင်၊ ထိပ်တင်စိုးအဖြစ် စိုးမြတ်သူဇာ၊ ခိုင်အဖြစ် ခိုင်သင်းကြည်နှင့် အခြားသော အနုပညာရှင်များစွာဖြင့် ပုံဖော်ထားပြီး တစ်မူထူးခြားစွာ ရိုက်ကူးထားသော ဟာသရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)က "ဒီကားလေးကတော့ ပုံစံတစ်မျိုးလေးပြောင်းပြီးတော့ ဝါရင့်သရုပ်ဆောင်တွေနဲ့ ရိုက်ထားတာပါ၊ အခုလို ဝါရင့်သရုပ်ဆောင်တွေပေါင်းပြီး ရိုက်လိုက်တဲ့အတွက် အရသာတစ်မျိုးလေးဖြစ်သွားတာပေါ့၊ ဖြစ်လေ့ဖြစ်ထရှိတဲ့ အကြောင်းအရာတစ်ခုကို အခြေခံပြီး ရိုက်ထားတာပါ၊ ယောက်မတို့၊ ယောက်ဖတို့၊ ခမည်းခမက်တို့ ဆိုတာ အမြဲတမ်းရှိနေမှာပါ၊ သမီးယောက်မအချင်းချင်း ဖြစ်တတ်တဲ့ အကြောင်းအရာတွေကို အမျိုးမျိုးပြကြတာတွေ ရှိတယ်၊ ဒါတွေထဲက တစ်မျိုးလေးရိုက်ပြထားတာပါ၊ ဝါရင့်သရုပ်ဆောင်တွေဖြစ်တဲ့အတွက် ဇာတ်ကောင်စရိုက်အရ ပြောလိုက်ရင် လိုက်လျောညီထွေဖြစ်အောင် သရုပ်ဆောင်သွားတဲ့အတွက် ကြည့်ရတာ ပိုပြီးအဆင်ပြေမှာပါ၊ ဇာတ်လမ်းသဘောတရားအရကတော့ ထုံးစံအတိုင်းပါပဲ၊ မောင်ဖြစ်တဲ့သူကို မိန်းမမပေးစားချင်တဲ့အတွက် မောင်ဖြစ်တဲ့သူရဲ့ရည်းစားကို မယူဖြစ်အောင် လိုက်ပြီးနှောင့်ယှက်တဲ့ သဘောလေးပါ၊ ဇွန် ၁၅ ရက်နေ့ ရုံတင်မှာပါ၊ စိတ်အပန်းဖြေဖို့အတွက် လာရောက်ကြည့်ရှုစေချင်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ပြေတီဦးက "ဒီဇာတ်ကားမှာ ကျွန်တော်ရဲ့ ဇာတ်ကောင်စရိုက်ကတော့ မိဘတွေမရှိတော့တဲ့နောက်ပိုင်းမှာ အစ်မနှစ်ယောက်နဲ့နေရတာပေါ့၊ အစ်မနှစ်ယောက်ကတော့ မမို့နဲ့ မကြီးစိုးတို့ပါ၊ သူတို့နှစ်ယောက်ရဲ့အုပ်ထိန်းမှုအောက်မှာ နေရတယ်၊ ကျွန်တော့်ရဲ့ ကြီးတော်ကြီးကတော့ ဒေါ်နွဲ့နွဲ့စိန်းပေါ့၊ အစ်မတွေက မောင်ကိုအရမ်းချစ်တဲ့အခါကျတော့ မိန်းမယူဖို့ ဆိုရင် ဘယ်သူနဲ့မှ သဘောမတူဘူးပေါ့၊ အဲဒီပုံစံမျိုးလေးပါ၊ ဇာတ်ကွက်ထဲမှာ မိန်းမလျှာပုံစံလုပ်ပြီး ယောကျ်ားတွေကို စိတ်ဝင်စားတဲ့ပုံစံမျိုးပါတယ်၊ အဲဒါလေးကို ဘယ်လိုလုပ်ရင် ကောင်းမလဲစဉ်းစားပြီးတော့ ကိုယ်လည်း လုပ်တတ်သလိုမျိုးလေးနဲ့ ဒါရိုက်တာနဲ့ တိုင်ပင်ပြီးတော့ လုပ်ကြည့်ခဲ့တယ်၊ ပရိသတ်တွေကလည်း သဘောကျပါတယ်၊ ပရိသတ်တွေသဘောကျရင် ဝမ်းသာပါတယ်၊ ကျွန်တော်လည်း အဲဒီအခန်းတွေကို ကြိုက်ပါတယ်၊ ရိုက်ကွင်းမှာလည်း အားလုံးပျော်ရွှင်ပြီး ရယ်နေရပါတယ်၊ အထူးသဖြင့်ကတော့ သရုပ်ဆောင်ကြီးတွေနဲ့က ချစ်ခင်ရင်းနှီးမှု ရှိပြီး မိသားစုလိုတွေဖြစ်နေတော့ သရုပ်ဆောင်ကြရတဲ့အခါမှာလည်း ပျော်နေပြီးတော့ လုပ်ရတဲ့အိုက်တင်တွေကလည်း ပိုပြီးလွတ်လပ်တယ်၊ ပိုပြီးကောင်းပါတယ်၊ မခိုင်လေးဆိုရင် အလွန်ကောင်းပါတယ်၊ တော်တော်ရယ်ရတယ်၊ ဒီကားလေးဟာ ရယ်ရတဲ့ ကားလေးတစ်ကားဖြစ်တာကြောင့် ပရိသတ်တွေ အမောပြေမှာပါ" ဟု ပြောသည်။

သရုပ်ဆောင် ခိုင်သင်းကြည်က "ဇာတ်ကားစပြီး တစ်ဝက်ကျော်ကျော်လောက်ရောက်မှ စပြီးကြည့်တာတောင် တော်တော်ရယ်ရတယ်၊ ဒီဇာတ်ကားထဲမှာတော့ ယောက်မတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရတာပါ၊ မခိုင်လေးနဲ့ မကြီးစိုးတို့ မမို့တို့က ယောက်မတွေပါ၊ အဲဒီယောက်မတွေအချင်းချင်း ပတ်မွှေတဲ့ ဇာတ်လမ်းလေးပါ၊ ဟာသကားလေးဖြစ်တဲ့အတွက် ပေါ့ပေါ့ပါးပါးလေးဖြစ်ပါတယ်၊ ကိုယ်ချစ်တဲ့သူတွေနဲ့ ရိုက်ရတဲ့အတွက်ကြောင့်လည်း ပျော်ပါတယ်၊ ရိုက်နေတဲ့အချိန်မှာလည်း ရယ်ရသလို အခုလို ကြည့်ရတဲ့အခါမှာလည်း တော်တော်လေးရယ်ခဲ့ရပါတယ်၊ အကုန်လုံးပျော်စရာတွေ၊ ရယ်စရာတွေချည်းပါပဲ၊ စိတ်ညစ်စရာမရှိတဲ့ ဇာတ်ကားကောင်းလေးပါ၊ ပေးချင်တဲ့အကြောင်းအရာတွေကတော့ ကြီးကြီးမားမား မရှိပါဘူး၊ ဟာသအနေနဲ့ ဖျော်ဖြေရေးကားလေးတစ်ခုပါပဲ၊ ရိုက်ကွင်းအမှတ်တရအနေနဲ့ကတော့ အများကြီးမရှိပါဘူး၊ ချော်လဲတဲ့အခန်းမှာတော့ တကယ်တူအောင် ချော်လဲပေးရတာဆိုတော့ နည်းနည်းတော့နာတာပေါ့၊ ဇာတ်ဝင်ခန်းအနေနဲ့ကတော့ ပြေတီဦး မိန်းမလျှာလုပ်တဲ့ အခန်းကိုလည်း ကြိုက်တယ်၊ ဒီကနေ့ကြည့်ခဲ့ရတဲ့ အထဲမှာဆိုရင်တော့ မခိုင်နဲ့ မမို့တို့၊ မကြီးစိုးတို့ သီချင်းဆိုပြီးကတဲ့ အခန်းကတော့ တော်တော်လေးရယ်ရပါတယ်၊ ဒီဇာတ်ကားလေးဟာ နမူနာမှာလည်း တော်တော်လေးကောင်းတဲ့အတွက် ပရိသတ်တွေ စိတ်ဝင်စားကြတယ်၊ ပရိသတ်တွေကိုလည်း လာကြည့်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ပြောသည်။

သရုပ်ဆောင် ထက်အောင်ရှိန်းက "ကျွန်တော့်ဆရာ ကိုဇော် (အရုဏ်ဦး) က ဒီကားမှာ မင်းအတွက် ကောင်းလည်း ကောင်းတယ်၊ တစ်ခန်းတည်းဆိုပေမယ့် နေရာကောင်းတယ်၊ မင်းဝင်ရိုက်လိုက်ဆိုလို့ အခုလိုပါဝင်ခွင့်ရခဲ့တာပါ၊ ဒီဇာတ်ကားမှာ ကိုပြေတီဦးရဲ့ ဟန်ဆောင်သူငယ်ချင်းအနေနဲ့ ယောကျ်ားချင်း ချစ်ကြိုက်နေတဲ့ပုံစံမျိုးလေး သရုပ်ဆောင်ပြီး သူ့ရဲ့ အစ်မတွေ စိတ်ပျက်သွားအောင် လုပ်ပေးရတာပါ၊ ဒီဇာတ်ကားဟာ ကျွန်တော့်အနေနဲ့ကတော့ တတိယအကြိမ်မြောက်ဇာတ်ကားပါ၊ ရိုက်မယ့်ရက်မှ သိခွင့်ရတဲ့အတွက် ကျွန်တော့်ဘက်က ကြိုတင်ပြင်ဆင်မှု မရှိခဲ့ပါဘူး၊ ရိုက်နေတဲ့အချိန်မှာ ကိုယ့်ထက် ဝါရင့်တဲ့ အနုပညာရှင်ကြီးတွေက သင်ပေးကြတယ်၊ အားလုံးလက်တွဲခေါ်ကြပါတယ်၊ အဲဒါကြောင့် တော်တော်အဆင်ပြေပါတယ်၊ ကျွန်တော်လည်း ကျေနပ်ပါတယ်၊ ဒီဇာတ်ကားမှာ မခိုင်လေးကပြီး သီချင်းဆိုတဲ့အခန်းကို အကြိုက်ဆုံးပါပဲ၊ ပရိသတ်တွေလည်း ကြိုက်ကြမှာပါ၊ ဒီကားလေးဟာ ဟာသကားလေးပါ၊ စကားမပြောဘဲနဲ့ သရုပ်ဆောင်မှုတွေကို ကြည့်နေရင်တောင် တော်တော်ရယ်ရပါတယ်၊ ကျွန်တော့်ကို အားပေးကြပါ၊ ပရိသတ်ချစ်တဲ့၊ အားပေးတဲ့ အနုပညာရှင်ကောင်းတစ်ယောက်ဖြစ်အောင် အမြဲတမ်းကြိုးစားနေမှာပါ" ဟု ပြောသည်။

ဇာတ်လမ်းအကျဉ်းအနေဖြင့် ဘုန်းတန်ခိုးသည် ထိပ်တင်မို့နှင့် ထိပ်တင်စိုးဟူသော အစ်မကြီးနှစ်ဦးနှင့် ကြီးတော် ဒေါ်စိန်တင့်တို့နှင့်အတူ နေထိုင်လေသည်။ ထိပ်တင်မို့နှင့် ထိပ်တင်စိုးတို့မှာ ဂေါ်မစွံ အပျိုကြီးများဖြစ်ကြပြီး သူတို့ ဂေါ်မစွံဖြစ်ရခြင်းမှာလည်း တစ်ဦးတည်းသော မောင်လေးဘုန်းတန်ခိုးကို သည်းသည်းလှုပ်ချစ်ကြ၍ တစ်သက်လုံးအိမ်ထောင်မပြုဘဲ မောင်လေးကိုပဲ စောင့်ရှောက်သွားမည်ဟု သန္နိဋ္ဌာန်ချထားသောကြောင့်ပင် ဖြစ်၏။

မောင်ဖြစ်သူ ဘုန်းတန်ခိုးကို ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ဖို့၊ တစ်သက်လုံး အစ်မတွေနဲ့ပဲ အတူနေဖို့ ပြင်းပြင်းထန်ထန် ရာဇသံချထားခဲ့သော်လည်း မောင်ဖြစ်သူမှာ "ခိုင်" ဆိုသည့် မိန်းကလေးနှင့် တွေ့ဆုံ ချစ်ကြိုက်ခဲ့ရာ အပျိုကြီးများဖြစ်ကြသည့် မို့နှင့် စိုးတို့ ဆွေ့ဆွေ့ခုန်ကြတော့သည်။ ဘုန်းတန်ခိုးချစ်သူထားသည့်ကိစ္စကို အပြင်းအထန် ကန့်ကွက်သောအခါ ဘုန်းတန်ခိုးက လုံးဝလက်မခံ။ ခိုင်မှခိုင် ဖြစ်နေခဲ့သည်။ မို့နှင့် စိုးကလည်း လုံးဝအလျှော့မပေးသဖြင့် မောင်နှမသုံးယောက် အချေအတင်ဖြစ်ရတော့သည်။

ထို့နောက် "ခိုင်" အား လေ့လာရန် သဘောတူခဲ့ပြီး "ခိုင်" အိမ်သို့ လာမည့်နေ့တွင် မို့နှင့် စိုးတို့က ခိုင့်ကို အရှက်တကွဲ အနာတရဖြစ်ပြီး ထိတ်လန့်၍ ထွက်ပြေးစေရန် နည်းမျိုးစုံဖြင့် ဉာဏ်ဆင်ကာ ကြိုတင်အကွက်ချစီစဉ်ပုံ၊ မောင်ဖြစ်သူနှင့် "ခိုင်" လက်ထပ်ပြီး တစ်အိမ်တည်း အတူနေရာတွင် စိတ်ပျက်လာစေရန် နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ပုံ၊ "ခိုင်" ၏ အစ်ကိုဖြစ်သူ ထောင်ထွက် ကိုဗလ နေအိမ်သို့ ရောက်ရှိလာပြီး အပျိုကြီးနှစ်ဦးအား ပညာပေးပုံ၊ ကိုဗလနှင့် ဘုန်းတန်ခိုးတို့ မရှိခိုက် အိမ်သို့ ဓားပြအဖွဲ့ဝင်စီးပြီး ပြန်ပေးဆွဲပုံတို့ကို ရယ်ရွှင်ဖွယ် ရိုက်ကူးထားသော ဟာသဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

**သတင်း- ဇော်ကြီး၊ ဓာတ်ပုံ- ဇော်မင်းလတ်**

## ကျွန်တော်တို့ချစ်သော ရုပ်ရှင်ဇာတ်ကားကြီး

ကျွန်တော်တို့ချစ်သော ရုပ်ရှင်ဇာတ်ကားကြီးသည် ချစ်သော မိသားစုအသိုက်အဝန်း၊ ချစ်သောချစ်ရသူ၊ ချစ်ရသော မိမိ၏လုပ်ငန်းခွင် စသည့်တို့အပေါ် တန်ဖိုးထားမြတ်နိုးခြင်းကို အဓိကထား ရိုက်ကူးတင်ဆက်ထားသည့် ရုပ်ရှင်ဇာတ်ကားကြီး ဖြစ်သည်။

ယင်းရုပ်ရှင်ဇာတ်ကားကြီးကို ချမ်းသာရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး တင်အောင်စိုး (ပန်းမြို့တော်)၏ ဝတ္ထုကို ဇာတ်ညွှန်း ပြည်သက်ထွန်း၊ ကဗျာသစ် ရေးသားကာ ဒါရိုက်တာ ဝင်းဆောင် (နေကြာရိုင်း) က ရိုက်ကူးထားခြင်းဖြစ်သည်။ အဓိကသရုပ်ဆောင်များအဖြစ် စိုးရန်အောင်နှင့် မိုးယုစံတို့က ပါဝင်သရုပ်ဆောင်ထားပြီး ရွှေသွန်းခ၊ မေစူးနိုင်၊ စန္ဒီမောင် တို့အပြင် အခြားအနုပညာရှင်များစွာလည်း ပါဝင်ထားသည်။

"တကယ်တမ်း စစ်ကားဆိုတာက ပုဂ္ဂလိကအနေနဲ့ ရိုက်လေ့ရိုက်ထ မရှိတော့ပါဘူး၊ နိုင်ငံတော်အနေနဲ့ တပ်ကပဲ ရိုက်ကြတာ များတယ်ပေါ့၊ ဒါကြောင့် ဒီကားက ဦးကျော်ဟိန်းတို့ နောက်ပိုင်းမှာ ပုဂ္ဂလိကအနေနဲ့ ရိုက်တဲ့ ပထမဆုံးကားပါ" ဟု ဒါရိုက်တာ ဝင်းဆောင် (နေကြာရိုင်း) က ပြောသည်။

ယင်းဇာတ်ကားကြီးသည် စစ်ကားတစ်ကားဟု ဆိုရမည်ထက် လူမှုဘဝပုံစံအမျိုးမျိုးကြားက ချစ်ခင်တွယ်တာမှုများကို အဓိကထားတင်ဆက်ထားပြီး စစ်တိုက်ဇာတ်ဝင်ခန်းများအကြား ဟာသဇာတ်ဝင်ခန်းများဖြင့်လည်း ရသစုံလင်စွာ ရိုက်ကူးပုံဖော်ထားသည်။

"တစ်ဦးနဲ့တစ်ဦး နေထိုင်ရာ ပတ်ဝန်းကျင်မှာ လူတိုင်းကိုယ်ချစ်တဲ့သူတွေနဲ့ နေထိုင်ချင်ကြတာပါပဲ၊ ဒီအကြောင်းအရာလေးက ဇာတ်ကားရဲ့ အဓိကပေးချင်တဲ့ အကြောင်းအရာပေါ့၊ ဒီဇာတ်ကားကြီး ဖြစ်မြောက်အောင်မြင်ဖို့အတွက် ကျွန်တော်တို့ လူငယ်တွေအားလုံး အခက်အခဲအမျိုးမျိုးကြားက ရိုက်ကူးပုံဖော်ခဲ့ကြတယ်၊ ကျွန်တော်တို့ကို အသိအမှတ်ပြုသောအားဖြင့် ကျွန်တော်တို့ချစ်သော ရုပ်ရှင်ဇာတ်ကားကြီးကို လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု အဓိကသရုပ်ဆောင်အဖြစ် ပါဝင်သည့် သရုပ်ဆောင် စိုးရန်အောင်က ပြောသည်။

**မေနှင်းဆီ**



ကျွန်တော်တို့ချစ်သော ရုပ်ရှင်ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်ရှိ ပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးဆွေးနွေး

ကျိန္တလီ ဇွန် ၁၀

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ဂွမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည့် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂွမြို့နယ်မှ ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ပညာရည်ချွန်ဆုပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီး ဒေါက်တာ ချမ်းသာတို့က အမှာစကား ပြောကြားကြပြီး ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်က ပညာရည်ချွန်ဆုပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဂွမြို့နယ်မှ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။

## ဂုဏ်ပြုဆုများပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂွမြို့နယ်မှ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရရှိသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရရှိသူ တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရရှိသူ ခုနစ်ဦးတို့အား ဝန်ကြီးချုပ်၏ ထပ်ဆင့်ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်း ကောင်း၊ နှစ်ဘာသာဂုဏ်ထူးရရှိသူ ၂၄ ဦးနှင့် တစ်ဘာသာ ဂုဏ်ထူးရရှိသူ ၉၆ ဦးကို ပြည်နယ်အစိုးရ၏ ချီးမြှင့်ငွေ၊ ဝန်ကြီးချုပ်၏ ထပ်ဆင့်ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်း ကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြပြီး မြို့နယ်အဆင့် ပထမဆု၊ ခြောက်ဘာသာ ဂုဏ်ထူး ထွက်ပေါ်ခဲ့သည့် ကျောင်းဆု နှင့် ခြောက်ဘာသာ ဂုဏ်ထူးရရှိအောင် သင်ကြားပြသပေးခဲ့ကြသည့် ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆပ်သွားကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဂွမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နိုင်ရန် လာရောက်ရခြင်း ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် (၂)နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံများကို ကြိုးပမ်း တည်ဆောက်ခဲ့ပါကြောင်း၊ အဆိုပါ အခြေခံအဆောက်အအုံများ ပိုမိုအဆင့်မြှင့်တင်နိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အသီးအပွင့်များကို ပြည်သူများ လက်တွေ့ခံစားနေကြရပြီဖြစ်ပါကြောင်း၊ ထိုသို့သော အခြေခံ အဆောက်အအုံကောင်းများကို အခြေခံ၍ ဒေသပိုမိုဖွံ့ဖြိုး တိုးတက်လာစေရန် ဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ရေတိုဆောင်ရွက်ရမည့်လုပ်ငန်းများကို သတ်မှတ်ကာလများအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ပြီး ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျစီမံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် တာဝန်ယူဆောင်ရွက်ကြသူများ အနေဖြင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ဒေသဖွံ့ဖြိုးရေး ပိုမိုတိုးတက်ဖြစ် ထွန်းလာမည် ဖြစ်ပါကြောင်း။

## လွတ်လပ်စွာအကြံပြု

လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် အရေးကြီးပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှသာ ရင်းနှီးမြှုပ်နှံမှုများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်မည်ဖြစ်ပါကြောင်း၊ နောင်အနာဂတ် အကျိုးဖြစ်ထွန်းရေးအတွက် ဒေသခံပြည်သူများအနေဖြင့် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးအကြံပြုကြစေလိုပါကြောင်း ပြောကြားသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု ဆပ်သွားကျေးရွာ၌ ဂွမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။

ထို့နောက် ဆပ်သွား၊ ဆင်ကူး၊ ကြွေချိုင်၊ ဆားချက်၊ မဒေါ့ကျော၊ တိုင်ကျိုး၊ ဇီးကုန်း၊ ကင်းပုံ၊ လောင်းကျိုးနှင့် ရွှေဦး ကွင်းကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကြွေချိုင်ကျေးရွာအုပ်စု ဒေသခံများ ရှင်းလင်းတင်ပြသည့် ကြွေချိုင်ကျေးရွာ နာရေးကူညီမှုအသင်းအတွက် မော်တော်ယာဉ်ဝယ်ယူနိုင်ရန် အလှူငွေများ ထောက်ပံ့လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့နယ် ကျိန္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျိန္တလီမြို့ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

## ကဏ္ဍစုံဖွံ့ဖြိုးရေးဆောင်ရွက်

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများကို စီမံချက်များချမှတ်၍ အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်ကို အထူးဦးစားပေး ထောက်ပံ့ကူညီ ဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ အသေးစားနှင့် အလတ်စားပုဂ္ဂလိက လုပ်ငန်းများကို အားပေးဆောင်ရွက် လုပ်ကိုင်ကြရမည် ဖြစ်ပါကြောင်း၊ ဒေသအတွင်းရှိ လူမှုစီးပွား အခြေခံအဆောက်အအုံကောင်းများကို အကျိုးဖြစ်ထွန်းအောင် အသုံးချသွားစေလိုပါကြောင်း၊ ကဏ္ဍစုံဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂွမြို့နယ် ကျိန္တလီမြို့ အုပ်ချုပ်ရေးမှူး ဦးထွန်းအေးခိုင်က ၂၀၁၈ ခုနှစ် ကာလတိုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကျိန္တလီမြို့ ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကျိန္တလီ အခြေခံပညာအထက်တန်းကျောင်း အကျိုးတော်ဆောင်အဖွဲ့က တင်ပြဆွေးနွေးသည့် ကျိန္တလီ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသည့် မိတ္တူကူးစက်ဝယ်ယူရန် အလှူငွေများ လှူဒါန်းသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **သတင်းစဉ်**

# လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတွင် လုပ်ခလစာကိစ္စ မကျေမနပ်မှုဖြစ်ပွား

**လှိုင်သာယာ ဇွန် ၁၀**

လှိုင်သာယာမြို့နယ် စက်မှုဇုန် ၅ အမှတ် (၃၀၁) မြစ်ငယ်လမ်းရှိ စင်ထရယ်စတား အထည်ချုပ်စက်ရုံတွင် လုပ်ခလစာကိစ္စဖြင့် ဇွန် ၉ ရက် ည ၁၀ နာရီခန့်က အလုပ်သမားများသည် စက်ရုံအတွင်းရှိ အပ်ချုပ်စက်လေး၊ ငါးလုံးခန့်အား တွန်းလှဲကာ ဆူပူမှုဖြစ်ပွားကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ Central star အထည်ချုပ်စက်ရုံတွင်း ဆူပူမှုဖြစ်ပွားကြောင်းသတင်းအရ မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့တို့သည် အဆိုပါ စက်ရုံသို့ချက်ချင်းသွားရောက်ပြီး ဖြစ်စဉ်အား စစ်ဆေးရာ စက်ရုံတွင် အထည်ချုပ်အလုပ်သမား စုစုပေါင်း ၅၀၀ ရှိကြောင်း၊ အလုပ်သမားများ၏ မေလ လုပ်ခလစာအား လွန်ခဲ့သော ၇ ရက် ၈ ရက်ခန့်မှစ၍ ပေးချေရန် မကြာခဏအကြောင်းအမျိုးမျိုးပြ၍ ရက်ရွှေ့ဆိုင်းမှုများပြုလုပ်ခဲ့ကြောင်း၊ ဇွန် ၉ ရက် ည ၈ နာရီတွင် လုပ်ခလစာများအား နောက်ဆုံးပေးချေရန် ထပ်မံ ပျက်ကွက်ခဲ့ရာမှ ယခုကဲ့သို့ ဆူပူမှုစတင်ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စက်ရုံပိုင်ရှင် ဦးဇော်ဇော်သောင်းထွဋ် အမှတ်(၅၃)၊ ၅ လွှာ၊ မင်္ဂလာလမ်း၊ စမ်းချောင်းမြို့နယ်နေသူအား တယ်လီဖုန်းမှတစ်ဆင့် ဆက်သွယ်သော်လည်း စက်ပိတ်ထားသဖြင့် ၎င်းလိပ်စာအတိုင်း စမ်းချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် စိစစ်ရာ ၎င်းနေအိမ်အခန်းအား ပိတ်ထားသည်မှာ သုံး၊ လေးရက်ခန့်ရှိပြီဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ အဆိုပါ စက်ရုံရှေ့ လူစုလူဝေးဖြင့် စောင့်ဆိုင်းနေစဉ် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် အလုပ်ရှင်ဘက်မှ ကိုယ်စားလှယ်ဖြစ်သူ ဦးလှနိုင် (၆၁ နှစ်)ဆိုသူမှ ငွေကျပ် ၇၅ သိန်းခန့် ယူဆောင်ရောက်ရှိလာပြီး အလုပ်သမားများရရှိမည့် လစာ၏ တချို့တစ်ဝက်ကို မျှတပေးချေခြင်းများ ပြုလုပ်ကာ ကျန်ရှိသည့်လုပ်ခလစာငွေများအား ဇွန် ၁၃ ရက်တွင် အကျေပေးချေ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကတိပြုသောကြောင့် အလုပ်ရှင် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိခဲ့သဖြင့် ည ၂ နာရီခွဲတွင် အလုပ်သမားများ လူစုကွဲကာ နေအိမ်များသို့ ပြန်လည်ထွက်ခွာကြောင်း သတင်းရရှိသည်။ **မြို့နယ်(ပြန်/ဆက်)**

# အလုပ်သမားများထံမှ ငွေကြေးပိုမိုကောက်ခံ ဖြတ်တောက်ရယူနေသူ ပွဲစားကို ဖမ်းဆီး

**ရန်ကုန် ဇွန် ၁၀**

ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် လုပ်ကိုင်ရမည်ဆိုကာ မြန်မာအေဂျင်စီမှ မသိဘဲ အလုပ်သမားများအား ငွေကြေးပိုမိုကောက်ခံခဲ့၍ ထိုင်းနိုင်ငံဘက်ခြမ်းတွင်လည်း ထိုင်းငွေဘတ် ၆၀၀၀ ထပ်မံ ဖြတ်တောက်ခဲ့သော ထိုင်းနိုင်ငံတွင် နေထိုင်သူ ထိုင်းလိုင်စင်ရအေးဂျင့်၏ စကားပြန် ကိုထွန်း(ခေါ်)နွတ်ခမ်းမွှေးထွန်း (ခေါ်) ဒမန်းထွန်း(ခေါ်) မင်းထွန်းအောင်အား ဇွန် ၇ ရက်က လှိုင်သာယာမြို့နယ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ စတားပိုင်အိုနီးယား ကုမ္ပဏီနှင့် ထိုင်းနိုင်ငံ အေဂျင်စီတို့သည် ဇန်နဝါရီ ၂ ရက်က ထိုင်းနိုင်ငံ SMP Wood သစ်အချောထည်လုပ်ငန်းသို့ ပို့ဆောင်ရန် ရန်ကုန်မြို့ ပင်လုံခန်းမ၌ အလုပ်ရှင်အလုပ်သမားစာချုပ်ချုပ်ဆိုခဲ့ သည်။ စာချုပ်အရ ဇန်နဝါရီ ၁ ရက်က အလုပ်သမား ၉၇ ဦးအား ထိုင်းနိုင်ငံ နခုံစီထံမရပ်မြို့ရှိ အဆိုပါ လုပ်ငန်းစက်ရုံသို့ ပို့ဆောင်ခဲ့ကြောင်း၊ ၎င်းကိုထွန်းဆိုသူသည် ထိုင်းအေဂျင်စီ၏ ကိုယ်စားလှယ်၊ စကားပြန်အဖြစ် လိုက်ပါလာခဲ့ခြင်းဖြစ်ပြီး အလုပ်သမားတို့၏ ဆွေမျိုးများရှိရာ အလုပ်သို့ ပို့ဆောင်ပေးမည်ဟု ဖြားယောင်းသွေးဆောင်ကာ လူကြိုတင်စုဆောင်းခဲ့ကြောင်း၊ နောက်ကွယ်မှ ငွေကြေးကောက်ခံခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသို့ ရောက်ရှိသည့်အခါတွင်လည်း လုပ်သား ၉၇ ဦးထံမှ ဘတ် ၆၀၀၀ စီ ထပ်မံ ဖြတ်တောက်ခဲ့ကြောင်းနှင့် အလုပ်သမားများက သက်ဆိုင်ရာ မြန်မာအေဂျင်စီသို့ တိုင်ကြားခဲ့ရာ စတားပိုင်အိုနီးယားအေဂျင်စီမှ ထိုင်းအေဂျင်စီ နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာမှ အဖြစ်မှန်ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အလုပ်သမားများ နစ်နာဆုံးရှုံးမှု မရှိစေရန် စတားပိုင်အိုနီးယား အေဂျင်စီက အဘက်ဘက်မှ တာဝန်ယူဖြေရှင်းပေးခဲ့ပြီး ထိုင်းဘက်ခြမ်းတွင် ဖြတ်တောက်ထားသော ဘတ် ၆၀၀၀ ပြန်လည်ရရှိစေရန် မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ် (MOEAF) မှတစ်ဆင့် သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့သို့ ချိတ်ဆက်တိုင်ကြားခဲ့ကြောင်း၊ ဇွန် ၇ ရက်တွင် အခြားကုမ္ပဏီတစ်ခုနှင့် စာချုပ်ချုပ်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသော ကိုထွန်းအား လူကုန်ကူးမှု တားဆီးကာကွယ်ရေးတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းကာ လှိုင်သာယာမြို့နယ်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ အလုပ်သမားများ၏ ငွေကြေးများ ပြန်လည်ရရှိရေးနှင့် တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးကို စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။

၎င်း ကိုထွန်းဆိုသူသည် နှစ်ဖက် အေဂျင်စီများ၊ အလုပ်သမားများကြားတွင် ယင်းကဲ့သို့ လိမ်လည်မှုများ၊ အကျပ်ကိုင် ဒုက္ခပေးမှုများကို ယခင်ကတည်းက အကြိမ်ကြိမ်ပြုလုပ်ခဲ့ဖူးသော မှတ်တမ်းဟောင်းများရှိ၍ MOEAF က အရေးယူရန် စောင့်ကြည့်ရှာဖွေနေသော သူတစ်ဦးဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်စွာ**

# ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

***ယမန်နေ့မှအဆက်***

၁၀။ မည်သူမျှ-

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ ခွင့်ပြုချက်မရှိဘဲ ထီ သို့မဟုတ် အီလက်ထရွန်နစ်ထီ သို့မဟုတ် ထီကဲ့သို့ အခြားကံစမ်းကစားနည်း၊ ကာစီနိုကဲ့သို့ ကံစမ်းကစားနည်းနှင့် ကျွမ်းကျင်မှုကစားနည်းတစ်ခုခုတွင် စီမံခန့်ခွဲသူအဖြစ်လည်းကောင်း၊ လောင်းကြေးလက်ခံသူအဖြစ် လည်းကောင်း၊ ဒိုင်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် ထိုသို့ ဆောင်ရွက်ခြင်းကို တစ်နည်းနည်းဖြင့် အားပေးကူညီခြင်းမပြုရ။

(ခ) ပုဒ်မခွဲ (က) ပါ ကစားနည်းတစ်မျိုးမျိုးကို အကြောင်းပြု၍ ငွေကြေးအကျိုးအမြတ်ရယူခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) ပါ ကစားနည်းတစ်မျိုးမျိုးတွင် ပါဝင်လောင်းကစားခြင်းမပြုရ။

၁၁။ မည်သူမျှ လောင်းကစားရန် ငွေချေးခြင်း သို့မဟုတ် ငွေကြေးထောက်ပံ့ခြင်းမပြုရ။

**အခန်း (၅)**

**ပြစ်ဒဏ်များ**

၁၂။ မည်သူမဆို -

(က) ပုဒ်မ ၇ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အများဆုံး ခြောက်လအထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ကျပ် ၅၀၀၀၀ အထိ ငွေဒဏ်ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၃။ မည်သူမဆို -

(က) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၁၀၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၄။ မည်သူမဆို -

(က) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံးကျပ် ၁၀၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၅။ မည်သူမဆို -

(က) ပုဒ်မ ၁၀ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံးကျပ် ၁၀၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၀ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၆။ မည်သူမဆို -

(က) ပုဒ်မ ၁၀ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ခြောက်လ မှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

(ခ) ပုဒ်မ ၁၀ ပုဒ်မခွဲ (ဂ)ပါ ပြဋ္ဌာန်းချက်ကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော သက်သေခံပစ္စည်းနှင့် ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၁၇။ မည်သူမဆို -

(က) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံးတစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံးကျပ် ၁၀၀၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သော ငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

(ခ) ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ထပ်မံ ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး သုံးနှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ် သို့မဟုတ် ထိုထောင်ဒဏ်နှင့် ငွေဒဏ် အနည်းဆုံးကျပ် ၅၀၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀၀ အထိ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

**အခန်း (၆)**

**အထွေထွေ**

၁၈။ လောင်းကစားအိမ်၌လည်းကောင်း၊ ထိုအိမ်၌ရောက်ရှိနေသူတို့၏ ကိုယ်ပေါ်တွင်လည်းကောင်း လောင်းကစားကိရိယာတစ်ခုခုကို တွေ့ရှိလျှင် ဝင်ရောက်ရှာဖွေသူတို့က လောင်းကစားနေသည်ကို မတွေ့မြင်စေကာမူ လောင်းကစားအိမ်အဖြစ် အသုံးမပြုကြောင်း သို့မဟုတ် လောင်းကစားရန် ရောက်ရှိနေကြခြင်းမဟုတ်ကြောင်း ထိုအိမ်၌ ရောက်ရှိနေကြသူများက သက်သေထင်ရှားမပြနိုင်လျှင် လောင်းကစားအိမ်အဖြစ် အသုံးပြုသည်ဟူ၍လည်းကောင်း၊ ထိုသူများသည် လောင်းကစားရန် ရောက်ရှိနေကြသူများဖြစ်သည်ဟူ၍လည်းကောင်း မှတ်ယူရမည်။

၁၉။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့် တရားစွဲဆိုခြင်းခံရသူကို စစ်ဆေးသော တရားရုံးသည် ထိုပြစ်မှု နှင့် စပ်လျဉ်း၍ တရားစွဲဆိုခြင်းခံရသူ မည်သူ့ကိုမဆို လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလို သက်သေအဖြစ် သက်သေခံချက်ပေးစေရမည်။ သက်သေခံချက်ပေးသူသည် မှန်ကန်သည့်အတိုင်း ထုတ်ဖော်ထွက်ဆိုလျှင် ထိုသူအား ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုရမည်။

၂၀။ သက်ဆိုင်ရာတရားရုံးသည် ဤဥပဒေအရချမှတ်သည့် ငွေဒဏ်မှဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်ငွေမှဖြစ်စေ၊ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့် ပစ္စည်းများ ရောင်းရငွေမှဖြစ်စေ သတင်းပေးသူအား ဆုငွေချီးမြှင့်ရန် အမိန့်ချမှတ်နိုင်သည်။ ထို့အပြင် ဖမ်းဆီးရာတွင် ပါဝင်သူတို့အားလည်း ဆုငွေချီးမြှင့်ရန် အမိန့်ချမှတ်နိုင်သည်။

၂၁။ မြို့နယ်ရဲတပ်ဖွဲ့မှူးသည် သက်ဆိုင်ရာမြို့နယ်အတွင်း တစ်ဦးတစ်ယောက်သောသူသည် လောင်းကစားမှုဖြင့်လည်းကောင်း၊ လောင်းကစားမှုဖြစ်မြောက်စေရန် အားပေးခြင်း သို့မဟုတ် ကူညီခြင်းဖြင့်လည်းကောင်း အသက်မွေးဝမ်းကျောင်းမှုပြုနေကြောင်း သတင်းရရှိလျှင် ထိုသူအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ အရေးယူနိုင်သည်။

၂၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဦးစီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၃။ လောင်းကစားဥပဒေ (၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ်-၆) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ရန်ကုန်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့အား ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်

**နေပြည်တော် ဇွန် ၁၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံတစ်ဝန်းလုံး လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးကို ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်မည့် ၂၃၀ ကေဗွီ လှိုင်သာယာ- ကျိုက်လတ်ဓာတ်အားလိုင်း ၅၂ ဒသမ ၂၆ မိုင်နှင့် ကျိုက်လတ်ဒေသတွင် ၂၃၀ ကေဗွီပင်မဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းတည်ဆောက်ခြင်းလုပ်ငန်းကို စီမံကိန်းမန်နေဂျာ(၁) ရန်ကုန်မှကြီးကြပ်လျက် PWH (Thailand) Co.,Ltd. မှ ပစ္စည်းများတင်သွင်းကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများကို အပိုင်းများခွဲ၍ ၂၀၁၄ ခုနှစ်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန်လအတွင်း ပြီးစီးနိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၃၀ ကေဗွီ လှိုင်သာယာ-ကျိုက်လတ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းပြီးစီးပါက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဓာတ်အားစနစ် ပိုမိုခိုင်မာလာမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အားမလုံလောက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဓာတ်အားပြတ်တောက်မှုအခြေအနေများကို လျှော့ချကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်း တည်ဆောက်ရေးစီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့တို့ကို ဆက်သွယ်တည်ဆောက်မည်ဖြစ်ရာ ပန်းလှိုင်မြစ်၊ တွံတေးတူးမြောင်း၊ ဒေးဒရဲမြစ်နှင့် ကျိုက်လတ်မြစ်တို့ကို ဖြတ်သန်းတည်ဆောက်ရပြီး တည်ဆောက်ရေးလုပ်ငန်းများအား မိုးမကျမီ အချိန်မီပြီးစီးနိုင်ရေးနှင့် မြစ်ကျော်ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာယီရေလမ်းကြောင်းပိတ်၍ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ဆက်သွယ်ညှိနှိုင်း၍ အကူအညီများ တောင်းခံရယူ ဆောင်ရွက်ခဲ့ကြောင်း၊ ကြိုးဆွဲလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရာဆူးခြုံနှင့် ရွှံ့နွံများရှိနေသော ကြောင့် ဓာတ်အားလိုင်း ကြိုးဆွဲပစ္စည်းများဖြစ်သည့် Puller, Tensioner များ အဝင်/အထွက် ပြုလုပ်နိုင်ရေးနှင့် Pulling & Pilot Wire များ ဖြန့်နိုင်ရေးအတွက် လမ်းကြမ်းပြုလုပ်ခြင်း၊ သဲအိတ်ခင်းခြင်း လုပ်ငန်းများဖြင့် အဆင့်ဆင့် ကြိုးပမ်းဆောင် ရွက်ခဲ့ရကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန် မှာ မြစ်ကြောင်းရေလမ်းမှသာ ဝင်ထွက်သွားလာနိုင်ပြီး မြစ်ရေ အတက်ဆုံးအချိန်တွင်သာ ဇက်ရေယာဉ်များ အဝင်/အထွက် ပြုလုပ်နိုင်သဖြင့် အကြိုလုပ်ငန်းများဖြင့် ပြင်ဆင်ဆောင်ရွက်ထားပြီး ရေအတက်ဆုံးအချိန်တွင် တစ်ပါတည်းပို့ဆောင်နိုင်ရေး ခက်ခဲစွာဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လှိုင်သာယာ-ကျိုက်လတ်ဓာတ်အားလိုင်းမြစ်ဖြတ်ကျော်ကြိုးဆွဲခြင်းလုပ်ငန်းဆောင်ရွက်စဉ်။

ထိုသို့အခက်အခဲများစွာရှိသော်လည်း အဆင့်ဆင့်ပြင်ဆင်ကြိုးစားဆောင်ရွက်မှုများကြောင့် ကျိုက်လတ်မြစ်ကျော် ကြိုးဆွဲလုပ်ငန်းကို မေ ၁၅ ရက်တွင်လည်းကောင်း၊ ဒေးဒရဲ မြစ်ကျော်ကြိုးဆွဲလုပ်ငန်းအား မေ ၂၈ ရက်အထိလည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ပြီး တွံတေးတူးမြောင်းကျော် ကြိုးဆွဲခြင်းလုပ်ငန်းကို အချိန်မီပြီးမြောက်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## ဓာတ်အားလိုင်းကြိုးများလဲလှယ်မည်ဖြစ်သောကြောင့် ယာယီဓာတ်အားပြတ်တောက်မည်

**နေပြည်တော် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီဓာတ်အားခွဲရုံများ Distribution Transformer များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ၊ မိုးဦးကာလလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသောသစ်ပင်၊ သစ်ကိုင်းခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေရှည်ဓာတ်အားတည်ငြိမ်ပြည့်ဝစွာပေးနိုင်ရေးအတွက် ဟောင်းနွမ်း၍ ဝန်အားမနိုင်တော့သော ၁၁ကေဗွီ ဓာတ်အားလိုင်းကြိုးများအား လျှပ်ကာပါသော ဓာတ်အားလိုင်းကြိုးသစ်များဖြင့် လဲလှယ်ခြင်းလုပ်ငန်းများကို ဇွန် ၁၂ ရက် (အင်္ဂါနေ့)နှင့် ဇွန် ၁၄ ရက် (ကြာသပတေးနေ့)တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်နေစဉ်အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြန့်၊ ဥက္ကံ၊ ဒါးပိန်၊ ဖောင်ကြီး၊ မြောင်းတကာ၊ အဖျောက်၊ ထန်းတပင်၊ ပန်းဘဲတန်း၊ အလုံ၊ ကမာရွတ်၊ ဗဟန်း၊ ကြည့်မြင်တိုင်၊ မရမ်းကုန်း၊ လမ်းမတော် မြို့နယ်များတွင် အဆိုပါရက်များ၌ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှု အနည်းငယ်ရှိနိုင်ပါသည်။

ထိုသို့ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ပါသဖြင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်လာနိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**



## အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ်က ကျောင်းသုံးစာအုပ်နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်း

**ရန်ကုန် ဇွန် ၁၀**

အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ် (ဂျပန်)မှ အမှုဆောင်အရာရှိချုပ် မစ္စတာအခီဟီရို၊ ပွဲစီစဉ်သူ မစ္စတာ နာကာမူရတို့သည် ဇွန် ၈ရက် နံနက်ပိုင်းက အမြန်လမ်းမိုင်တိုင် ၄၆ မှ ၅၂ ကြားရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသုံးကျောင်းသို့ စာရေးကိရိယာများ၊ သင်ထောက်ကူပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်းသိရသည်။

အဆိုပါသွားရောက်လှူဒါန်းခဲ့သော ဘုန်းတော်ကြီးသင်မူလတန်းကျောင်းများမှာ ပဲခူးတိုင်းဒေသကြီး မင်္ဂလာရာမဝါးကတုတ်ကျောင်း၊ သစ်နီကျောင်းနှင့် ဆယ်မိုင်ကျောင်းများဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၁၅၂ ဦးအတွက် ဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်၊ ခဲတံချွန်စက်များ၊ ဆရာမများအတွက် ဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများ လှူဒါန်းခဲ့ခြင်းဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ် (ဂျပန်)သည် ၂၀၁၇ ခုနှစ်အတွင်းက ဂျပန်လက်ဝှေ့ပွဲဝင်ငွေများထဲမှ ယန်းနှစ်သန်း (မြန်မာကျပ်ငွေ သိန်း ၂၄၀)ကို လျှော်ဒဏ်သင့် ပုဂံဘုရားများ ပြန်လည်ပြင်ဆင်ရန်လှူဒါန်းခဲ့ပြီး ၂၀၁၈ ခုနှစ်အတွက် စာသင်ကျောင်းများကို ထောက်ပံ့လှူဒါန်းရန် စီစဉ်ထားကာ ယခုလှူဒါန်းခြင်းသည် စာသင်ကျောင်းများသို့ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၁၀**

မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်က ဦးစီးကျင်းပသော ရပ်ကွက်ပေါင်းစုံ အမျိုးသား အသက် ၂၂ နှစ်အောက် ၂၀၁၈ ခုနှစ် မိုးရာသီအကြို မရမ်းကုန်းမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇွန် ၉ ရက် ညနေ ၃ နာရီက မရမ်းကုန်းမြို့နယ် အမှတ် ၇ ရပ်ကွက် ပါရမီဘောလုံးကွင်း၌ ဖွင့်လှစ်ကျင်းပခဲ့ကြသည်။

**အားပေးကြည့်ရှု**

ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများမှ ဦးစီးအရာရှိများ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ တက်ရောက်၍ ရပ်ကွက်အလိုက် ယှဉ်ပြိုင်ကစားကြမည့် အသင်း ၁၀ သင်းမှ ဘောလုံးအားကစားသမားများ၏ ချီတက်အလေးပြုခြင်းကိုခံယူကာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ ဒေါ်မိုးမိုးစုကြည်က အမှာစကားပြောကြားပြီးနောက် တက်ရောက်လာကြသူများ အမှတ် ၇ ရပ်ကွက်အသင်းနှင့် အမှတ် ၈ ရပ်ကွက်အသင်းတို့၏ ပွဲဦးထွက် ယှဉ်ပြိုင်ကစားကြပုံများကို အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



## အင်းတော်၌ အသက် ၁၇ နှစ်အောက် ဘောလုံးပြိုင်ပွဲ ကျင်းပ

**အင်းတော် ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့၌ အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို အင်းတော်မြို့အင်းမြသာယာအားကစားကွင်းကြီးတွင် ဇွန် ၁၀ ရက် ညနေ ၄ နာရီက ကျင်းပခဲ့သည်။

ဗိုလ်လုပွဲတွင် မန်လည်ဘောလုံးအသင်းနှင့် အင်းတော်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ရာ မန်လည်အသင်းက အင်းတော်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရပြီး ဆုများကို အင်းတော်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုထွေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ဥပဒေအသိပညာပေး

**ကျိုက်မရော ဇွန် ၁၀**

မွန်ပြည်နယ် တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ခွဲ၏ ဥပဒေအသိပညာပေးနှင့် ဒေသခံလူထုတွေ့ဆုံပွဲကို ကျိုက်မရောမြို့နယ် တောင်ကလေးကျေးရွာ ဓမ္မာရုံ၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီကကျင်းပရာ မွန်ပြည်နယ် ဥပဒေအရာရှိ ဦးငွေအောင်က ဟောပြောဆွေးနွေးပြီး ဒေသခံများ သိလိုသည်များကို ဆွေးနွေးခဲ့သည်။

**၁၃၈**

### ❋ ကျောဖုံးမှ

မြန်မာ ယူ-၁၉ အသင်းသည် ပြည်တွင်း ခြေစမ်းပွဲသုံးပွဲကစားထားပြီး စတုတ္ထမြောက်ခြေစမ်းပွဲအဖြစ် ဇွန် ၁၃ ရက်တွင် ဟံသာဝတီအသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် ခြေစမ်းပွဲများတွင် မောရဝတီအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားပြီး ဇွဲကပင်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံ အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွန့်**



ယူ-၁၉ တိုက်စစ်မှူး ဝင်းနိုင်ထွန်း။

## လွိုင်လင်ခရိုင် ယူ-၁၇ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**လွိုင်လင် ဇွန် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား အသက် ၁၇ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇွန် ၁၀ ရက်က ကျင်းပသည်။

ဗိုလ်လုပွဲပွဲစဉ်အဖြစ် ပင်လုံမြို့အသင်းနှင့် နမ့်စန်မြို့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နမ့်စန်အသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဒုတိယဆုနှင့် ပထမဆုရရှိသည့် အသင်းများအား တစ်ဦးချင်း ဆုတံဆိပ်များကို လည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆုရရှိသူများနှင့် ဒုတိယဆုရရှိသည့် အသင်းကို ဆုတံဆိပ်နှင့် ငွေသားဆုများကို လည်းကောင်း တာဝန် ရှိသူများက ချီးမြှင့်ပေးကြသည်။

ယင်းနောက် ပထမဆုရရှိသည့် နမ့်စန်မြို့နယ်ဘောလုံးအသင်းအား ဆုဖလားနှင့် ငွေသားဆုကို လွိုင်လင်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်လတ်က ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မိုးလွင်ဦး(လွိုင်လင်)**




### ◆ ကျောဖုံးမှ

ချေပဂိုးရယူခဲ့သည်။ ရတနာပုံအသင်းသည် သရေရလဒ်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ နှစ်ဂိုးဆက်ပေးလိုက်ရသောကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အတွက် ဂိုးများကို မိနစ် ၆၀ တွင် ဒွေးကိုကိုချစ်၊ ၆၂ မိနစ်တွင် ခရစ္စတိုဖာတို့က သွင်းယူခဲ့သည်။ ရတနာပုံအသင်းသည် ချေပဂိုးရရန် ကစားသမားများ အပြောင်းအလဲလုပ်ခဲ့ပြီး ၇၈ မိနစ်တွင် ဝင်းနိုင်ထွန်းက ချေပဂိုး ပြန်လည်သွင်းယူသော်လည်း သရေရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

အောင်ဆန်းကွင်း၌ ကျင်းပသောပွဲတွင် ရောဝတီအသင်းက ရန်ကုန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်အသင်းသည် ၃၆ မိနစ်တွင် ဆယ်လာ၊ ၃၈ မိနစ်တွင် မောင်မောင်လွင် သွင်းယူသည့် ဂိုးဖြင့်ဦးဆောင်နိုင်သော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်ခဲ့ပေ။ ရောဝတီအတွက် ချေပဂိုးများကို ၆၉ မိနစ်တွင် သီဟဇော်၊ ၇၅ မိနစ်တွင် ကာစီယိုတို့က သွင်းယူခဲ့ပြီး ၈၉ မိနစ်တွင် အယ်လာပက်ထရစ်က အနိုင်ဂိုးသွင်းခဲ့သည်။ ပဲခူးကွင်း၌ ကျင်းပသောပွဲတွင် ဟံသာဝတီနှင့် မကွေးအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲအစနှစ်မိနစ်ဂျိုးဇက်က ဟံသာဝတီ အတွက် ဦးဆောင်ဂိုး သွင်းခဲ့သော်လည်း ၅၃ မိနစ်တွင် မောင်မောင်စိုးက ပယ်နယ်တီမှတစ်ဆင့် မကွေးအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် Southern အသင်းက မြဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ Southern အတွက် ဂိုးများကို ၃၅ မိနစ်တွင် အောင်မိုး၊ ၄၅ မိနစ်တွင် ကောင်းစည်သူ၊ ၄၇ မိနစ်တွင် ထူးထူးအောင်တို့က သွင်းယူခဲ့သည်။ ဝေသာလီကွင်း၌ ကျင်းပသောပွဲတွင် ဇွဲကပင် အသင်းက ရခိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဇွဲကပင်အတွက် သန်းထက်အောင်က ၆၇၊ ၈၈ မိနစ်တွင် နှစ်ဂိုးသွင်းယူခဲ့ပြီး ရခိုင်အတွက်ချေပဂိုးကို ၈၆ မိနစ်တွင် ကလစ်ဖို့ဒ်က သွင်းယူခဲ့သည်။

ပွဲစဉ် ၁၅ အပြီးတွင် ရန်ကုန်အသင်းက ၃၂ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက အမှတ် ၃၀၊ မကွေးအသင်းက ၂၅ မှတ်၊ ရတနာပုံအသင်းက ၂၃ မှတ်၊ ဟံသာဝတီနှင့် Southern အသင်းက ၂၂ မှတ်စီ၊ ဇွဲကပင်နှင့် ရခိုင်အသင်းက အမှတ် ၂၀ စီ၊ ရောဝတီအသင်းက ၁၉ မှတ်၊ စစ်ကိုင်းအသင်းက ၁၂မှတ်၊ GFA အသင်းက ၁၁ မှတ်၊ မြဝတီအသင်းက နှစ်မှတ် ရထားသည်။ ယင်းအသင်းများအနက် ရခိုင်၊ Southern ၊ စစ်ကိုင်းနှင့် GFA အသင်းမှာ ၁၅ ပွဲစီ ကစားထားပြီး ကျန်အသင်းများမှာ ၁၄ ပွဲစီသာ ကစားရသေးသည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၁၁ -၆- ၂၀၁၈ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှဆောင်ရွက်ချက်များ(၅၇)**
၁၁း၀၀ - လုံမမှတ်စု(အပိုင်း-၄၀)
၁၁း၁၅ - ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၃း၅၅ - သုခမရင်ခွင်အငြိမ့်သဘင် "ဒို့မိတ်ဆွေအငြိမ့်"
၁၄း၃၅ - Tasty Trip

**ညပိုင်း**

၁၆း၃၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-တတိယနှစ် (အင်္ဂလိပ်စာ အထူးပြု) (အင်္ဂလိပ်စာ)
၁၇း၀၅ - This Week's special Interest
၁၇း၂၀ - "ဇွန်လအတွက်လပတ်မိုးလေဝသအစီအစဉ်"
၁၇း၃၅ - Yes or No Talk Show
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "ခုခံပိုင်ခွင့်"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မဟာကာလီ** (အပိုင်း-၁၅)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသ အခြေအနေ
၂၀း၃၅ - **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ** (၅၈)
- ရာဇဝင်ထဲကသမိုင်း အနုပညာ "ဆယ်ပွင့်ပန်း" (ပန်းပဲလုပ်ငန်း)
- မျက်မှောက်ရေးရာအဖြာဖြာ
- နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း"(အပိုင်း-၂၁)

# မူဆယ် လောင်းကစားရုံ၌ ပစ်ခတ်မှုဖြစ်ပွား

**မူဆယ် ဇွန် ၁၀**

မူဆယ်မြို့ ဟိုမွန်ရပ်ကွက် သိန်းသန်းချို အဝေးပြေးယာဉ်ရပ်နားကွင်းအတွင်းရှိ စိုစိုပြေပြေတည်းခိုခန်းအနောက်ဘက် တီဗွီဂိမ်းလောင်းကစားရုံတွင် ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်က လောင်းကစားရုံ စာရေးမ မချစ်မြတ်နိုးနှင့် လာရောက်လောင်းကစားသူ ရန်နိုင်အောင်တို့ စကားများခိုက်ရန်ဖြစ်ပွားရာမှ အလုပ်သမားတစ်ဦးက ပိုင်ရှင်ထံ ဖုန်းဆက်အကြောင်းကြားခဲ့ရာ အမျိုးသားငါးဦး ရောက်ရှိလာပြီး ရန်နိုင်အောင်အား ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ကာ သေနတ်ဖြင့် သုံးချက်ပစ်ဖောက်၍ ကားဖြင့် ထွက်ပြေးသွားကြသည်။



အဆိုပါ ပစ်ခတ်မှုဖြစ်ပွားရာနေရာသို့ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ လောင်းကစားဖွင့်လှစ်လုပ်ကိုင်သူ ငါးဦးတို့အား လောင်းကစားရုံအတွင်းရှိ လောင်းကစားရာတွင် အသုံးပြုသည့် ငါးပစ်ဂိမ်းစက် ၁၁ လုံး၊ ပဲကြားလော့(ဖဲစက်) တစ်လုံး၊ အန်စာတုံး(ခြောက်ကောင်)ကစားခုံ တစ်ခု၊ လောင်းကစားငွေကျပ် ၁၄၀၁၈၀၀၊ အပေါင်ခံပစ္စည်းမျိုးစုံနှင့်အတူ အခင်းဖြစ်ပွားရာတွင် ပစ်ခတ်ခဲ့သည့် ၉-မမ အမျိုးအစား ကျည်ခွံသုံးခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

ထိုဖြစ်စဉ်ကြောင့် ရန်နိုင်အောင်တွင် နဖူးနှင့် ဦးခေါင်းနောက်စေ့ ပေါက်ပြဲသွေးထွက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့ပြီး လောင်းကစားဖွင့်လှစ်လုပ်ကိုင်သူများဖြစ်သော ဦးအားရုံ (၃၉ နှစ်)ပါ ငါးဦးတို့အား အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် မချစ်မြတ်နိုး အပါအဝင် သေနတ်ဖြင့် ပစ်ဖောက်သူများ (တိမ်းရှောင်)တို့အား ဖမ်းဆီးရမိရေး မူဆယ်မြို့မရဲစခန်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော့ကရိတ်၌ ရွှေဆိုင်ကို နေ့ခင်းအချိန် ဝင်ရောက်လုယက်

ကော့ကရိတ် ဇွန် ၁၀

**ကော့ကရိတ်မြို့အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရွှေဆိုင်တစ်ဆိုင်ကို နေ့ခင်းအချိန် ဝင်ရောက်လုယက် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။**

ဖြစ်စဉ်မှာ ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီ ၃၄ မိနစ်က ကော့ကရိတ်မြို့ အမှတ်(၅)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ဖြူစင်သန့်ရတနာရွှေဆိုင်သို့ ယာဉ်နံပါတ်တပ်ဆင်ထားခြင်းမရှိသော Wave 110 (အပြာရောင်ဆိုင်ကယ်၊ ဆိုင်ကယ်စီးဦးထုပ်အနက်)၊ မိုးကာအင်္ကျီ အဝါရောင်၊ ဘောင်းဘီဂျင်း (နက်ပြာ)ရောင်၊ ကွင်းထိုးဖိနပ်(အနက်ရောင်)စီးထားသူတစ်ဦး ရောက်ရှိလာပြီး ဆိုင်အတွင်းသို့ ဝင်ရောက်လာကာ ဆိုင်ပိုင်ရှင်၏ ဇနီးဖြစ်သူ ဒေါ်ချိုချိုအေး(၅၅ နှစ်) အား ၎င်းက မိုးကာကျောပိုးအိတ် အသေးထဲမှ ဂက်စ်သေနတ်အတိုဖြင့် ထုတ်ချိန်ပြီး ရွှေထည်ပစ္စည်းများအား အိတ်အတွင်းသို့ ထည့်ရန် ပြောဆိုရာ ဒေါ်ချိုချိုအေးက ငွေကျပ် တစ်သိန်း ထုတ်ပေးသည်ကို မယူဘဲ သေနတ်ဖြင့် တစ်ချက်ပစ်ဖောက်ရာ ဒေါ်ချိုချိုအေး၏ ရင်ညွန့်တည့်တည့် ဖောက်ဝင်ဒဏ်ရာ ရရှိခဲ့ပြီး ၎င်းက ရွှေထည်ပစ္စည်းများ ထည့်ထားသည့် မှန်ဗီဒိုရှိရာသို့ သွားရောက်ပြီး ရွှေထည်ပစ္စည်းများအား ထည့်ခိုင်းစဉ် ဒေါ်ချိုချိုအေးနှင့် ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြောင်း၊ ယင်းနောက် သေနတ်သမားမှာ ရွှေထည်ပစ္စည်းများအား မယူဆောင်တော့ဘဲ ၎င်းစီးနင်းလာသော ဆိုင်ကယ်ကို မောင်းနှင်၍ အမှတ်(၂)ရပ်ကွက် ဝင်းကြီးရပ်ဘက်သို့ ထွက်ပြေးသွားကြောင်း သိရသည်။



ရွှေဆိုင်လုယက်သူ၏ မှတ်တမ်းဓာတ်ပုံ

ဖြစ်စဉ်နှင့် ပတ်သက်၍ ကော့ကရိတ်မြို့မရဲစခန်းက တရားခံအား ဖမ်းဆီးရမိနိုင်ရေးအတွက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**
**ဓာတ်ပုံ - တင်မောင်နိုင်(ကော့ကရိတ်)**

# အီသိုင်းအီသာနှင့် ဟိုက်ဒရိုကလိုရစ်အက်စစ်အရည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

နမ့်ပေါ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် ည ၈ နာရီက မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအုပ်စု နမ့်ပေါ်တံတားအနီး၌ အောင်မျိုးဦး မောင်းနှင်ပြီး ချစ်ကိုလိုက်ပါလာသည့် ဟီးနိုး ၁၂ ဘီးယာဉ်ကို ရပ်တန့်ရှာဖွေစဉ် ချစ်ကိုမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်ပေါ်၌ အီသိုင်းအီသာအရည်ပါ ပလတ်စတစ်ပီပါ ၅၅ လုံး (အီသိုင်းအီသာ ၈၀၈၀၀ လီတာ) နှင့် ဟိုက်ဒရိုကလိုရစ်အက်စစ်အရည်ပါ ပလတ်စတစ်ပီပါ ၁၈ လုံး (ဟိုက်ဒရိုကလိုရစ်အက်စစ် ၂၈၈၀ လီတာ)တို့ကို လည်းကောင်း။

ထို့အတူ ဇွန် ၉ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု ၃၂ မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့အမှတ် ၂ ရပ်ကွက် ကျွန်းတောရပ်နေ မျိုးမင်းဦး(ခ)ကိုမင်း၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၆၀ နှင့် အိုက်စ် ၁ ဒသမ ၂ ဂရမ် တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီက မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ဝမ်လုံးကျေးရွာနေ အိုက်တွီး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၃၅ နှင့် ထိုင်းငွေ ဘတ် ၁၃၅၅၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဗီယက်နမ်မှ ဆိုင်ကယ်ဖြင့်လာသူ တာချီလိတ်၌ ဖမ်းဆီးရမိ

**တာချီလိတ် ဇွန် ၁၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်ခွင့်ပြုချက် အထောက်အထားမရှိဘဲ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ဗီယက်နမ်နိုင်ငံသားတစ်ဦးနှင့် ခေါ်ဆောင်လာသူတို့ကို မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေးအက်ဥပဒေဖြင့် ဇွန် ၉ ရက် ညပိုင်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ သိရသည်။

ဇွန် ၉ ရက် မွန်းလွဲ ၃ နာရီတွင် တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ လက်ထောက်လဝကမှူး ဦးဖြိုးမင်းလတ်သည် မိုင်းဖြတ်မြို့မှ တာချီလိတ်မြို့သို့ ဝင်ရောက်လာသော ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားနှစ်ဦးအား မသင်္ကာ၍ စစ်ဆေးရာ ဆိုင်ကယ်မောင်းသူ မြန်မာနိုင်ငံသား ယန်ဖိန်း (၄၂ နှစ်) ပိန်းခမ်းကျေးရွာ မိုင်းယွန်းအုပ်စု မိုင်းဆတ်မြို့ နေသူနှင့် နောက်တွင် လိုက်ပါလာသော Mr.Giang A Do (၄၈ နှစ်) ဗီယက်နမ်နိုင်ငံနေသူဖြစ်ကြောင်း၊ ၎င်းတို့ကို ဆက်လက် စစ်ဆေးရာ တရားဝင်အထောက်အထားလက်မှတ်မပါဘဲ ဗီယက်နမ်နိုင်ငံ တင်းဖင်ဖို့မြို့မှ ဆိုင်ကယ်ဖြင့် လာအိုနိုင်ငံသို့ ဝင်ရောက်ခဲ့ပြီး လာအိုနိုင်ငံမှတစ်ဆင့် မြန်မာနိုင်ငံ မိုင်းယောင်းမြို့နယ် အထူးဒေသ(၄) ကျင်းယန်းဒေသတွင် ငှက်ပျောခြံလုပ်ငန်း လုပ်ကိုင်နေစဉ် ယန်ဖိန်းနှင့် ခင်မင်ရင်းနှီးကာ ၎င်းနေထိုင်ရာ မိုင်းဆတ်မြို့သို့ အလည်လိုက်ရန် ခေါ်ဆောင်သဖြင့် ဆိုင်ကယ်ဖြင့် နှစ်ဦးအတူထွက်ခွာလာစဉ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးရမိသည်။

အမှုမှ ဗီယက်နမ်နိုင်ငံသား Mr.Giang A Do (၄၈ နှစ်)ကို မြန်မာနိုင်ငံအတွင်းသို့ တရားဝင် ဝင်ရောက်ခွင့် အထောက်အထား တစ်စုံတစ်ရာမရှိဘဲ ဝင်ရောက်ခဲ့သဖြင့် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်များ)အက်ဥပဒေပုဒ်မ ၁၃(၁)ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းသို့ ခေါ်ဆောင်လာသူ ယန်ဖိန်း (၄၂ နှစ်)ကို တာဝန်ရှိသူများထံ သတင်းပို့ရန် ပျက်ကွက်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# မိတ္ထီလာမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ရောင်းချငွေများ ရှာဖွေတွေ့ရှိ

**မိတ္ထီလာ ဇွန် ၁၀**

မိတ္ထီလာမြို့၌ မူးယစ်ဆေးဝါးသတင်းအရ ပိတ်ဆို့ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြားနှင့် ရောင်းချငွေများ ဇွန် ၉ ရက် ည ၉ နာရီခွဲခန့်က ရှာဖွေတွေ့ရှိခဲ့သည်။

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက် ဝမ်းတော်ပြည့်ဘုရားရှေ့တွင် ဒုတိယရဲအုပ် လှမျိုးသူနှင့် တပ်ဖွဲ့ဝင်များသည် သတင်းအရ ရှာဖွေစစ်ဆေးစဉ် ပြည်သာယာမှ မိတ္ထီလာမြို့ဘက်သို့ မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ်ကွက် နယ်မြေ - ၁ နေ နန်းဝင်း(၃၆ နှစ်) မောင်းနှင်လာသော နံပါတ်မပါ ဒရင်းဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၄ ပြား၊ မူးယစ်ဆေးဝါးရောင်းချငွေကျပ် ၁၆၅၀၀ တွေ့ရှိရပြီး ၎င်းနေထိုင်ရာ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ပါ နှစ်ထုပ် ထပ်မံသိမ်းဆည်းရမိသဖြင့် မိတ္ထီလာနယ်မြေရဲစခန်းက နန်းဝင်းအား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ယာဉ်ပေါ်၌ ဆန်အိတ်များဖြင့်ဖုံးအုပ်တင်ဆောင်လာသည့် ပိတောက်၊ ကျွန်းခွဲသားများ ရေပူစစ်ဆေးရေးအဖွဲ့ ဖမ်းမိ

**နေပြည်တော် ဇွန် ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇွန် ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၅၆ စီး ၊ သွင်းကုန် ၉၅၉ စီး ၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၅ စီး ၊ သွင်းကုန် ၁၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား၊ ကျွန်းခွဲသား၊ ပိတောက်ခါးရွှေနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၉၆၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၅၀၈ သန်းခန့် စုစုပေါင်း တားဆီးမှုခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ ဒသမ ၄၇၇ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ထူးခြားသည့်ဖမ်းဆီးမှုအနေဖြင့် ဇွန် ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးမှုများဆောင်ရွက်စဉ် ရေပူကျေးရွာအနီး မသင်္ကာဖွယ်ရပ်တန့်ထားသည့် လိုက်ထရပ်ယာဉ်တစ်စီးနှင့် အယ်ဖရက်ယာဉ်တစ်စီးတို့ကို စခန်းတွင်းယူဆောင်စစ်ဆေးရာ လိုက်ထရပ်ယာဉ်ပေါ်တွင် ဆန်အိတ်များဖြင့် ဖုံးအုပ်တင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသား ၅၄ ချောင်း (၀ ဒသမ ၁၁၂၆ တန်)၊ ကျွန်းခွဲသား ၁၂၃ ချောင်း (၀ ဒသမ ၃၂၃၄ တန်)၊ အယ်ဖရက်ယာဉ်ပေါ်မှ ပိတောက်ခါးရွှေ ၂၄ တုံး (၀ ဒသမ ၈၈၇၀ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၀၃ ဒသမ ၉၆၉ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်၌ လိုင်စင်မဲ့ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်၌ ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စစ်ဆေးဆောင်ရွက်စဉ် လိုင်စင်မဲ့ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့သည်။



ဇွန် ၉ ရက် နံနက် ၁၁ နာရီက နေပြည်တော်ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရုံးမှ ဒုရဲအုပ် သက်နောင်ကျော် ဦးစီးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် သစ်တပ်ကျေးရွာ ပရဆေးဥယျာဉ်ရှေ့ ရန်ကုန်-မန္တလေးလမ်းဟောင်း ကားလမ်းပေါ်တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ဆောင်ရွက်နေစဉ် ရေဆင်းမှ ဘောဂသီရိ ကားကြီးဝင်းဘက်သို့ မောင်းနှင်လာသော ကျော်ကိုကိုထက် (၂၈ နှစ်) ရေဆင်းကျေးရွာနေသူ၏ YGN-3 J/ ---- နံပါတ်တပ်ဆင်ထားသော တိုယိုတာ ကာဒီနာယာဉ်ကို ရပ်တန့်စစ်ဆေးရာ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ဝန်ခံထွက်ဆိုသဖြင့် ရေဆင်းရဲစခန်းက ကျော်ကိုကိုထက်အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# သမိုင်းဝင်ဆွေးနွေးပွဲအတွက် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်း စင်ကာပူသို့ရောက်ရှိ




**စင်ကာပူ ဇွန် ၁၀**

မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့်အတူ ပြုလုပ်မည့်သမိုင်းဝင်ဆွေးနွေးပွဲသို့တက်ရောက်ရန် စင်ကာပူသို့ ယနေ့ရောက်ရှိလာသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပိတ်ဆို့အရေးယူမှုများဖြစ်ပေါ်စေခဲ့သော နျူကလီးယားလက်နက်အရေးကိစ္စနှင့် အမေရိကန်နှင့် ဖြစ်ပွားနေသည့် စစ်ရေးအရရန်လိုမှုများသည် ယင်းဆွေးနွေးပွဲအတွက် အဓိကအကြောင်းအရာများဖြစ်လာမည်ဖြစ်သည်။ စင်ကာပူအစိုးရက ထုတ်ပြန်သော ဓာတ်ပုံများအရ ခေါင်းဆောင်ကင်သည် အဲချိုင်းနားလေကြောင်းလိုင်းဖြင့် စင်ကာပူသို့ရောက်ရှိလာခြင်းဖြစ်ပြီး ၎င်း၏ဘေးတွင်ကင်ယောင်ချိုလည်း လိုက်ပါလာခဲ့သည်ကို တွေ့ရသည်။ ကင်ယောင်ချိုသည် လွန်ခဲ့သောလက သမ္မတထရန့်နှင့် တွေ့ဆုံခဲ့သူဖြစ်သည်။

ခေါင်းဆောင်ကင်သည် တနင်္ဂနွေနေ့နှောင်းပိုင်းတွင် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့်တွေ့ဆုံဖွယ်ရှိပြီး ဝန်ကြီးချုပ်လီသည် တနင်္လာနေ့တွင် ခေါင်းဆောင်ကင်နှင့်သီးသန့်တွေ့ဆုံရန် အစီအစဉ်ရှိသည်။ အစည်းအဝေးသို့တက်ရောက်မည့် သမ္မတဒေါ်နယ်ထရန့်သည် ဂျီ-၇ ထိပ်သီးအစည်းအဝေးပွဲအပြီး ကနေဒါနိုင်ငံမှတစ်ဆင့် စင်ကာပူသို့လာရောက်ခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးပြုလုပ်မည့် နေရာနှင့် တည်းခိုမည့်ဟိုတယ်တို့တွင် လုံခြုံရေးများ တင်းတင်းကျပ်ကျပ်ချထားကြောင်း သိရသည်။ ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည်လည်း ဂျီ-၇ ထိပ်သီးအစည်းအဝေးပွဲ မတိုင်မီဝါရှင်တန်သို့ သွားရောက်ကာ သမ္မတထရန့်နှင့် တွေ့ဆုံခဲ့သည်။ ခေါင်းဆောင် ကင်သည် ၎င်း၏ ပြည်သူများအတွက် ထူးခြားသည့် ကိစ္စတစ်ခုပြုလုပ်ရန် ဆန္ဒရှိသည်ဟု ခံစားမိကြောင်းလည်း သမ္မတထရန့်က ဂျီ-၇ ထိပ်သီးအစည်းအဝေးမှ မထွက်ခွာမီ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## ဂျီ-၇ ထိပ်သီးအစည်းအဝေးပွဲ၌ ဆန္ဒပြပွဲများနှင့် ရင်ဆိုင်ရ

**အော့တဝါ ဇွန် ၁၀**

ကနေဒါနိုင်ငံ Quebec မြို့၌ ဆန္ဒပြသူများသည် ဂျီ-၇ ခေါင်းဆောင်များ၏ မျက်နှာဖုံးများ ဝတ်ဆင်ကာဆန္ဒပြခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပြဿနာများကို ပူးပေါင်းအဖြေရှာကြရန်အတွက် ရည်ရွယ်ကာ ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ အကျိုးအမြတ်မရှာသည့်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Oxfam အဖွဲ့အစည်းကဦးဆောင်ကာ စနေနေ့က ပန်းခြံအတွင်း လူများစုဝေးခဲ့ခြင်းဖြစ်သည်။

ဆန္ဒပြသူများသည် ဂျီ-၇ ခေါင်းဆောင်များအတိုင်း သဏ္ဌာန်တူသရုပ်ဆောင်ကာဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။ဆန္ဒပြသူတစ်ဦးမှာမူ သမ္မတထရန့်၏ မျက်နှာဖုံးဝတ်ဆင်ထားပြီး မီးမွှေးနေသည့်ပုံ ဆန္ဒပြခဲ့သည်။ ယင်းအဖွဲ့အစည်း၏ရည်ရွယ်ချက်မှာ ဂျီ-၇ ခေါင်းဆောင်များကို ရာသီဥတု ပြောင်းလဲခြင်းနှင့်ပတ်သက်၍ သတိပြုမိလာစေရန် ရည်ရွယ်ပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့အစည်း၏ ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ရုရှားနဲ့ယူကရိန်း အစိုးရတို့ အကျဉ်းသားချင်းလဲလှယ်ရန် ဆွေးနွေး

**မော်စကို ဇွန် ၁၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ပီထရို ပိုရိုရှန်ကိုတို့သည် နှစ်ဖက်စလုံးမှ ထိန်းသိမ်းထားသည့် သူများကိုလဲလှယ်နိုင်ရန် စနေနေ့က တယ်လီဖုန်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ၎င်းတို့နှစ်ဦးသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာများ၊ နှစ်ဖက်စလုံးမှ ထိန်းသိမ်းထားသူများလဲလှယ်ရေးကိစ္စများအပါအဝင် အခြားသောကိစ္စများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ဆွေးနွေးရာတွင် ရုရှားသမ္မတပူတင်က ယူကရိန်းတွင်ဖမ်းဆီးခံထားရသည့် ရုရှား ဂျာနယ်လစ်များလွှတ်ပေးရေး၊ နှောင့်နှေးကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်ပေးစေရေးတို့ကို ဆွေးနွေးခဲ့ကြောင်း ကရင်မလင်နန်းတော်မှ ထုတ်ပြန်ချက်အရ သိရသည်။ နှစ်နိုင်ငံစလုံးမှလူ့အခွင့်အရေးကော်မရှင်နာတို့ကို အပြန်အလှန်လာရောက်လေ့လာရန် သမ္မတပူတင်နှင့် သမ္မတပိုရိုရှန်ကိုတို့ သဘောတူခဲ့ကြသည်။ လူ့အခွင့်အရေးကော်မရှင်နာတို့သည် ယူကရိန်းနိုင်ငံ၌ အထိန်းသိမ်းခံထားရသည့် ရုရှားအကျဉ်းသားများနှင့် ရုရှားနိုင်ငံ၌ ထိန်းသိမ်းခံထားရသည့် ယူကရိန်းအကျဉ်းသားများကို အပြန်အလှန်လေ့လာကြမည်ဖြစ်သည်။ ရုရှားနှင့်ယူကရိန်းတို့သည် ခရိုင်းမီးယားအရေးကိစ္စတွင် ရုရှား၏ပါဝင်ပတ်သက်မှုကြောင့် အခြေအနေဆိုးရွားခဲ့ရသည်။

**ဆင်ဟွာ**

## အမေရိကန်ဘက်မှအဆင်ပြေလျှင် သမ္မတထရန့်နှင့် တွေ့ဆုံရန် အသင့်ဟု ပူတင်ဆို

**မော်စကို ဇွန် ၁၀**

ရုရှားသမ္မတ ဗလာဒီမာပူတင်သည် အမေရိကန်ဘက်မှသာအဆင်သင့်ဖြစ်လျှင် သမ္မတထရန့်နှင့်တွေ့ဆုံရန် အသင့်ရှိသည်ဟု တနင်္ဂနွေနေ့က ပြောသည်။

ဗီယင်နာမြို့သည် နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံရန် အဆင်ပြေသော နေရာဖြစ်လာမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်ပြောခဲ့သည်။

အမေရိကန်ဘက်မှသာ အဆင်သင့်ဖြစ်နေပါက အစည်းအဝေးမှာ အကောင်အထည်ပေါ်လာမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ချင်းတောက်မြို့တော်၌ သတင်းထောက်များကို ရုရှားသမ္မတပူတင်က ပြောခဲ့သည်။

အမေရိကန်သမ္မတက ယင်းအစည်းအဝေးမှာ အလုပ်ဖြစ်လိမ့်မည်ဟု မကြာခဏပြောလေ့ရှိပြီး ယင်းအဆိုကို ထောက်ခံကြောင်း သမ္မတပူတင်က ပြောခဲ့သည်။ သမ္မတပူတင်က ၎င်းသည် ဆွေးနွေးပွဲပြုလုပ်ရန်နေရာကို သမ္မတထရန့်နှင့် မဆွေးနွေးခဲ့ဖူးကြောင်း ပြောသည်။ သို့သော် ဩစတြီးယားနိုင်ငံအပါအဝင် နိုင်ငံအများအပြားက အမေရိကန်နှင့် ရုရှားတို့ ဆွေးနွေးပွဲပြုလုပ်ရန် ကမကထ ပြုလုပ်ပေးလိုကြကြောင်း ၎င်းက ဆက်ပြောသည်။



သမ္မတပူတင်သည် ဩစတြီးယားဝန်ကြီးချုပ်နှင့် ဗီယင်နာမြို့၌ တွေ့ဆုံစဉ် အစည်းအဝေးအတွက် ကမကထ ပြုလုပ်ပေးရန် ကမ်းလှမ်းခဲ့ပြီး ယင်းအစည်းအဝေးအတွက် အမေရိကန်ဘက်မှလည်း စိတ်ဝင်စားလျက်ရှိကြောင်း ဝေါစထရိဂျာနယ်တွင် ဖော်ပြထားသည်။

ဩစတြီးယားနိုင်ငံဘက်မှလည်း ရုရှားနှင့် အနောက်အုပ်စုတို့အကြား သဘာဝပတိအဖြစ် ဆောင်ရွက်ပေးရန် စိတ်ဝင်စားလျက်ရှိသည်။ ခရိုင်းမီးယားအရေးကိစ္စနှင့် ပတ်သက်၍ အီးယူနိုင်ငံများက ရုရှားကို စီးပွားရေးအရပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။ ဗြိတိန်၌ ရုရှားအေးဂျင့်ဟောင်းတစ်ဦး အဆိပ်ခတ်ခံရမှု မတ်လအတွင်းကဖြစ်ပွားခဲ့ရာ ယင်းကိစ္စကြောင့် အနောက်နိုင်ငံများက ရုရှားသံတမန်များကို ၎င်းတို့နိုင်ငံအတွင်းမှ နှင်ထုတ်ခဲ့သော်လည်း ဩစတြီးယားနိုင်ငံကမူ နှင်ထုတ်ခြင်းမပြုခဲ့ပေ။ ရုရှားအေးဂျင့်ဟောင်းလန်ဒန်၌ အသတ်ခံရမှု၏နောက်ကွယ်မှ ရုရှားက ကြိုးကိုင်လျက်ရှိသည်ဟု အနောက်အုပ်စုက ယူဆထားကြသည်။

**အေအက်ဖ်ပီ**




## ဗြိတိန်ဘုရင်မကြီး၏ မွေးနေ့ပွဲအထိမ်းအမှတ် ချီတက်လှည့်လည်သည့် အခမ်းအနားတွင် မီဂန်မာကယ် ပထမဦးဆုံးအကြိမ်တက်ရောက်

**လန်ဒန် ဇွန် ၁၀**

ဗြိတိန်ဘုရင်မကြီးအဲလိဇဘက် ၂ ၏ မွေးနေ့ပွဲအထိမ်းအမှတ် တော်ဝင်အခမ်းအနားတစ်ခုဖြစ်သည့် ချီတက်လှည့်လည်ပွဲအခမ်းအနားတွင် မကြာသေးခင်ကမှ တော်ဝင်မိသားစုဝင်ဖြစ်လာသော မီဂန်မာကယ်လည်းတက်ရောက်ခဲ့ကြောင်း သိရသည်။ ယင်းအခမ်းအနားကိုစနေနေ့က လန်ဒန်မြို့၌ ကျင်းပခဲ့ရာ မီဂန်မာကယ်အနေဖြင့် ယင်းအခမ်းအနားကို ပထမဦးဆုံးအကြိမ်တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ဆာဆက်မြို့စားကတော်အဖြစ် တက်ရောက်ခဲ့ခြင်းဖြစ်သည်။ မွေးနေ့ပွဲအထိမ်းအမှတ် ချီတက်ပွဲအခမ်းအနားကို ဇွန်လ ပထမပတ်စနေနေ့တိုင်းတွင် ကျင်းပလေ့ရှိသည်။ တော်ဝင်အခမ်းအနားဝတ်စုံများ ဝတ်ဆင်ထားသည့် စစ်သည် ၁၀၀၀ နှင့် မြင်းစီးတပ်သား ရာပေါင်းများစွာဖြင့် ကျင်းပခဲ့ကြခြင်း ဖြစ်သည်။

ဂျော့ဘုရင် ၂ လက်ထက်မှစတင်ကာ ဘုရင်တရားဝင်မွေးနေ့ပွဲကို ဇွန်လအတွင်းသို့ပြောင်းရွှေ့ခဲ့သည်။အမှန်တကယ် ဂျော့ဘုရင် ၂ ၏မွေးနေ့မှာ နိုဝင်ဘာလဖြစ်သော်လည်း ယင်းလအတွင်းချီတက်ပွဲပြုလုပ်ရန်မှာ ရာသီဥတုအရအဆင်မပြေသည့်အတွက် ယခုလိုပြောင်းလဲသတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ ယခုပြုလုပ်သည့်ပွဲမှာ အဲလိဇဘက် ၂ ဘုရင်မကြီး၏ ၉၂ နှစ်မြောက်မွေးနေ့ပွဲတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီးဘုရင်မကြီးသည် ဗြိတိန်သမိုင်းတွင် သက်တမ်းအရှည်ဆုံးဘုရင်မကြီးအဖြစ် စာရင်းဝင်ထားသည်။

**ဆင်ဟွာ**

**နိုင်ငံတကာ သတင်းတိုထွာ**

## အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း၌ မိုးထစ်ချုန်းရွာသွန်းခဲ့ရာ လူပေါင်း ၂၇ ဦးသေဆုံး

**နယူးဒေလီ ဇွန် ၁၀**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဘီဟာပြည်နယ်အတွင်း မိုးထစ်ချုန်းရွာသွန်းမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၂၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သေဆုံးသူအများစုမှာ မိုးကြိုးပစ်ခံရသဖြင့် သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း အစိုးရအရာရှိတစ်ဦးက မကြာသေးမီက ပြောခဲ့သည်။

ဘီဟာပြည်နယ်အတွင်း ဒေသအချို့တွင် သဘာဝဘေး ပိုမိုဆိုးရွားစွာ ခံစားခဲ့ရပြီး စိုက်ပျိုးသီးနှံများမှာလည်း ဆိုးရွားလှသည့် ရာသီဥတုအခြေအနေကြောင့် ပျက်စီးခဲ့ကြောင်း ပြည်နယ်သဘာဝဘေးထိန်းချုပ်ရေး ဝန်ကြီးဌာနအရာရှိတစ်ဦးက ပြောခဲ့သည်။

အိန္ဒိယနိုင်ငံ ပြည်နယ်အချို့တွင် မိုးထစ်ချုန်းရွာသွန်းမှု ဆက်လက်ဖြစ်ပွားနိုင်ခြေရှိကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနမှ မကြာသေးမီက သတင်းထုတ်ပြန်ကြေညာခဲ့သည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းဒေသသည် မေလမှစတင်ကာ ယခုအချိန်အထိ ဆိုးရွားသည့် ရာသီဥတုနှင့် ကြုံတွေ့ခဲ့ရသောကြောင့် လူပေါင်း ၂၀၀ ကျော် သေဆုံးခဲ့ ပြီး ၄၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အက်စ်စီအိုတွင် ဒေသတွင်း ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိရန် ကူညီထောက်ပံ့မှုအသစ်များ ပြုလုပ်ခဲ့

**ချင်းတောက် ဇွန် ၁၀**

ရှန်ဟိုင်းပူးပေါင်း ဆောင်ရွက်မှုအဖွဲ့ကဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် ပုံစံသစ်ဖန်တီးခဲ့ပြီး ဒေသတွင်း ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိရန် ကူညီထောက်ပံ့မှုအသစ်များ ပြုလုပ်ခဲ့ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဇွန် ၁၀ ရက်ကပြောခဲ့သည်။

ရှီသည် တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်တုံပြည်နယ် ချင်းတောက်ကမ်းရိုးတန်းမြို့တွင် ပြုလုပ်ခဲ့သော ၁၈ ကြိမ်မြောက် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အဖွဲ့ဝင်နိုင်ငံများမှ ခေါင်းဆောင်များ ကောင်စီအစည်းအဝေးတွင် အထက်ပါအတိုင်း မိန့်ခွန်းပြောခဲ့ခြင်းဖြစ်သည်။

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ အက်စ်စီအိုသည် ရုရှား၊ တရုတ်၊ အာရှအလယ်ပိုင်းနိုင်ငံများ အပါအဝင် စုစုပေါင်းရှစ်နိုင်ငံ၏ လုံခြုံရေးနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအတွက် မူဘောင်တစ်ခုဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တက်ရောက်ခဲ့သည်။ ထို့အပြင် အီရန်သမ္မတ ဟက်ဆန်ရူဟာနီသည်လည်း လေ့လာစောင့်ကြည့်သည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် အစည်းအဝေးတွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဒုက္ခသည်များ အမေရိကန်နိုင်ငံသို့ မဝင်ရောက်နိုင်ရေးဆောင်ရွက်

*တင်လင်းအောင်*

အမေရိကန်နိုင်ငံအတွင်း တရားဝင်စာရွက်စာတမ်းအထောက်အထားမပြနိုင်ဘဲ ဝင်ရောက်လာတဲ့ ဒုက္ခသည်တွေကို အမေရိကန်အစိုးရက ထောင်သွင်းအကျဉ်းချထားမှုတွေ လုပ်ခဲ့တယ်လို့ သတင်းတွေမှာဖော်ပြခဲ့ပါတယ်။

**ကန့်သတ်မှုတွေပိုမိုလုပ်ဆောင်**

လွန်ခဲ့တဲ့နှစ်က ဒီလိုအချိန်မှာ အမေရိကန် သမ္မတဒေါ်နယ်ထရန့်ဟာ ဒုက္ခသည်တွေနဲ့ တခြားရွှေ့ပြောင်းအခြေချသူတွေ အမေရိကန်ပြည်ထောင်စုထဲ မဝင်နိုင်အောင် တင်းကျပ်တဲ့ အမိန့်တစ်ရပ်ထုတ်ပြန်ခဲ့ပါတယ်။ သမ္မတဒေါ်နယ်ထရန့်ဟာ သူ့ရဲ့ရွေးကောက်ပွဲ ကတိကဝတ်တွေအပေါ်မှာ လျင်လျင်မြန်မြန် အကောင်အထည်ဖော်လာခဲ့တယ်လို့ ယူဆရပါတယ်။

ထို့အတူ အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ သူ့ရဲ့ရွေးကောက်ပွဲကတိအတိုင်း နယ်စပ်တံတိုင်းကာရံခြင်းကို တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိပါတယ်။ ဒုက္ခသည်ခိုလှုံအခြေချနေထိုင်ခွင့်ကန့်သတ်မှုတွေကို ပြုလုပ်ခဲ့တာဟာ နိုင်ငံရဲ့လုံခြုံရေး အတွက်ပါလို့ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မကြာသေးခင်ကမှ သူ့ရဲ့လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အမျိုးသားလုံခြုံရေးအတွက် နောက်ထပ်လည်း လူဝင်မှုကြီးကြပ်ရေးနဲ့ဆိုင်တဲ့ ကန့်သတ်မှုတွေ ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်လို့ သူကဆက်လက်ပြီး ပြောပြခဲ့ပါတယ်။

**ဒုက္ခသည်ဝင်ရောက်မှုတွေကို ကာကွယ်ဖို့**

အခြားနိုင်ငံတွေမှာ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေအတွက် တံတားတွေ တည်ဆောက်နေကြပေမယ့် ဆန့်ကျင်ဘက်အနေနဲ့အမေရိကန်နိုင်ငံကတော့ သူ့နိုင်ငံအတွင်းကို ဒုက္ခသည် ဝင်ရောက်မှုတွေ ကာကွယ်ဖို့အတွက် တံတိုင်းတွေ တည်ဆောက်ခြင်းဖြစ်တယ်လို့ သူက ပြောခဲ့ပါတယ်။

တရားရုံးက စည်းမျဉ်း စည်းကမ်းတွေနဲ့ နောက်ဆက်တွဲ အမိန့်နည်းဥပဒေတွေ ထုတ်ပြန်ပြီးတဲ့နောက်မှာ ဒုက္ခသည်တွေဟာ အမေရိကန်ပြည်ထောင်စုမှာ အလွန့်အလွန်နှေးကွေးတဲ့နှုန်းနဲ့ ပြန်လည် နေရာချထားခြင်းခံရမှာဖြစ်ပါတယ်။ လျှောက်ထားသူတွေကိုလည်း အသေအချာပြန်လည်စိစစ်ပြီး လက်ခံသွားမှာဖြစ်လို့ နှောင့်နှေးမှုတွေတော့ ရှိဦးမှာပါ။

အမေရိကန် သမ္မတဒေါ်နယ်ထရန့်အစိုးရရဲ့ပထမတစ်နှစ်မှာ အမေရိကန်ပြည်ထောင်စုထဲကို ဒုက္ခသည်အရေအတွက် ၂၉၇၂၅ ဦးသာ ဝင်ခွင့်ပြုခဲ့ပါတယ်။ အဲဒီပမာဏဟာ လွန်ခဲ့တဲ့နှစ်က အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်ဖို့ လက်ခံခဲ့တဲ့ ဒုက္ခသည်အရေအတွက် ၉၉၁၈၃ ဦးနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အလွန်ကို နည်းပါးခဲ့တာ ဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်တွေမှာ အမေရိကန်ပြည်ထောင်စုဟာ ဒုက္ခသည်တွေအရေအတွက် နှစ်သိန်းကျော် လက်ခံခဲ့တာဖြစ်ပါတယ်။




လွန်ခဲ့တဲ့ အောက်တိုဘာလမှာ အမေရိကန် သမ္မတဒေါ်နယ်ထရန့်အစိုးရဟာ လက်ရှိဘဏ္ဍာနှစ်အတွက် ရောက်ရှိ ဒုက္ခသည်အရေအတွက် ပမာဏကို သမိုင်းတွင်စေမယ့် ပမာဏဖြစ်တဲ့ ၄၅၀၀၀ ထိ ကန့်သတ်လိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ တင်းကျပ်တဲ့ လူဝင်မှုကြီးကြပ်ရေး ဥပဒေအရ အမေရိကန်ပြည်ထောင်စုကို ဝင်ရောက်မယ့်ဒုက္ခသည် အရေအတွက်ဟာ သိသိသာသာ တိုးတက်မှုရှိလာမှာ မဟုတ်တဲ့အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အစိုးရ သတ်မှတ်ကန့်သတ်ထားတဲ့ နှုန်းအထိရောက်ဖို့ဆိုတာတောင် မလွယ်လှပါဘူး။

**ပိုမိုကောင်းမွန်တဲ့ဘဝတွေရဖို့မျှော်လင့်**

ယခုနှစ်မှာ အမေရိကန်ပြည်ထောင်စုဟာ ကနေဒါထက်လျော့နည်းတဲ့ ဒုက္ခသည်အရေအတွက် ပမာဏကို ပြန်လည်နေရာချထားမှုတွေလုပ်ကိုင်ဆောင်ရွက်နေပါပြီ။ ကနေဒါနိုင်ငံရဲ့ လူဦးရေဟာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ လူဦးရေရဲ့ဆယ်ပုံတစ်ပုံလောက်ပဲ ရှိပါတယ်။

ဒုက္ခသည်တွေဟာ သူတို့တိုင်းပြည်တွေမှာ ဖိနှိပ်မှုတွေခံနေရတာကြောင့် နယ်မြေသစ် ရှာဖွေဖို့ ကြိုးစားရင်း အိမ်နီးချင်းပြည်နယ်တွေရဲ့ ဒုက္ခသည်စခန်းတွေမှာ ဒုက္ခတွေ ခံစားနေကြရပါတယ်လို့ ဒုက္ခသည်အသိုင်းအဝိုင်းနဲ့ ရင်းနှီးသူတစ်ဦးက ပြောပါတယ်။ သူတို့ဟာ အမေရိကန်ပြည်ထောင်စုမှာ ပိုမိုကောင်းမွန်တဲ့ ဘဝတွေရရှိဖို့ ပြန်လည်အခြေချမယ်လို့ မျှော်လင့်ချက်ကလေးနဲ့ နေထိုင်ခဲ့တာဖြစ်ပြီး လတ်တလောမှာ အမေရိကန်ပြည်ထောင်စုရဲ့ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်ဖို့ စောင့်ဆိုင်းနေရတဲ့ပုံစံ ဖြစ်နေပါတယ်။

**ခရီးသွားလာခွင့်တားမြစ်ချက်တွေ အပေါ်ဝေဖန်မှုတွေရှိ**

ခရီးသွားလာခွင့်တားမြစ်ချက်တွေအပေါ် ဝေဖန်သူတွေက အဲဒီခရီးသွားလာခွင့်တားမြစ်ချက်တွေဟာ မွတ်စလင်တွေကိုသာ တားမြစ်ထားခြင်းဖြစ်တယ်လို့ ဝေဖန်ခဲ့ပါတယ်။ အထူးသဖြင့် ဆီးရီးယားပြည်တွင်းစစ်က ထွက်ပြေးလာတဲ့ မွတ်စလင်ဒုက္ခသည်တွေလည်း အပါအဝင်ပေါ့။ မွတ်စလင်ဒုက္ခသည်တွေဟာ အန္တရာယ် အဖြစ်စေနိုင်ဆုံးသူတွေလို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ထင်ပုံရပါတယ်။

**ဒုက္ခသည်ဝင်ရောက်မှုအပေါ် ပိတ်ပင်မှုတွေဆောင်ရွက်**

အိုဘားမား အစိုးရလက်ထက်နဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် အမေရိကန်သမ္မတဒေါ်နယ်ထရန့်အစိုးရ လက်ထက်မှာ မွတ်စလင်ဒုက္ခသည်ပမာဏကို ၈၀ ရာခိုင်နှုန်းထက်လျော့နည်းပြီး ဝင်ခွင့်ပြုခဲ့တာတွေ့ရမှာဖြစ်ပါတယ်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ရဲ့ကြေညာချက်မှာ အမေရိကန်ပြည်ထောင်စုဟာ ဖိနှိပ်မှုခံနေရတဲ့ ခရစ်ယာန်တွေကို ဦးစားပေးမယ်လို့ ဖော်ပြခဲ့ပေမယ့် အမေရိကန်ပြည်ထောင်စုမှာ ပြန်လည်အခြေချနေထိုင်တဲ့ဖိနှိပ်ခံ ခရစ်ယာန်အရေအတွက်ဟာ သိသိသာသာကိုပဲ လျော့နည်းလာခဲ့ပါတယ်။ ယခင်နှစ်နဲ့ နှိုင်းယှဉ်ရင် အမေရိကန်သမ္မတဒေါ်နယ်ထရန့် သမ္မတတာဝန်ထမ်းဆောင်တဲ့ တစ်နှစ်တာအတွင်းမှာ ခရစ်ယာန်ဒုက္ခသည် ၂၇၀၀၀ ခန့် ဝင်ခွင့်ပြုခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုမှာ နေထိုင်တဲ့ စုစုပေါင်းဒုက္ခသည် အရေအတွက်ကို လျှော့ချလိုက်သလို အီရန်နဲ့ အီရတ်ကဲ့သို့သော မွတ်စလင်အများစု နေထိုင်တဲ့နိုင်ငံတွေက ဒုက္ခသည်တွေ အမေရိကန်ပြည်ထောင်စုအတွင်း ဝင်ရောက်အခြေချ နေထိုင်ခြင်းကိုလည်း တားမြစ်ပိတ်ပင်မှုတွေ ပြုလုပ်ခဲ့ပါတယ်။

> **အမေရိကန်ပြည်ထောင်စုမှာ နေထိုင်တဲ့ စုစုပေါင်း ဒုက္ခသည် အရေအတွက်ကို လျှော့ချလိုက်သလို အီရန်နဲ့ အီရတ်ကဲ့သို့သော မွတ်စလင်အများစု နေထိုင်တဲ့နိုင်ငံတွေက ဒုက္ခသည်တွေ အမေရိကန် ပြည်ထောင်စုအတွင်း ဝင်ရောက်အခြေချနေထိုင် ခြင်းကိုလည်း တားမြစ်ပိတ်ပင်မှုတွေ ပြုလုပ်ခဲ့**

အဲဒီ တားမြစ်ပိတ်ပင်မှုဟာ အမေရိကန်နိုင်ငံမှာ အခြေချနေထိုင်ကောင်း နေထိုင်နိုင်တဲ့ သူတွေကိုလည်း ထိခိုက်နစ်နာမှုတွေ ဖြစ်စေခဲ့ပါတယ်။ ဥပမာ ကင်ညာ၊ လက်ဘနွန်နဲ့ ဂျော်ဒန်စတဲ့ နိုင်ငံတွေက လူထောင်ပေါင်းများစွာဟာ အိမ်နီးချင်းတိုင်းပြည်တွေရဲ့ ဖိနှိပ်မှုတွေကြောင့် ထွက်ပြေးနေရရုံသာမက ပြည်တွင်း ဖိအားတွေကြောင့်လည်း တခြားတစ်နေရာမှာ ခိုလှုံဖို့ တွန်းအားပုံစံဖြစ်လာပါတယ်။ အဲလိုဒေသက လူတွေဟာ သူတို့ ဘဝလုံခြုံတိုးတက်ဖို့ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပိုကောင်းတဲ့ နေရာတွေ ရှာဖွေမှာဖြစ်ပါတယ်။ သို့သော်လည်းပဲ အလွန်တရာနည်းပါးလှတဲ့ ဒုက္ခသည်အရေအတွက်ကို လက်ခံခွင့်ပြုထားတဲ့ အမေရိကန်ပြည်ထောင်စုလိုနေရာမျိုးက သူတို့ကို မျှော်လင့်ချက်တွေ မဲ့ကောင်းမဲ့စေမှာပါ။

**နိုင်ငံလုံခြုံရေးအတွက်ပါ**

ဒုက္ခသည်ခိုလှုံအခြေချ နေထိုင်ခွင့်ကန့်သတ်မှုတွေကို ပြုလုပ်ခဲ့တာဟာ နိုင်ငံရဲ့ လုံခြုံရေးအတွက်ပါလို့ အမေရိကန် သမ္မတဒေါ်နယ်ထရန့်က မကြာသေးခင်ကမှ သူ့ရဲ့ လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ရေးသားဖော်ပြခဲ့ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ အမျိုးသားလုံခြုံရေးအတွက် နောက်ထပ်လည်း လူဝင်မှုကြီးကြပ်ရေးနဲ့ဆိုင်တဲ့ ကန့်သတ်မှုတွေ ပိုမိုလုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ သူက ဆက်လက် ပြောခဲ့ပါတယ်။

လွန်ခဲ့တဲ့နှစ်ကတော့ ဒုက္ခသည်တွေအတွက် အကျပ်အတည်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့နှစ်ပဲ ဖြစ်ပါတယ်။ အနာဂတ်သစ်ကိုဖွေရှာနေတဲ့ ဒုက္ခသည်တွေ၊ သူတို့ရဲ့ စိတ်ကောင်းစေတနာကောင်းတွေကြောင့် အမေရိကန်အစိုးရဟာ ဒုက္ခသည်တွေအပေါ် မှန်ကန်တဲ့ နည်းလမ်းကို ကျင့်သုံးနိုင်ပါစေလို့ ဆန္ဒပြုသလို ဒုက္ခသည်တွေနဲ့ပတ်သက်တဲ့ တကယ့်မှန်ကန်တဲ့ အချက်အလက်တွေကို ပြန်လည်စိစစ်ပြီး အမေရိကန်ပြည်သူတွေ စိုးရိမ်နေတဲ့ ဒုက္ခသည်တွေအရေးနဲ့ပတ်သက်ပြီး အချိန်မီမှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ပါစေလို့။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

**ဆင်ဟွာ**



# ရွှေတိဂုံစေတီတော်သို့ လာရောက်သူများအား နိုင်ငံ ၂၄ နိုင်ငံမှ စားဖိုမှူးများက ဟင်းလျာများချက်ပြုတ်လှူဒါန်း

ရန်ကုန် ဇွန် ၁၀

နယ်စည်းမခြား ကမ္ဘာ့စားဖိုမှူးများအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်သော နိုင်ငံပေါင်း ၂၄ နိုင်ငံမှ စားဖိုမှူး ၆၀ က ဇွန် ၁၀ ရက် နံနက် ၉ နာရီက ရုံးပိတ်ရက်တွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် ဓာတ်လှေကားအနီး၌ ကိုယ်တိုင်ချက်ပြုတ်သော အစားအစာများဖြင့် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူလေးထောင်အား အာဟာရ ကုသိုလ်အဖြစ် ချက်ပြုတ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ယခုလိုချက်ပြုတ်လှူဒါန်းနိုင်ရန် ၂၀၀၈ ခုနှစ်နာဂစ်တွင် မြန်မာနိုင်ငံသို့ လာရောက် ကူညီခဲ့ကြသော စားဖိုမှူး ၄၀ က ပြန်လည်စုစည်း၍ တစ်ဦးလျှင် ယူရိုငွေတစ်ထောင် မတည်ကာ(မြန်မာငွေကျပ် ၁၆ သိန်း) မြန်မာစားဖိုမှူးများအဖွဲ့(MCWB) နှင့်ပူးပေါင်း၍ ယခုလိုချက်ပြုတ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်

"အစားအသောက်ဆိုတာ မျှဝေခံစားရတာဖြစ်တဲ့အတွက် စားဖိုမှူးတွေက သူတို့ရဲ့လက်ရာတွေကို မျှဝေခံစားစေလိုတာလည်း ပါပါတယ်၊ အခု စားသောက်တာမြင်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု နယ်စည်းမခြား စားဖိုမှူးများအဖွဲ့ချုပ်မှ အဖွဲ့ဝင်တစ်ဦးဖြစ်သော ကနေဒါနိုင်ငံသူ မစ္စကိုလီနီးယားဗိုလီနိုက ပြောသည်။

ဘုရားဖူးလာရောက်သောပြည်သူတို့ဖြင့် ရွှေတိဂုံတောင်ဘက်မုခ်တွင် စည်ကားလျက်ရှိပြီး တစ်ဦးလျှင် ဖော့ဘူးကြီးတစ်ဘူးစီဖြင့် အသင့်ချက်ပြုတ်ထားသော ဟင်းလျာတို့ကို တန်းစီစနစ်ဖြင့် ပရဟိတအဖွဲ့ခြောက်ဖွဲ့တို့က ကူညီဆောင်ရွက်ကာ နိုင်ငံခြားသား စားဖိုမှူးတို့က အဆိုပါနေရာတွင် ချက်ပြုတ်၍ ချက်ချင်းလှူဒါန်းပေးဝေခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံမှ စားဖိုမှူးတစ်ဦးဖြစ်သော မစ္စတာ Lenard Rubin ကလည်း "မြန်မာနိုင်ငံမှာ စားဖိုမှူးပြိုင်ပွဲအတွက် အကဲဖြတ်ဒိုင်လုပ်ရင်း အခုလိုဖြစ်မြောက်ဖို့ ကူညီရတာ ဝမ်းသာတယ်၊ မြန်မာပြည်သူတွေနဲ့တွေ့ရတာ၊ ကိုယ်တိုင်ချက်ပြုတ်တာကို ဟန်ဆောင်မှုကင်းကင်းနဲ့ စားသောက်တာမြင်ရတော့ပီတိဖြစ်ရတယ်"ဟု ပြောကြားသည်။ "ဒီအဖွဲ့နဲ့ ပထမဆုံးလုပ်ကိုင်ရတာဖြစ်သလို ပထမဆုံး မြန်မာနိုင်ငံကို ရောက်ဖူးတာလည်း ဖြစ်ပါတယ်၊ နောက်တစ်ကြိမ် အခွင့်အရေးရရင်လည်း လာရောက်ချက်ပြုတ်လှူဒါန်းချင်ပါသေးတယ်"ဟု နီပေါနိုင်ငံမှ စားဖိုမှူး မစ္စတာ Kumar Chalise က ပြောကြားသည်။

ရန်ကုန်မြို့ မြေနီကုန်းစတားအကယ်ဒမီဟိုတယ်သင်တန်းကျောင်းမှ ချက်ပြုတ်နည်းပိုင်းဆိုင်ရာ သင်တန်းနည်းပြ ဒေါ်မိုးမိုးခိုင်ကလည်း "နိုင်ငံတကာက ချက်ပြုတ်တဲ့ပုံတွေကို ရုပ်သံပေါ်မှာပဲ တွေ့ရတာလေ၊ အခုလိုတွေ့ရတော့ မြန်မာ့အစားအစာ ချက်ပြုတ်မှုတိုးတက်မြင့်မားလာတဲ့အတွက် ဝမ်းသာဂုဏ်ယူရပါတယ်၊ အထူးသဖြင့် နိုင်ငံတကာက စားဖိုမှူးတွေလာပြီး စားဖိုမှူးသင်တန်းမှ အကဲဖြတ်တယ်၊ ကူညီပေးတယ်၊ အလှူအတန်းတွေလုပ်ဆောင်ပေးတာမြင်ရတော့ ဝမ်းသာရပါတယ်"ဟု ပီတိစကား ပြောကြားသည်။

အမေရိကန်၊ ဂျာမနီ၊ ဟောင်ကောင်၊ ကနေဒါ၊ အင်ဒိုနီးရှား၊ ထိုင်းအပါအဝင် နိုင်ငံပေါင်း ၂၄ နိုင်ငံမှ စားဖိုမှူးများကိုယ်တိုင်ချက်ပြုတ်ကြပြီး အာရှမှ လေးနိုင်ငံနှင့် ဥရောပနိုင်ငံများမှ အဓိကပါဝင်ကာ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဘုရားဖူးပြည်သူ လေးထောင်အား ဟင်းလျာများ လှူဒါန်းခဲ့ပြီး ဇွန် ၁၁ ရက်တွင်လည်း သင်္ဘောသုံးစင်းဖြင့် လှူဦးရေ ရှစ်ထောင်စာအတွက် နံနက် ၃ နာရီမှ စတင်ချက်ပြုတ်၍ မြစ်ကမ်းဘေးမှ ကျေးရွာသုံးရွာကို လှူဒါန်းသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**သတင်း-သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**



# ယာဉ်စီးခကို ကတ်စနစ်ဖြင့် ငွေပေးချေရန် မကြာမီ စာချုပ်ချုပ်ဆို ဆောင်ရွက်မည်

ရန်ကုန် ဇွန် ၁၀

**ယာဉ်စီးခကို ကတ်စနစ်ဖြင့် ငွေပေးချေရန် ဝိုင်ဘီအက်စ်နှင့် ညီညွတ်မည့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်မည့် ကုမ္ပဏီကို ရွေးချယ်ခဲ့ပြီးဖြစ်၍ မကြာမီမှာပင် စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။**

ဇွန်လ ၈ ရက်နေ့တွင် ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် ဒဂုံဆိပ်ကမ်းမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျ၏ မေးခွန်းကို ပြန်လည်ဖြေကြားရာတွင် ဝန်ကြီးက ထိုသို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့နှင့် ပတ်သက်သော လိုက်နာကျင့်သုံးရမည့် ဥပဒေနှင့်နည်းဥပဒေများ တိကျစွာ ပေါ်ထွက်လာရေး မည်သို့စီမံဆောင်ရွက်ထားကြောင်းနှင့် လွှတ်တော်တွင် ဆွေးနွေးနိုင်မည့်နေ့ရက်ကို သိရှိလိုပါကြောင်း၊ ဝိုင်ဘီအက်စ်စနစ်ပြောင်းလဲစဉ်က ကားခငွေပေးချေနိုင်မည့် ငွေဖြည့်ကတ်စနစ်အား သုံးလအတွင်း ကျင့်သုံးမည်ဟု သိရှိရသော်လည်း ယနေ့ထိတိုင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ယာဉ်ကြောကျပ်တည်းမှုကို အတိုင်းအတာတစ်ရပ်အထိ ဖြေရှင်းရေးနှင့် ဝိုင်ဘီအက်စ်ယာဉ်များ စည်းကမ်းထိန်းသိမ်းရေးအတွက် ဒဂုံမြို့နယ် အလုံလမ်းတွင် ဆောင်ရွက်နေသော ခေတ်မီမီးပွိုင့်စနစ် ထိန်းချုပ်ရေးစင်တာ အနေဖြင့် မည်သည့်နေ့ရက်တွင် တည်ဆောက်ပြီးစီးမည်ဖြစ်ကြောင်းကို သိရှိလိုကြောင်း မေးမြန်းခဲ့သည်။

ထိုသို့မေးမြန်းမှုအပေါ် တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်လျက်ရှိသည့် လုပ်ငန်းများအား ကြီးကြပ်နိုင်ရန် စတင်ဖွဲ့စည်းခဲ့သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ရည်မှန်းချက်နှင့် ညီညွတ်သော အဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းနိုင်ရေး၊ အနာဂတ်ကာလ၌ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအပေါ်တွင် အကောင်အထည်ဖော်ဆောင်နိုင်သော အဖွဲ့အစည်းဖြစ်ရေးနှင့် အခြားနိုင်ငံများ၏ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့များ၏ လုပ်နည်းလုပ်ဟန်များ အပေါ်တွင်ပါ လေ့လာဆောင်ရွက်နိုင်ရေးတို့အတွက် အေဒီဘီ၏ အထောက်အကူပြုအဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းပြီး လုပ်ငန်းတာဝန်များ လျာထားခြင်းနှင့် ဖွဲ့စည်းပုံများရေးဆွဲနိုင်ရန် စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လိုအပ်သော ဥပဒေ၊ နည်းဥပဒေများ ပေါ်ထွက်လာရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၉ ခုနှစ်တွင် လွှတ်တော်သို့တင်ပြမည်ဖြစ်ကြောင်း၊ လိုအပ်သော ဥပဒေတစ်ရပ် မပြုစုနိုင်သေးမီ ဝိုင်အာတီအေ၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင်ရှိနေသော မော်တော်ယာဉ်များ၊ ရေလမ်းပို့ဆောင်ရေး၊ ကုန်းလမ်းပို့ဆောင်ရေး အစရှိသော မော်တော်ယာဉ်များ၊ မီးရထားများ အပါအဝင် အားလုံးကို လက်ရှိ တည်ဆဲပြည်ထောင်စု ဥပဒေများနှင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝိုင်ဘီအက်စ်စနစ် စတင်ပြောင်းလဲစဉ်က ငွေဖြည့်ကတ်စနစ်ကို သုံးလအတွင်း ကျင့်သုံးနိုင်အောင် အကောင်အထည်





ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော ဝိုင်ဘီအက်စ်ယာဉ်တစ်စီး။

ဖော်သည့်အခါ ယာဉ်စီးခများ မှန်ကန်စွာရရှိနိုင်ရေး အရေးကြီးသည်နှင့်အညီ ဝိုင်ဘီအက်စ်စနစ်သို့ ပြောင်းလဲခြင်းမှာ အများပြည်သူ သယ်ယူပို့ဆောင်ရေး စနစ်တစ်ခု၏ ကဏ္ဍအားလုံးကို ပြောင်းလဲဖော်ဆောင်ရခြင်းဖြစ်သည့်အလျောက် မိမိတို့ဒေသနှင့်ကိုက်ညီသော ယာဉ်စီးခပေးချေသည့် ကတ်စနစ်တစ်ခု မှန်မှန်ကန်ကန် ဖြစ်ပေါ်လာစေရေးအတွက် လေ့လာဆွေးနွေး ဆောင်ရွက်ရခြင်း၊ ပွင့်လင်းမြင်သာသော တင်ဒါစနစ် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာမှ တင်ဒါတွင် ပါဝင်လာနိုင်ရန် စနစ်ကျသော လုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်ရခြင်း၊ ဝိုင်ဘီအက်စ်ကားစီးခြင်းအတွက် သာမက ကဏ္ဍစုံသုံးစွဲနိုင်ရေး ပြင်ဆင်ရခြင်းတို့ ဆောင်ရွက်ခဲ့ရသောကြောင့် ယခုလို အချိန်ယူရခြင်း ဖြစ်ပါကြောင်း၊ ယခုအခါ ယာဉ်စီးခကို ကတ်စနစ်ဖြင့် ငွေပေးချေရန် ဝိုင်ဘီအက်စ်နှင့် ညီညွတ်မည့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်မည့် ကုမ္ပဏီအား ရွေးချယ်ခဲ့ပြီးဖြစ်၍ မကြာမီမှာပင် စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ခေတ်မီမီးပွိုင့်ထိန်းချုပ်ရေးစင်တာမှာ မီးပွိုင့်စနစ်သာမက ရန်ကုန်မြို့တွင် သွားလာလျက်ရှိသည့် ယာဉ်ကြောများအားလုံးကိုပါ စောင့်ကြည့်ထိန်းချုပ်နိုင်ရေးကို ရည်ရွယ်ပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ခေတ်မီ မီးပွိုင့်စနစ်ထိန်းချုပ်ရေးစင်တာမှာ ယခင် တိုင်းဒေသကြီး အစိုးရလက်ထက်က စာချုပ်ချုပ်ဆိုကာ စတင်အကောင်အထည်ဖော်သည့် စီမံကိန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ကွန်ထရိုးစင်တာ အဆောက်အအုံ တည်ဆောက်ခြင်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ စီစီတီဗွီများဖြင့် စောင့်ကြည့်ခြင်း၊ ရန်ကုန်တိုင်းဘတ်စ်အော်ပရေတာ၊ ရန်ကုန်ဘတ်စ်ကားများကို ထိန်းချုပ်သည့်စင်တာတို့မှာ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကျန်သည့်မီးပွိုင့်များမှာ ရပ်နားထားသည့် ကားအသွားအလာ၊ ကားအရေအတွက်ကိုလိုက်ပြီး မီးပွိုင့်၏ကြာချိန်စနစ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မီးပွိုင့်တစ်ခုနှင့်တစ်ခု ချိတ်ဆက်သည့် အချိတ်အဆက်များကို လက်ရှိတွင် စမ်းသပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကွန်ထရိုးစင်တာနှင့် မီးပွိုင့် စီစီတီဗွီများ ချိတ်ဆက်မှုမှာ တပ်ဆင်အသုံးပြုသည့်ပစ္စည်းများ၏ အရည်အသွေးနှင့် အနေအထားများကို ပြန်လည်စိစစ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ နက်ဝပ်ချိတ်ဆက်မှုများမှာ ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်နေပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်မှ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တိုက်ရိုက်ချိတ်ဆက်ပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူလလျာထားချက်အတိုင်း အပြည့်အဝ အသုံးပြုနိုင်မည့် အခြေအနေကိုရောက်ရှိအောင် စဉ်ဆက်မပြတ် အမြန်ဆုံး တွန်းအားပေးဆောင်ရွက်နေပါကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ရေစကြိုတွင် ကမ်းပြိုနေမှုကြောင့် နေအိမ်နှစ်လုံးနှင့် ဘုန်းကြီးကျောင်းမှ ကျောင်းဆောင်သုံးဆောင် ရွှေ့ပြောင်း

ရေစကြို ဇွန် ၁၀

ရေစကြိုမြို့နယ် ဗလဗကျေးရွာတွင် ရောဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းများဆက်လက်ပြိုနေသည့်အတွက် စိုးရိမ်ဖွယ်လူနေအိမ် နှစ်လုံးနှင့် ဘုန်းကြီးကျောင်းအတွင်းမှ ကျောင်းဆောင်သုံးဆောင်တို့ကို ဖျက်သိမ်းပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

ယနေ့ ပြောင်းရွှေ့ရာတွင် ဗလဗညာဏိကာရုံ ဘုန်းကြီးကျောင်းတိုက်အတွင်းမှ ၈၅×၅၅×၁၈ ပေ RC တစ်ထပ်ကျောင်းဆောင်မှ သွပ်ပြား၊ ဒိုင်း၊ ကျည်းပေါင်၊ တံခါးရွက်များ၊ ၂၆×၁၈×၁၅ ပေ သိမ်ကျောင်းဆောင်မှ သွပ်ပြား၊ ဒိုင်း၊ ကျည်းပေါင်၊ တံခါးရွက်များ၊ ၃၅×၁၇×၁၂ ပေ RCတစ်ထပ် မီးစက်ဆောင်မှ သွပ်ပြား၊ ဒိုင်း၊ ကျည်းပေါင်၊ တံခါးရွက်များ၊ ဓမ္မရုံသီ စေတီအတွင်းမှ ၄၈×၁၄×၁၂ ပေ သွပ်မိုး၊ တန်ဆောင်းနှင့် ဒေါ်မြသင်း၏ (၃×၃)ပင်၊ သွပ်မိုး၊ ထရံကာ၊ ကြမ်းခင်း နှစ်ထပ်အိမ်၊ ဒေါ်မိုးဆွေ၏ (၄×၄)ပင် သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းအိမ်တို့ကို နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ပါ ၂၀ ဦး၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဇေပါ ၂၃ ဦး၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးသက်စိုးထိုက်ပါ နှစ်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီအောင်ပါ ၂၅ ဦး၊ မြို့နယ် ကြက်ခြေနီတပ်ခွဲမှူး ဦးကျော်ကျော်ခိုင်ပါ နှစ်ဦး၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးစောညီညီထွန်းပါ သုံးဦးတို့သည် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြဆောင်ပါ ကျေးရွာပြည်သူ ၁၅၀ တို့နှင့်ပူးပေါင်း၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။

ရွှေ့ပြောင်း အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်း၊ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းကို ထောက်ပံ့ပေးနိုင်ရေးအတွက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင် ထံမှ သိရသည်။



အဆိုပါ ဗလဗကျေးရွာတွင် ရောဝတီမြစ်ရေ တိုက်စားမှုကြောင့် ယခုနှစ်တွင် လူနေအိမ် ၁၂ လုံး ရွှေ့ပြောင်းပြီးဖြစ်ကြောင်း၊ စိုးရိမ်ဖွယ် အိမ် ရှစ်လုံးခန့် ရှိသေးကြောင်း၊ အထူးသဖြင့် သက္ကရာဇ် ၅၅၇ နှစ်က တည်ထားကိုးကွယ်သည့် ဉာဏ်တော် ၂၇ တောင်ရှိ ဓမ္မရုံသီစေတီတော်မှာ ကမ်းနှင့်ပေ ၃၀ ခန့်သာ အကွာအဝေးရှိသဖြင့် ပြိုကျသွားမည်ကို ဒေသခံများက စိုးရိမ်ပူပန်နေကြရကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြဆောင်က ပြောသည်။

၎င်းက ဆက်လက်ပြောပြရာ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ် ကမ်းပြိုမှုကြောင့် နေအိမ် ၆၂အိမ် ရွှေ့ပြောင်းခဲ့ရပြီး အဆိုပါ ရွှေ့ပြောင်း အိမ်ထောင်စုများအနက် မြေဝယ်ယူနိုင်သူများသာ မြေနေရာရှိ၍ မဝယ်နိုင်သူများက အမျိုးများနေအိမ်တွင် နေထိုင်ရဆဲဖြစ်ကြောင်း၊ မြေဈေးမှာ တစ်ဧကငွေကျပ် သိန်း ၈၀ နှင့်အထက် ဈေးပေါက်နေကြောင်း သိရှိရသည်။

**ဖေထွဏ်းဇော် (ရေစကြို)**

# သီပေါမြို့နယ် နမ့်လန်ဒေသမှ မိုးကြောင့်ပျက်စီးသွားသော နေအိမ်နှင့်လမ်းများပြုပြင်ရန်ကူညီပံ့ပိုး

သီပေါ ဇွန် ၁၀

ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် တောင်ကျရေများ စီးဆင်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး အိမ်ခြေပေါင်း ၁၉၆ အိမ်နှင့် မြို့တွင်းရှိ မြို့လယ်လမ်းမကြီးနှင့် လမ်းသွယ် ၁၂ လမ်းတို့ ပျက်စီးသွားခဲ့သည်။

အဆိုပါလူနေအိမ်များနှင့် ပျက်စီးသွားသော လမ်းများ၊ တံတိုင်းများ အချိန်နှင့်တစ်ပြေးညီ ပြန်လည်တည်ဆောက်ရေးအတွက် ခရိုင်နှင့် မြို့နယ်အဆင့်တို့မှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် အခင်းဖြစ်နေရာများသို့ ဇွန် ၉ ရက်က ကွင်းဆင်းသွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည်။

ထိုသို့ရေတိုက်စား၍ ပျက်စီးသွားသောလမ်းများ၊ ဘုန်းကြီးကျောင်း၏ ကာရံထားသော အုတ်တံတိုင်းများ ပြန်လည်ပြုပြင်ရန်အတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဘိလပ်မြေအိတ်များ၊ ပြည်နယ်ကြက်ခြေနီအသင်း (လားရှိုး)မှ အိမ်ဆောက်ပစ္စည်းများ၊ သီပေါမြို့မှ စေတနာရှင်များနှင့် ပရဟိတအဖွဲ့များကလည်း ဆန်၊ ဆီ၊ ဆေး၊ ဆားနှင့် စားစရာမုန့်များ၊ သောက်သုံးရန် ရေသန့်ဘူးများကို စဉ်ဆက်မပြတ် ကူညီပံ့ပိုးလှူဒါန်းလျက်ရှိသည်။

တောင်ကျရေများစီးဆင်းမှုကြောင့် ပျက်စီးသွားသော နမ့်လန်လမ်းမကြီးနှင့် မြို့တွင်းလမ်းများကိုလည်း နမ့်လန်တပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မြို့သူမြို့သားများ ပူးပေါင်းပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# ဆောက်လုပ်ဆဲ လေအားလျှပ်စစ်တာဝါတိုင် ဆိုင်းကြိုးပြတ်လဲကျ၍ လူနှစ်ဦးဒဏ်ရာရ

မင်းလှ ဇွန် ၁၀

သရက်ခရိုင် မင်းလှမြို့နယ် ရေနံ့မကျေးရွာ အနောက်မြောက်ဘက် ငါးမိုင်ခန့်အကွာ တောင်ကုန်းပေါ်တွင် ဇွန် ၁၀ ရက် နံနက်ပိုင်းက ဆောက်လုပ်ဆဲ လေအားလျှပ်စစ် တာဝါတိုင်ဆိုင်းကြိုး ပြတ်လဲကျ၍ လူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

မင်းလှမြို့နယ် ရေနံ့မကျေးရွာ အနောက်မြောက်ဘက်ငါးမိုင်ခန့်အကွာ တောင်ကုန်းပေါ်တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် Infra Capital Myanmar(ICM) စင်ကာပူအခြေစိုက် လေအား လျှပ်စစ်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လေအားလျှပ်စစ် တာဝါတိုင် ဆောက်လုပ်ရေးမှ အလုပ်သမားခေါင်း မျိုးဦး ရောဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် စကြံကျေးရွာနေသူနှင့် မြတ်သူ(ခ)ဇော်ထွန်း ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် တလုပ်ထော်ကျေးရွာနေသူတို့သည် တာဝါတိုင် ဆက်လက်တပ်ဆင်ရန်အတွက် တာဝါတိုင် လေးဆက် အမြင့် ၄၂ ပေ၊ ၁၀ လက်မခန့်သို့ စတီကြိုးဆိုင်းရန်အတွက် တက်ရောက်ခဲ့ရာမှ ပြန်လည်ဆင်းလာစဉ် တာဝါတိုင်အမြင့် ပေ ၂၀ ခန့်အရောက်တွင် ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် တာဝါတိုင်မြောက်ဘက်မှ ယာယီဆိုင်းကြိုးပြတ်တောက်၍ တောင်ဘက်သို့ အခြေမှလဲကျခဲ့ရာ မျိုးဦးတွင် (စိုးရိမ်ရ) ဒဏ်ရာနှင့် မြတ်သူ(ခ)ဇော်ထွန်းတွင် ပေါက်ပြဲနှင့် ပြတ်ရှဒဏ်ရာများ ရရှိ၍ ရေနံ့မတိုက်နယ်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိရာမှ မျိုးဦးမှာ အသက်ရှူကျပ်နေသဖြင့် မကွေးဆေးရုံသို့ လွှဲပြောင်းဆေးကုသမှု ခံယူခဲ့ရာ ရရှိသော ဒဏ်ရာကြောင့် ညနေ ၄ နာရီ ၅ မိနစ်တွင် သေဆုံးသွားကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# လှိုင်းဘွဲ့တွင် လေပြင်းတိုက် စာသင်ကျောင်းတစ်ကျောင်းနှင့် နေအိမ်လေးလုံး အမိုးများပျက်စီး

လှိုင်းဘွဲ့ ဇွန် ၁၀

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်း ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်ခဲ့သည့်အတွက် သာယာကုန်းကျေးရွာအုပ်စု ဝါးကုတ္တောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဝင်း အတွင်း အပြင် ဆိုင်းဘုတ်နှင့် အလျားပေ ၈၀၊ အနံ ၃၅ ပေရှိ ကျောင်းဆောင်အမိုး ၈ ပေ သွပ်အချပ် ၃၀ ၊ ၁၂ ပေ သွပ် ၁၂ ချပ်တို့ ပျက်စီးခဲ့ကာ အဆိုပါကျေးရွာအတွင်း နေထိုင်ကြသည့် ဒေါ်နှင်းရီ၏ နေအိမ်အမိုး ၁၁ ပေ သွပ်အချပ် ၃၀၊ ဒေါ်မြိုင် ငွေ၏ နေအိမ်အမိုးတွင် ၁၁ ပေသွပ် ၂၅ ချပ်၊ ဦးစံညွန့်၏ နေအိမ်ဖက်အမိုး၊ ဦးကျော်မောင်ဒါး၏နေအိမ်ဖက်အမိုး အသီးသီးပျက်စီးသွား၍ စာသင်ကျောင်းပျက်စီးမှုတန်ဖိုး ခုနှစ်သိန်းခြောက်သောင်းရှစ်ထောင်ရှစ်ရာကျပ်ခန့်နှင့် နေအိမ်လေးလုံး၏ပျက်စီးဆုံးရှုံးမှု တန်ဖိုး လေးသိန်းရှစ်သောင်းနှစ်ထောင့်ငါးရာကျပ်ခန့်ရှိရာ စုစုပေါင်းပျက်စီးဆုံးရှုံးမှု တန်ဖိုး တစ်ဆယ့်နှစ်သိန်းငါးသောင်းတစ်ထောင် သုံးရာကျပ် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု တစ်စုံတစ်ရာ မရှိကြောင်းသိရပြီး ပျက်စီးမှုများအား ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများက ဝိုင်းဝန်း၍ ရှင်းလင်းပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၀-၆-၂၀၁၈

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၉၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး |
|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၈၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၃၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| နိုင်ငံတကာ ငွေကြေးများ | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၃၅၄ ·၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၅၉၈ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၁၅ ·၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၁၇ ·၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၃၃ ·၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၃၂ ·၂ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ ·၈၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ ·၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၆ ·၃၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၀ ·၂၉ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ ·၃၂ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

Gmail mmalin.npt @ gmail.com,
Facebook www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ ပေးသူ ယူသူ



## ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်

အစိုးရအသစ် တက်ရောက်လာချိန်မှစပြီး အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အာရုံစိုက်ခဲ့တယ်။ သမ္မတကြီး ဦးဝင်းမြင့်က ဦးစားပေးဆောင်ရွက်ရမယ့်ကိစ္စအဖြစ် မီးမောင်းထိုးပြခဲ့တယ်။ အသစ်ဖွဲ့စည်းခဲ့တဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း တက်ကြွစွာ ဆောင်ရွက်နေတာ တွေ့ရတယ်။ အားလုံးကို ကြိုဆိုရမယ့်ကိစ္စသာ ဖြစ်တယ်။ လူ့အဖွဲ့အစည်းတစ်ခုမှာ အကျည်းတန်ဆုံးအရာဟာ အဂတိလိုက်စားမှုသာဖြစ်တယ်။ အဂတိလိုက်စားမှုရဲ့ဒဏ်ကို အခြေခံလူတန်းစားတွေက အများဆုံးခံစားရတာဖြစ်တယ်။ အဂတိလိုက်စားမှုကို လူ့အဖွဲ့အစည်းတိုင်းမှာ ပုံစံအမျိုးမျိုးနဲ့ ရင်ဆိုင်ဖြေရှင်းကြတယ်။ တချို့မှာတော့ ထုံးစံတစ်ခုအနေနဲ့ လက်ခံခွင့်လွှတ်ကြတယ်။ လာဘ်စားတာကို ရှက်ရမှန်းမသိကြဘူး။ ရထားတဲ့အခွင့်အရေးရာထူးကို အလွဲသုံးစားလုပ်တာကို မှားတယ်လို့ မမြင်ကြဘူး။

### အဂတိလိုက်စားမှုကိုနည်းမျိုးစုံနဲ့ တိုက်ဖျက်

နိုင်ငံတကာမှာလည်း အဂတိလိုက်စားမှုကို နည်းမျိုးစုံနဲ့ တိုက်ဖျက်ဖို့ ကြိုးစားကြတယ်။ ဒါကြောင့်လည်း နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ ကုလသမဂ္ဂက အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ဦးစားပေးအဖြစ် သတ်မှတ်ခဲ့တယ်။ ကမ္ဘာ့ဘဏ်ဟာလည်း ဒီကိစ္စကို အလေးထားပြီး ဆောင်ရွက်နေတာတွေ့ရတယ်။ နိုင်ငံအသီးသီးရဲ့အဂတိလိုက်စားမှုအခြေအနေကို အရပ်ဘက်လူ့အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ (Transparency International) ဟာ တန်းစီဇယားပြုစုပြီး နှစ်စဉ်ထုတ်ဝေခဲ့ပါတယ်။ ဒီဇယားကိုလေ့လာရင် ကိုယ့်နိုင်ငံရဲ့ အခြေအနေကို အတိအကျသိရပါတယ်။

အဂတိလိုက်စားမှုနည်းပါးတဲ့ နိုင်ငံတွေကတော့ အနောက် ဥရောပနိုင်ငံတွေဖြစ်တဲ့ နော်ဝေ၊ ဆွီဒင်တို့ဖြစ်ကြပြီး အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တဲ့ စင်ကာပူနိုင်ငံဟာလည်း တန်းစီဇယားရဲ့ထိပ်ပိုင်းမှာ ပါဝင်တာတွေ့ရတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေကတော့ ၁၇၆ နိုင်ငံအနက် အဆင့် ၁၃၆ မှာ ရှိနေပြီး မနှစ်ကအခြေအနေနဲ့ နှိုင်းယှဉ်ရင် အဆင့်နှစ်ဆင့် ကျဆင်းသွားပါတယ်။ ဒီအခြေအနေကို သုံးသပ်ရင် ကိုယ့်ထက် အခြေအနေဆိုးနေတဲ့ နိုင်ငံ ၄၀ လောက်ရှိတာကို ကျေနပ်စရာလို့ ပြောနိုင်ပေမယ့် အမှန်တော့ ကိုယ့်ထက်အခြေအနေကောင်းတဲ့ ၁၃၅ နိုင်ငံရှိနေတာကိုတော့ သတိပြုရမှာသာဖြစ်တယ်။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဟာ ဒီတန်းစီဇယားကို ထိထိရောက်ရောက် အသုံးပြုပြီး ပြည်သူတွေသိအောင် လုပ်သင့်တယ်။ အသိပေးရုံသာမက အဆင့်တိုးတက်အောင် ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာကို အမျိုးသားလှုပ်ရှားမှုတစ်ရပ်အနေနဲ့ ဦးစီးစေချင်တယ်။ ဒီဇယားကို လူတိုင်းလွယ်လွယ်နဲ့ နားလည်နိုင်တယ်။ နိုင်ငံတကာအဖွဲ့အစည်းက လုပ်ထားတာမို့ အဖြေကိုငြင်းနေစရာမလိုဘူး။ အမှန်တော့ ရှိနေတဲ့အဆင့်၊ ပေးထားတဲ့တန်ဖိုးကို ငြင်းနေမယ့်အစား အခြေအနေကောင်းလာအောင် ဘာတွေလုပ်ကြမလဲလို့ စဉ်းစားစေချင်တယ်။ ကျွန်တော်တို့က ဖော်ပြ မှုတွေကို မကျေနပ်ရင်၊ မကြိုက်ရင်၊ ကိန်းဂဏန်းနဲ့ ပတ်သက်ပြီး ငြင်းဆိုကြတယ်။ ဘူးကွယ်ကြတယ်။ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေကို ကျကျနနသိအောင်မလုပ်ဘဲ ကိုယ့်ရဲ့အခြေအနေမကောင်းတာနဲ့ ဖော်ပြချက်တွေဟာ မှားတယ်လို့ ဆင်ခြေပေးလေ့ရှိတယ်။ အခုခေတ်မှာတော့ ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး အဖြေရှာမှုကို ဦးစားပေးသင့်တယ်။

### အဂတိလိုက်စားမှု လျော့စေချင်

အဂတိလိုက်စားမှုလျော့စေချင်ရင် အစိုးရ၊ ပုဂ္ဂလိကနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းသုံးရပ်စလုံးက တာဝန်ယူရမှာဖြစ်တယ်။ အခုလို ကဏ္ဍသုံးရပ်က စုပေါင်းညှိနှိုင်းပြီးလုပ်နိုင်မှ အဂတိလိုက်စားမှုကို အမြစ်ပြတ်အောင် လုပ်နိုင်မှာဖြစ်တယ်။ ကဏ္ဍတစ်ခုတည်းက လုပ်လို့မဖြစ်နိုင်ဘူး။ အဓိကတာဝန်ကတော့ အစိုးရဖြစ်တယ်။ အစိုးရလို့ပြောရင် အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုမဏ္ဍိုင် မဏ္ဍိုင်သုံးရပ်စလုံးနဲ့ ဆိုင်တယ်။ ပြည်ထောင်စုအဆင့်သာမက၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှာလည်း ဦးစားပေးဆောင်ရွက်ဖို့ လိုအပ်တယ်။ အစိုးရဌာနတွေမှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပေါ်လစီတွေ ဖော်ထုတ်ပြီး အစိုးရဝန်ထမ်းတွေကို ပညာပေးလုပ်ငန်းတွေ လုပ်ပေးသင့်တယ်။ ရာထူးအငယ်ဆုံးမှ အကြီးဆုံးအထိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး တစ်ဦးချင်း ကတိကဝတ်ပြုပြီး လက်မှတ်တွေ ထိုးသင့်တယ်။ အဂတိလိုက်စားမှုကိုတွေ့ရင် တိုင်ကြားနိုင်ဖို့ အခွင့်အရေးတွေပေးသင့်တယ်။ အစီအစဉ်တွေ ရှိရမယ်။ တိုင်ကြားတဲ့သူကိုလည်း အကာအကွယ်ပေးရမှာဖြစ်တယ်။ ထိရောက်တဲ့ မဟာဗျူဟာတစ်ခုကတော့ နမူနာပြမှုဖြစ်တယ်။

တရုတ်နိုင်ငံမှာဆို ကျူးလွန်တဲ့သူတွေကို သေဒဏ်ပေးတဲ့အထိ အရေးယူတယ်။ "ငါးကြီး" တွေကို ကြော်ခဲ့တယ်။ အကြောက်တရားကို သုံးသင့်တယ်။ ဒါပေမယ့် ဒီနေရာမှာ လက်ညီရမယ်။ အသေးအမွှားတွေကို အရေးယူပြီး ကြီးမားတဲ့ ပြစ်မှုတွေကို ခွင့်လွှတ်ရင် ယုံကြည်မှုလျော့မယ်။ အားလုံးကို တစ်ပုံစံတည်း လုပ်ရမယ်။ အခြေခံ ကိစ္စတစ်ခုကတော့ "ကိုယ်ကျိုးစီးပွား ပဋိပက္ခ" ကို တိုက်ဖျက်ရမယ်။ ကျွန်တော်က အခွင့်အရေးရတိုင်း (conflict of interest)လို့ခေါ်တဲ့ ကိုယ်ကျိုးစီးပွားပဋိပက္ခအကြောင်း ပြောတယ်၊ ဟောတယ်၊ ရေးတယ်၊ ဒါပေမယ့် မထိရောက်ခဲ့ဘူး။ "ကိုယ့်အိတ်ထဲ ကိုယ်ဖိတ်" တာကို လက်ခံ လိုကြတယ်။ ကျွန်တော်လည်း ဝန်ထမ်းတစ်ဦးဖြစ်ခဲ့သူပါ။ ဒါပေမယ့် ကိုယ့်သိက္ခာ ကိုယ့်သမာဓိကိုတော့ ထိန်းသိမ်းခဲ့တယ်။ အဂတိလိုက်စားမှုကြောင့် ရမယ့်စီးပွားရေးအကျိုးအမြတ်နဲ့ ဆုံးရှုံးရမယ့် လူမှုရေးသိက္ခာက မတန်ဘူးလို့ မြင်တယ်။ ဒီနေရာမှာ ပိုင်ဆိုင်မှုတွေ ပွင့်လင်းမြင်သာစွာ ဖော်ထုတ်သင့်တဲ့ ရတဲ့ဝင်ငွေ၊ အသုံးစရိတ် ပိုင်ဆိုင်မှုတွေကို နှိုင်းယှဉ်ရင် လုံးဝသဘာဝမကျတဲ့အနေအထားဖြစ်နေတာ။ ဆယ်သက်လုပ်ရင်တောင် မရနိုင်တဲ့ ပိုင်ဆိုင်မှုတွေဟာ မဟုတ်တဲ့နည်းနဲ့သာ ရမှာဖြစ်တယ်။ ရိုးရိုးသားသား မဖြစ်နိုင်ဘူး။ ဒါပေမယ့် ကျွန်တော်တို့က ခွင့်လွှတ်နေတယ်။ နားလည်မှုပေးနေကြတယ်။ "မိုးရွာတုန်းရေခံ" မှုကို လက်ခံနေကြတာ။

> "အဂတိလိုက်စားမှုမှာ နှစ်ဖက်ရှိတယ်၊ ပေးသူနဲ့ယူသူ အခုချိန်ထိ ယူခဲ့သူတွေကို အရေးယူနေတာ တွေ့ရတယ်၊ ပေးတဲ့သူတွေမှာရော အပြစ်မရှိဘူးလား၊ ကျွန်တော်ကတော့ နှစ်ဖက်စလုံးမှာ အပြစ်ရှိတယ်၊ နှစ်ဖက်စလုံးကို အရေးယူရမယ်၊ ပေးသူရှိနေသရွေ့ ယူတဲ့သူက ယူနေကြမှာ၊ ပေးသူက တွက်ခြေကိုက်မှ ပေးမှာသေချာတယ်"

### ပေးသူနဲ့ယူသူ

အဂတိလိုက်စားမှုမှာ နှစ်ဖက်ရှိတယ်။ ပေးသူနဲ့ယူသူ အခုချိန်ထိ ယူခဲ့သူတွေကို အရေးယူနေတာ တွေ့ရတယ်။ ပေးတဲ့သူတွေမှာရော အပြစ်မရှိဘူးလား။ ကျွန်တော်ကတော့ နှစ်ဖက်စလုံးမှာ အပြစ်ရှိတယ်။ နှစ်ဖက်စလုံးကို အရေးယူရမယ်။ ပေးသူရှိနေသရွေ့ ယူတဲ့သူက ယူနေကြမှာ။ ပေးသူက တွက်ခြေကိုက်မှ ပေးမှာသေချာတယ်။ "ထောင်မြင်ရာစွန့်" ကြတာ။ ယေဘုယျအားဖြင့် ဝန်ထမ်းတွေက ယူပြီး ပုဂ္ဂလိက ကဏ္ဍက ပေးသူတွေဖြစ်ကြတယ်။ အစိုးရတင်ဒါအောင်ဖို့ ပွင့်လင်းမြင်သာတဲ့ ပုံစံမဟုတ်ဘဲ စားပွဲအောက်က ပေးကမ်းမှုတွေနဲ့ အခွင့်အရေးတွေ အပိုယူကြတယ်။ ပေးတာကိုလည်း ရက်ရောကြတယ်။ ကိုယ်နဲ့ဆက်ဆံတဲ့သူကို ကြည်ညိုလို့၊ လေးစားလို့ မဟုတ်ဘဲ ဘာပြန်ရနိုင်မလဲဆိုတဲ့ မျှော်လင့်ချက်တစ်ခုနဲ့ ပေးကမ်းကြတယ်။ ဒီယဉ်ကျေးမှုကို လက်ဆောင်ပေးတဲ့ ယဉ်ကျေးမှုလို့ သတ်မှတ်ကြတယ်။ အမှန်တော့ (Zero Tolerance) လုံးဝဥဿုံလက်မခံတဲ့ မူကိုချမှတ်ဖို့ လိုအပ်တယ်။ ငွေတစ်ကျပ်ပေးတာယူတာနဲ့ ငွေတစ်သန်းပေးတာ ယူတာဟာ အတူတူပဲ။ တန်ဖိုးနည်းလို့ ခွင့်လွှတ်စရာမဟုတ်ဘူး။ ပုဂ္ဂလိက ကဏ္ဍမှာ အရိုးစွဲနေတဲ့ ယဉ်ကျေးမှုကို ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှု (Good Corporate Governance) နဲ့ ရင်ဆိုင်ဖို့လိုတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ပေါ်လစီကို ကုမ္ပဏီတိုင်း ဖော်ထုတ်ပြီး ဝန်ထမ်းတွေ၊ စီမံခန့်ခွဲသူတွေ တစ်ဦးချင်း လက်မှတ်ထိုးသင့်တယ်။ ပွင့်လင်းမြင်သာမှုမရှိတဲ့၊ ပြိုင်ဆိုင်မှုကင်းတဲ့၊ လက်သိပ်ထိုးတဲ့ တင်ဒါစီမံချက်တွေကို တစ်ခုမှ မလုပ်ဘူးလို့ အတိအလင်းကြေညာသင့်တယ်။ ပေးရင်ရတယ်ဆိုတဲ့ ယဉ်ကျေးမှုကို တိုက်ဖျက်ရမယ်။ မပေးလို့မရတဲ့ ဒဏ်ကိုလည်း ခံနိုင်ရမယ်။ တာဝန်ကျေပွန်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဖြစ်ဖို့ လိုအပ်တယ်။ ဒါကြောင့်လည်း ၂၀၁၂ ခုနှစ်ကစပြီး ကျွန်တော်က ကုမ္ပဏီတွေကို (UN Global Compact)အဖွဲ့ဝင်အဖြစ် ဝင်ရောက်ဖို့ တိုက်တွန်းခဲ့တယ်။ အခုဆိုရင် ကုမ္ပဏီပေါင်း ၂၀၀ နီးပါး ရှိနေပြီ။ အဖွဲ့ဝင်ဖြစ်လာတဲ့ကုမ္ပဏီဟာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးပေါ်လစီတွေကို ဖော်ထုတ်ပြီး အကောင်အထည်ဖော်လျက်ရှိတယ်။ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ (UNODC)နဲ့ ပူးပေါင်းပြီး ပုဂ္ဂလိကကဏ္ဍမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းတွေ ဖော်ထုတ်ဖို့ စီစဉ်နေတယ်။ အရပ်ဘက်လူ့အဖွဲ့အစည်းတွေဟာ အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး အစိုးရကုမ္ပဏီလုပ်ငန်းတွေကို လက်ညှိုးထိုးလေ့ရှိတယ်။ ပြစ်တင်ဝေဖန်ရှုတ်ချကြတယ်။ အခုလို ဆောင်ရွက်တာတွေကို အသိအမှတ်ပြုရမှာဖြစ်တယ်။ တစ်ဖက်ကလည်း အရပ်ဘက်အဖွဲ့အစည်းတွေအနေနဲ့ မိမိအဖွဲ့အစည်းတွေမှာ အဂတိလိုက်စားမှုကင်းအောင် ကြိုးစားရမှာဖြစ်တယ်။ ကိုယ်ကိုယ်တိုင် ကင်းမှ ရှင်းမှ သူများကို ဝေဖန်နိုင်မှာ။

### ထိထိရောက်ရောက်လုပ်စေချင်

အသစ်ဖွဲ့စည်းထားတဲ့ အဂတိတိုက်ဖျက်ရေးကော်မရှင်ကို အားကိုးမိတယ်။ ထိထိရောက်ရောက် လုပ်ဆောင်စေချင်တယ်။ တိုင်မှ အရေးယူတာမဟုတ်ဘဲ မတိုင်ခင်က အရေးယူသင့်တယ်။ အဂတိလိုက်စားမှုဟာ မှားယွင်းတယ်။ သိက္ခာမဲ့တဲ့၊ တန်ဖိုးမရှိတဲ့ လုပ်ရပ်တစ်ခုဖြစ်ကြောင်း လက်ခံလာတဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ထုတ်စေချင်တယ်။ ပေးသူရော ယူသူတွေပါ ထိထိရောက်ရောက် အရေးယူစေချင်တယ်။ နမူနာပြတဲ့ လုပ်ရပ်တွေ လုပ်ဆောင်စေချင်တယ်။ တစ်ဖက်ကလည်း အဂတိလိုက်စားမှုကင်းတဲ့ ဝန်ထမ်းတွေ၊ ကုမ္ပဏီတွေကိုလည်း အသိအမှတ်ပြုပြီး ချီးကျူးဖို့ လိုအပ်တယ်။

ဒီဆောင်းပါးရေးရင်း အဂတိဆိုတဲ့ စကားလုံးကို သုံးသပ်နေမိတယ်။ အမှန်တော့ အဂတိဆိုတာဟာ ကတိကိုပျက်တာ၊ ဖျက်တာဖြစ်တယ်။ လူတိုင်းဟာ ကတိတည်ရမယ်။ ဒါကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို လူငယ်တွေက ဦးဆောင်စေချင်တယ်။ လူငယ်တွေအနေနဲ့ တာဝန်ယူစေချင်တယ်။ သူတို့ဟာ ကျွန်တော်တို့ရဲ့အနာဂတ်တွေဖြစ်တယ်။ ။

# ပထမဦးဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်ကျင်းပ



**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ၌ ပထမဦးဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်းရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၌ ယမန်နေ့က ကျင်းပခဲ့သည်။

အပြည်ပြည်ဆိုင်ရာမော်ကွန်းတိုက်များကောင်စီစတင်ဖွဲ့စည်းခဲ့သည့် ဇွန် ၉ ရက်ကို အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့အဖြစ်သတ်မှတ်ကျင်းပခဲ့ရာ ယခုနှစ်တွင် နှစ်ပေါင်း ၇၀ ပြည့်မြောက်ပြီဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့အမွေအနှစ် ဖြစ်သော မော်ကွန်းမှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် မော်ကွန်းမှတ်တမ်းများကို သက်ဆိုင်ရာဌာနများမှ ပိုမိုသုံးစွဲလာရန်၊ အများပြည်သူနှင့်အစိုးရဌာနများအနေဖြင့်မော်ကွန်းမှတ်တမ်းများမှတစ်ဆင့် နိုင်ငံအသီးသီးရှိ အုပ်ချုပ်ရေးယန္တရားများ၊ ပြည်သူများအတွက် သမိုင်းအမွေအနှစ်များ၊ ယဉ်ကျေးမှုများကိုကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်စေရန် ဆိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သီတာမြင့်က "မော်ကွန်းမှတ်တမ်းဆိုတဲ့ စာရွက်စာတမ်းတွေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်က ရရှိထားတဲ့ စာရွက်စာတမ်းတွေ၊ တချို့ဆိုရင် နှစ် ၂၀၀ နီးပါးလောက်အထိ ရှိနေတဲ့ ပစ္စည်းတွေဖြစ်နေတဲ့အခါမှာ ဒါတွေကို မပျက်မစီးအောင် ခေတ်အဆက်ဆက်က တာဝန်ထမ်းဆောင်ခဲ့သူတွေက ထိန်းသိမ်းပြီးတော့ သတ်မှတ်ထားတဲ့ အပူချိန်၊ စိုထိုင်းစ၊ နည်းပညာတွေနဲ့ ထိန်းသိမ်းထားလို့ ဒီနေ့ကျွန်မ တို့ သုံးစွဲနိုင်နေတာဖြစ်ပါတယ်"ဟု ပြောသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနကို ၁၉၇၂ ခုနှစ်မှစတင်တည်ထောင်ခဲ့ရာ ယခုအခါ ၄၆ နှစ် ပြည့်မြောက်ပြီ ဖြစ်ကြောင်း သိရသည်။ အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ပြခန်းသို့ ပံ့ပိုး ကူညီသူများအား ဒုတိယညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# ပေါက်ကွဲတတ်သော အီးစီးကရက်

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)



အမေရိကန်နိုင်ငံသားတစ်ယောက်ဟာ အီးစီးကရက်လို့ခေါ်တဲ့ အီလက်ထရွန်နစ်စီးကရက် (e-cigarette) ပေါက်ကွဲမှုကြောင့် ယခုနှစ် မေ ၅ ရက်က သေဆုံးခဲ့ရကြောင်း သိရပါတယ်။ ပေါက်ကွဲမှုကြောင့် သူနေထိုင်ရာတိုက်ခန်းပါ မီးလောင်ပျက်စီးသွားကြောင်းလည်း သိရပါတယ်။ အသက်၃၈နှစ်အရွယ်ရှိ ဖလော်ရီဒါနယ်သား Tallmadge D'Elia ဆိုသူရဲ့ အီးစီးကရက် အစိတ်အပိုင်းနှစ်ခုကနေ ပေါက်ကွဲတာလို့ ဆိုပါတယ်။

စိန့်ပီတာစဘတ်မြို့က အဆိုပါတိုက်ခန်းကို မီးသတ်ရဲဘော်များက ဝင်ရောက်ကြရာမှာ Tallmadge ရဲ့ခန္ဓာကိုယ် ၈၀ ရာခိုင်နှုန်းကျော်ကို မီးလောင်ပြီး သေဆုံးနေတာ တွေ့ရပါတယ်။ သူ့ရဲ့အီးစီးကရက် အစိတ်အပိုင်းနှစ်ခုကို ဦးခေါင်းဘေးမှာထားစဉ် ပေါက်ကွဲတာဖြစ်ကြောင်း၊ ဒါကြောင့် ပြင်းထန်စွာဒဏ်ရာရစေတာဖြစ်ကြောင်း ဖြစ်စဉ်မှာ စစ်ဆေးသူအရာရှိက ပြောပါတယ်။ အီးစီးကရက်ရဲ့အစိတ်အပိုင်းက မထင်မှတ်ဘဲ ပေါက်ကွဲတာဖြစ်ပါတယ်။ သူသုံးတဲ့ အီးစီးကရက်တံဆိပ်က Smoke-E Mountain တံဆိပ်ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံမှာ ထုတ်လုပ်တာဖြစ်ကြောင်း ဒေသတွင်းသတင်းစာ Tampa Bay Times က ဖော်ပြပါတယ်။

ဒီစီးကရက်က အခြား အီးစီးကရက်တွေလို လုံခြုံရေးကွန်ပျူတာချစ်ပ်(safety computer chips) မျိုး မပါဝင်တာလည်း တွေ့ရပါတယ်။ ဒီလိုလုံခြုံရေးစနစ်တွေက အသုံးပြုနေစဉ် အပူမလွန်စေဖို့ တားဆီးပေးထားတာဖြစ်ပါတယ်။

"ပုံမှန်ထုတ်လုပ်ထားတဲ့ အီးစီးကရက်တွေမှာ အီလက်ထရွန်နစ်ဆားကစ် လျှပ်ကူးစနစ်တွေ၊ အခြား အတွင်းမှာထည့်သွင်းထားတဲ့ လုံခြုံရေးပစ္စည်း (built-in safety features)တွေ၊ ပါဝါထိန်းညှိပေးနိုင်တဲ့ စနစ်တွေ စသည်ဖြင့် ပါဝင်ရပါတယ်။ ဒါမှ စိတ်ချလက်ချသုံးနိုင်မှာပါ"လို့ အမေရိကန် အီးစီးကရက်အသင်းကြီးရဲ့ အကြီးအကဲတစ်ဦးဖြစ်သူ Gregory Conley က ပြောပါတယ်။

"ဒီလိုစီးကရက်တွေရဲ့ ဘက်ထရီတွေမှာ အားသွင်းလွန်သွားရင် ဘက်ထရီမှာရှိတဲ့ အပေါက်ကလေးတွေကနေ အပူခာတ်ကို ထုတ်လွှတ်ပေးရပါတယ်၊ အခုဖြစ်စဉ်မှာ ဘက်ထရီရဲ့ လေပေါက်ကလေးတွေက လုံလောက်တဲ့ လေထွက်ပေါက်တွေ ရှိပုံမရပါဘူး၊ ဒါကြောင့် ပေါက်ကွဲတာဖြစ်နိုင်ပါတယ်"လို့လည်း ဆိုပါတယ်။ ဒီကိစ္စဖြစ်ပွားတဲ့အတွက် Smoke-E Mountain တံဆိပ်ရဲ့ Facebook page ကိုလည်း ပိတ်ထားလိုက်တာ တွေ့ရပါတယ်။

ဖက်ဒရယ်အရေးပေါ်ကယ်ဆယ်ရေးအေဂျင်စီရဲ့အဆိုအရ အမေရိကန်နိုင်ငံမှာ ၂၀၀၉ မှ ၂၀၁၆ ခုနှစ်များအတွင်း အခုလို အီးစီးကရက် ပေါက်ကွဲ မီးလောင်မှုပေါင်း ၁၉၅ မှု ဖြစ်ပွားခဲ့ကြောင်း သိရပါတယ်။ အခုလို သေဆုံးတဲ့အထိတော့ မဖြစ်ခဲ့ဖူးသေးပါဘူး။ သို့သော် မျက်နှာကို ပြင်းထန်စွာ လောင်ကျွမ်းစေခဲ့တာမျိုးတွေ၊ ပေါင်ခြံနဲ့ အတွင်းပိုင်းလောင်ကျွမ်းမှုမျိုးတွေတော့ ဖြစ်တာတွေ့ရကြောင်း သိရပါတယ်။ သုံးစွဲသူတွေက အီးစီးကရက်တွေကို သူတို့ရဲ့ အင်္ကျီနဲ့ ဘောင်းဘီအိတ်ထဲ ထည့်ထားတတ်ကြလို့ ဖြစ်ပါတယ်။

အမေရိကန် အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့က ဒီလို အီးစီးကရက်တွေဟာ မထင်မှတ်ဘဲ ရုတ်တရက်ပေါက်ကွဲတတ်တယ်လို့ သတိပေးထားပါတယ်။ ပေါက်ကွဲတဲ့အခါမှာလည်း ပြင်းထန်တဲ့ဒဏ်ရာတွေ ရစေနိုင်ပါတယ်။ မီးလောင်ပေါက်ကွဲလေ့ရှိလို့ ဖြစ်ပါတယ်။ အကြောင်းရင်းကို သေချာစွာမသိရသေးပေမယ့် အသုံးပြုထားတဲ့ Lithium-ion လီသီယမ်အိုင်းယွန်း ဘက်ထရီ အမျိုးအစားတွေနဲ့ ဆက်စပ်နေတယ်လို့ ယူဆကြပါတယ်။ လီသီယမ်အိုင်းယွန်း ဘက်ထရီတွေကို ဆဲလ်ဖုန်းတွေမှာ အသုံးပြုကြပါတယ်။ လီသီယမ်ဘက်ထရီတွေကို တစ်ကိုယ်ရည်သုံး ကွန်ပျူတာတွေနဲ့ လက်ပ်တော့ပ်တွေမှာလည်း သုံးကြပါတယ်။ ဒီဘက်ထရီတွေရဲ့စိတ်မချရတဲ့ မတော်တဆ ပေါက်ကွဲတတ်မှုတွေကြောင့် လေကြောင်း လိုင်းအများစုတို့က လေယာဉ်ပေါ် တင်ခွင့်ပေးလေ့မရှိကြပါဘူး။

Centers for Disease Control and Prevention(CDC) အဖွဲ့ကြီးကတော့ အီးစီးကရက်တွေကို ကိုယ်ဝန်ရှိသူတွေ မသုံးသင့်ဘူး။ အခြားသူတွေတော့ သုံးနိုင်တယ်လို့ ဆိုပါတယ်။ ပုံမှန်စီးကရက်တွေမှာပါတဲ့ စွဲလမ်းစေတဲ့ နီကိုတင်းဓာတ်ကို အီးစီးကရက်က အစားထိုးပေးတာကြောင့် ဆေးလိပ်လို အန္တရာယ်မရှိနိုင်ဘူး၊ သူ့ကို ပါးစပ်မှာခဲထားရင် ဆေးလိပ် စီးကရက် သောက်နေရသလို ထင်မိနေစေနိုင်တယ်လို့ ဆိုပါတယ်။ သို့သော် စမ်းသပ်ခန်းက ကြွက်တွေမှာ vaping ခေါ် အီးစီးကရက်များရဲ့ အငွေ့ကြောင့် ကင်ဆာရောဂါများနဲ့ နှလုံးရောဂါများ ဖြစ်နိုင်ခြေများလာကြောင်း အမေရိကန် အမျိုးသားသိပ္ပံအကယ်ဒမီအဖွဲ့ကြီး(The National Academy of Sciences)က ထုတ်ဝေတဲ့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလထုတ် PNAS ဂျာနယ်မှာ ဖော်ပြထားပါတယ်။

အခုဖြစ်စဉ်ကိုကြည့်ပြီး ဒီလိုမျိုး အီးစီးကရက်ကို စိတ်ဝင်စားနေသူများ အထူးသတိပြုသင့်ပါတယ်။ နိုင်ငံအများစုတို့မှာလည်း အီးစီးကရက်ကို လက်မခံကြတော့ပါဘူး။ လူငယ်လေးတွေ၊ ဆေးလိပ် စီးကရက်ကြိုက်သူတွေအနေနဲ့ အီးစီးကရက်ကို မသုံးသင့်ပါကြောင်းနဲ့ ဆေးလိပ်သောက်ခြင်းအကျင့်တွေကို အစမလုပ်ကြဖို့၊ စွဲနေပါရင်လည်း စွန့်လွှတ်ကြစေဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။ ။

**"အမေရိကန်နိုင်ငံမှာ ၂၀၀၉ မှ ၂၀၁၆ ခုနှစ်များအတွင်း အခုလို အီးစီးကရက် ပေါက်ကွဲ မီးလောင်မှုပေါင်း ၁၉၅ မှု ဖြစ်ပွားခဲ့ကြောင်း သိရပါတယ်၊ အခုလို သေဆုံးတဲ့အထိတော့ မဖြစ်ခဲ့ဖူးသေးပါဘူး၊ သို့သော် မျက်နှာကို ပြင်းထန်စွာ လောင်ကျွမ်းစေခဲ့တာမျိုးတွေ၊ ပေါင်ခြံနဲ့ အတွင်းပိုင်းလောင်ကျွမ်းမှုမျိုးတွေတော့ ဖြစ်တာတွေ့ရကြောင်း သိရပါတယ်၊ သုံးစွဲသူတွေက အီးစီးကရက်တွေကို သူတို့ရဲ့ အင်္ကျီနဲ့ ဘောင်းဘီအိတ်ထဲ ထည့်ထားတတ်ကြလို့ဖြစ်ပါတယ်"**

## နတ်တလင်းမြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ်ကျန်းမာရေးသင်တန်းဖွင့်

**နတ်တလင်း ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်းပြီး မြို့နယ်အဆင့် ကျောင်းကျန်းမာရေးနှင့် ဆယ်ကျော်သက်လူငယ်ကျန်းမာရေး သင်တန်းကို နတ်တလင်း အခြေခံပညာအထက်တန်းကျောင်း မနောဟဒယခန်းမ၌ ဇွန် ၉ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်အေးက ကျောင်းကျန်းမာရေးကဏ္ဍကို အဆင့်တိုးမြှင့်ဆောင်ရွက်သွားရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေးဌာန နှင့်ပူးပေါင်းကာ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် ကျန်းမာရေးအသိပညာ အတတ်ပညာများကို ကျန်းမာရေးဦးစီးဌာနက သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့သို့ သင်ကြားပို့ချမည်ဖြစ်ပြီး ဆရာ ဆရာမကြီးများအနေဖြင့် လေ့လာမှတ်သား၍ မိမိကျောင်းရှိတပည့်များ၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် မျှဝေပေးကြရန်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကျန်းမာရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးမီထွန်း၊ မြို့နယ်ကျန်းမာရေးမှူး ဦးသိန်းလွင်၊ သူနာပြုဆရာမကြီး ဒေါ်ကြင်စန်းနှင့် နည်းပြဆရာ ဆရာမများက ကျန်းမာရေးဆိုင်ရာများကို ပို့ချသင်ကြားပေးခဲ့ကြပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၂၃၁ ကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းကျန်းမာရေးဝန်ထမ်း ၁၃၆ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၆၇ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**




## ကျောင်းဖွင့်ချိန်တွင် ချင်းတောင်-ကလေး-မုံရွာ-မန္တလေး-ရန်ကုန် ခရီးစဉ်ကို သွားလာသူများပြား

**ကလေး ဇွန် ၁၀**

ယခုနှစ် ဇွန် ၁ ရက်မှစတင်ကာ အခြေခံပညာကျောင်းများနှင့် ကလေး၊ မုံရွာ၊ မန္တလေးနှင့် ရန်ကုန်တက္ကသိုလ်များကို ဖွင့်လှစ်နေပြီဖြစ်ရာ ချင်းတောင်နှင့် ကလေးမြို့နယ်ဘက်တွင် နေထိုင်ပြီး မုံရွာ၊ မန္တလေးနှင့် ရန်ကုန်မှ တက္ကသိုလ်များတွင် ပညာသင်ကြားဆည်းပူးနေကြသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ အခြားအကြောင်းအမျိုးမျိုးဖြင့် ခရီးသွားလာကြသူများဖြင့် ချင်းတောင်-ကလေး-မုံရွာ-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် ခရီးသွားသူဦးရေ များပြားလျက်ရှိကြောင်း ကလေးအခြေစိုက် ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ သိရသည်။

"ပြီးခဲ့တဲ့ မေလထဲမှာ ရာသီဥတုကလည်းပူတော့ ခရီးသွားလာသူနည်းတယ်၊ မေလကုန်ရက်ပိုင်း အခြေခံပညာရေးကျောင်းတွေ၊ အဆင့်မြင့်ပညာရေး တက္ကသိုလ်တွေဖွင့်ဖို့ ရက်နီးလာချိန်ကစပြီး ခရီးသည် ပိုပြီးတိုးလာတာပါ၊ အခု ဇွန်လဆန်းရက်မှာတော့ ချင်းတောင်-ကလေး-မုံရွာ-မန္တလေး-ရန်ကုန် ပြေးဆွဲတဲ့ အဲယားကွန်းလေအိတ်ပါ အဆင့်မြင့်ခရီးသည်တင်ယာဉ်လိုင်းတွေ လူပြည့်တာများတယ်၊ လက်မှတ်ကို ကြိုဖြတ်ထားကြတာများတယ်"ဟု ကလေး-မန္တလေး-ရန်ကုန် ပြေးဆွဲသည့် ကလေးမြို့အခြေစိုက် ချင်းတောင်တန်းကားဂိတ် တာဝန်ခံ ဦးဆောမ်းပူက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ မုံရွာနှင့် မန္တလေးအထိ ဆက်သွယ်ရေးတွင် ရေကြောင်းဖြင့် သွားနိုင်သော်လည်း မေလကုန်ရက်ပိုင်းမှစ၍ ချင်းပြည်နယ်မြောက်ပိုင်းဒေသ၊ ကလေးဒေသနှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် မိုးများရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများ မကြာခဏဖြစ်သောကြောင့် ချင်းတွင်းရေကြောင်းမှ




ခရီးသွားလာသူနည်းပါးကြောင်း သိရသည်။

ယခုရက်ပိုင်းတွင် ကလေး-မန္တလေး-ရန်ကုန်မြို့များသို့ ဆက်သွယ်ရေးကားလမ်းဖြစ်သည့် ကလေးဝ-ယာကြီး လမ်းမှာ မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် အချို့လမ်းပိုင်းနေရာတွင် ဗွက်ထမှုနှင့် လမ်းပျက်စီးမှုများရှိနေပြီး ရွံ့နွံ့ရုန်းနိုင်သည့် ယာဉ်ငယ်များသာ ပြေးဆွဲနေကြောင်း၊ မဟာမြိုင်လမ်းဖြစ်သည့် ရေဦး-ကလေးဝလမ်းမှာလည်း မိုးများရွာသွန်းမှုကြောင့် လမ်းခရီးတွင် ကြန့်ကြာမှုများဖြစ်မည်ကို စိုးရိမ်ရကြောင်း၊ ယခု အသွားအလာများနေသောလမ်းမှာ ဂန့်ဂေါပတ်လမ်းဖြစ်ပြီး ထိုလမ်းမှာ လမ်းတာရှည်လျားသော်လည်း လမ်းပျက်မှုမရှိခြင်းကြောင့် ခရီးသည်များကလည်း ကလေး-ဂန့်ဂေါ ပတ်လမ်းယာဉ်လိုင်းများတွင်သာ စီးနင်းလိုက်ပါကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## အင်္ဂလိပ်စာ လာရောက်သင်ကြားပေးနေသည့် အမေရိကန်နိုင်ငံသား ဆရာဆရာမများအား မိတ်ဆက်အပ်နှံ

**သထုံ ဇွန် ၁၀**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ အလယ်တန်းအဆင့် အင်္ဂလိပ်စာ လာရောက်သင်ကြားပေးနေကြသည့် အမေရိကန်နိုင်ငံအခြေစိုက် Peace Corps Myanmar အဖွဲ့မှ စေတနာ့ဝန်ထမ်း ဆရာဆရာမများအနေဖြင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် ရင်းနှီးချစ်ကြည်မှုရရှိရေးအတွက် မိတ်ဆက်အပ်နှံပွဲကို ဇွန် ၉ ရက် မွန်းလွဲပိုင်းက အထက(၂)သထုံကျောင်းရှိ လှမဥ္ဇူခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်နန်းစံဝင့်ခိုင်က Peace Corps Myanmar အဖွဲ့နှင့် ချိတ်ဆက်ကာ မွန်ပြည်နယ်အတွက် စေတနာ့ဝန်ထမ်း ဆရာ ဆရာမများ ရရှိရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန် ယဉ်ကျေးမှုဖလှယ်ခြင်းကို မြှင့်တင်ပြီး ရင်းနှီးချစ်ကြည်မှု ပေါင်းကူးများ တည်ဆောက်နိုင်ရေးအတွက် အမေရိကန်နိုင်ငံအခြေစိုက် Peace Corps Myanmar အဖွဲ့မှ စေတနာ့ဝန်ထမ်းများက မြန်မာနိုင်ငံ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ အခြေခံပညာကျောင်းများတွင် အထက်တန်းနှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာများကို နှစ်နှစ်ကြာ လာရောက်သင်ကြားပေးနေကြခြင်းဖြစ်သည်။

မွန်ပြည်နယ်တွင် ပထမဆုံးအကြိမ်အဖြစ် ယခုနှစ် ဧပြီလမှစတင်ကာ ကျိုက်ထို၊ သထုံ၊ ပေါင်၊ မော်လမြိုင်နှင့် ချောင်းဆုံမြို့များရှိ ကျောင်းပေါင်း ၁၂ ကျောင်း၌ စေတနာ့ဝန်ထမ်း ဆရာ ဆရာမ ၁၂ ဦးတို့က ကျောင်းသူ ကျောင်းသားများအပြင် ဒေသခံ ဆရာ ဆရာမများကိုပါ အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားပြောနည်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဖြူးချောင်းဆည် လက်တံခွဲမြောင်းခြောက်ခု ပြီးစီးပါက နွေစပါးများ တိုးချဲ့စိုက်ပျိုးနိုင်တော့မည်



**ဖြူး ဇွန် ၁၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းမှ လက်တံခွဲမြောင်း ခြောက်ခုကို ယခုနှစ်ဧပြီလမှစ၍ တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်သဖြင့် ဒေသခံ တောင်သူများအနေဖြင့် ယခင်နှစ်ကထက် နွေစပါးများ ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ကြတော့မည်ဖြစ်သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ တမံတည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်းနှင့် ရေလွှဲဆည်တည်ဆောက်ခြင်း လုပ်ငန်းများမှာ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်သော်လည်း ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းသာ ပြီးစီးသေးကြောင်း သိရသည်။

ပြီးခဲ့သည့် နွေစပါးစိုက်ပျိုးရာသီက စနစ်တကျ ဆည်ရေသောက်မြောင်းများမှ ပေးသောရေဖြင့် နွေစပါး ဧက ၁၈၀၀ စိုက်ပျိုးနိုင်ခဲ့သလို တောင်သူများ၏တင်ပြချက်အရ ဆောင်ရွက်ပေးခဲ့သော ဆည်ရေချောင်းပိတ်စနစ်ဖြင့်လည်း ဧက ၃၆၀၀ ခန့်အထိ စိုက်ပျိုးနိုင်ခဲ့သဖြင့် စုစုပေါင်း နွေစပါး ဧက ၅၄၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ်မှာ မတ်ပဲဈေးကွက်ပျက်ပြီး တစ်တင်းကို ၁၂၀၀၀ ကျပ်ဈေးနဲ့ပဲ ရောင်းခဲ့ရလို့ မတ်ပဲစိုက်တောင်သူတွေ အရှုံးပေါ်ခဲ့ကြတယ်၊ အနည်းဆုံး မတ်ပဲတစ်တင်းကို ၂၀၀၀၀ ကျပ် ဈေးလောက်မှ မရရင် စိုက်ပျိုးစရိတ် မကိုက်လောက်ဘူး၊ ဒါကြောင့် မြို့နယ်စိုက်ပျိုးရေးဌာနကလည်း မတ်ပဲအစားထိုးသီးနှံ စိုက်ပျိုးကြဖို့ ပညာပေးနေတယ်၊ ရေရမယ့်နေရာဆို နွေစပါးစိုက်ကြဖို့ တိုက်တွန်းထားတယ်၊ ကျွန်တော်တို့ ပေါက်ဇလုပ်အုပ်စုမှာ ဆည်ရေရခဲ့လို့ နွေစပါးစိုက်ပျိုးခဲ့တယ်၊ နွေစပါးက တစ်ဧကကို ပျမ်းမျှတင်း ၁၀၀ လောက်ထွက်ပြီး ကျပ် ၅၅၀၀၀၀ ဈေးလောက် ရောင်းရတော့ တောင်သူတွေ တော်တော်တွက်ခြေကိုက်ကြလို့ လာမယ့်နှစ်တွေမှာ လူတိုင်းလိုလိုက နွေစပါးစိုက်ချင်နေကြပြီ"ဟု ဒေသခံ တောင်သူတစ်ဦးက ရှင်းပြသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ရန်ပုံငွေမှ ဖြူးချောင်းဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကျပ်သန်း ၁၃၀၀ ခွင့်ပြုခဲ့သဖြင့် တောင်သူများအား ချက်ချင်းအကျိုးကျေးဇူးပြုနိုင်မည့် လက်တံခွဲမြောင်း ခြောက်မြောင်းကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၁)က စက်ယန္တရားအစီး ၄၀ နှင့် လုပ်သားအင်အား ၄၀၀ ခန့် အသုံးပြု၍ တည်ဆောက်လျက်ရှိရာ မကြာမီ ပြီးစီးတော့မည်ဖြစ်ခြင်းကြောင့် လာမည့်နှစ်တွင် နွေစပါး ၃၀၀၀ ဧကခန့်အထိ ထပ်မံတိုးချဲ့ စိုက်ပျိုးနိုင်မည်ဖြစ်ရာ စုစုပေါင်းအနေဖြင့် ဧက ၈၄၀၀ ခန့် စိုက်ပျိုးနိုင်တော့မည်ဖြစ်ပြီး စီမံကိန်းတစ်ခုလုံး ပြီးစီးပါက ဧက ၉၀၀၀၀ ခန့်အထိ ဆည်ရေ ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**

# ရှမ်းပြည်နယ်တောင်ပိုင်းထွက် ကော်ဖီစေ့များ ပြင်သစ်သို့ နှစ်စဉ်တင်ပို့နိုင်ရေး ဆောင်ရွက်နေ

**လွိုင်လင် ဇွန် ၁၀**

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ဟိုပုံး၊ လွိုင်လင်၊ ရွာငံဒေသတို့မှထွက်သော ကော်ဖီစေ့များကို ပြင်သစ်နိုင်ငံသို့ နှစ်စဉ်တင်ပို့နိုင်ရေး ဆောင်ရွက်နေကြောင်း ကော်ဖီစိုက်တောင်သူများထံမှ သိရသည်။

"ပြည်ပဈေးကွက်ရှိတဲ့နိုင်ငံတွေကို ပို့နိုင်ဖို့ အိပ်မက်တွေ တကယ်ဖြစ်လာနေပြီ၊ ဘိန်းအစားထိုးသီးနှံအနေနဲ့လည်း ဖြစ်လာတော့ ဒေသဖွံ့ဖြိုးရေးတွေ တိုးတက်လုပ်လာနိုင်တော့မှာဖြစ်သလို ဒီထက်မက တိုးတက်တင်ပို့နိုင်ဖို့က ကော်ဖီစိုက်တောင်သူတွေရဲ့ အားထုတ်မှုကြောင့်ဖြစ်တယ်"ဟု လွိုင်လင်မြို့နယ်ရှိ ကော်ဖီစိုက်တောင်သူ ဦးစိုင်းမင်းက ပြောသည်။

ဟိုပုံးရှိကျေးရွာ ၁၈ ရွာ၊ လွိုင်လင်ရှိ ကျေးရွာ ၃၉ ရွာနှင့် ရွာငံရှိ ကျေးရွာ ၆၂ ရွာမှ ကော်ဖီစိုက်တောင်သူအသင်း ၁၂၀၀ ကျော်က စိုက်ပျိုးမြေ ၂၃၅၀၀၀ ဟက်တာခန့်တွင် ကော်ဖီပင်ပေါင်း ၄၃ သန်းကျော် စိုက်ပျိုးထားပြီး ထိုကျေးရွာများမှထွက်ရှိသော ကော်ဖီကို အခွံချွတ်၍ ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ဘဏ္ဍာနှစ်အထိ နှစ်စဉ် တန်ချိန် ၁၄၀ ကျော်မှ တန် ၅၀၀ ကျော်အထိ ပြင်သစ်နိုင်ငံသို့ တင်ပို့ရောင်းချသွားရန်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ရှမ်းပြည်နယ် တောင်ပိုင်းတွင် ရေရှည်တည်တံ့သော ဘိန်းအစားထိုး ဖွံ့ဖြိုးရေးစီမံကိန်း၊ စားနပ်ရိက္ခာ ဖူလုံရေး၊ တရားဝင်သီးနှံအဖြစ် စိုက်ပျိုးထုတ်လုပ်မှုနှင့် လုပ်ကွက်ငယ်တောင်သူများဖွံ့ဖြိုးရေး စီမံကိန်းအရ UNODC က ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အဆိုပါဒေသတွင် ကော်ဖီသမအသင်း ဖွဲ့စည်းပေး၍ ၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်ခဲ့ကြောင်း သိရသည်။

ထိုဒေသရှိ ကော်ဖီစိုက်တောင်သူများအနေဖြင့် ၂၀၁၆ ခုနှစ်က မြေဧက ၉၀၀ ကျော်တွင် အပင်ပေါင်း ၁၆ သန်းကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်အတွင်းက မြေဧက ၇၀၀ ကျော်တွင် အပင်ပေါင်း ၁၄ သန်းခန့်ကိုလည်းကောင်း တိုးချဲ့စိုက်လာနိုင်ပြီး ပြည်ပတင်ပို့နိုင်သည်အထိ တိုးတက်လာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီပင်ကို ၁၉၃၀ ပြည့်လွန်နှစ်များမှ စတင်စိုက်ပျိုးခဲ့ကြကာ လက်ရှိတွင် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးနေကြသည်။ မြန်မာနိုင်ငံမှ တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၇၀၀၀ ခန့် ထွက်ရှိပြီး ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့လျက်ရှိကာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ် မိုးကုတ်မြို့နယ်နှင့် နောင်ချိုမြို့နယ်ဒေသများမှ အဓိက ထွက်ရှိခြင်းဖြစ်ကြောင်း သိရသည်။

**မြတ်သူ(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**



# စစ်တွေမြို့နယ်၌ တောင်သူပညာပေးသင်တန်းနှင့် မျိုးစေ့၊ ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

**စစ်တွေ ဇွန် ၁၀**

စစ်တွေမြို့နယ် ဂန့်ဂေါ်ကျွန်းကျေးရွာအုပ်စုမှ တောင်သူလယ်သမားများအား ဇွန် ၉ ရက် နံနက် ၈ နာရီတွင် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၊ စိုက်ပျိုးနည်းပညာပေးသင်တန်းနှင့် မျိုးစေ့၊ ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ပွဲကို ဂန့်ဂေါ်ကျွန်းကျေးရွာ ဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်တွေမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်တို့က အမှာစကားပြောကြားကြပြီး မြို့နယ်ဦးစီးမှူး ဦးတင်အေးက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ဆောင်ရွက်ရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယပြည်နယ်ဦးစီးမှူးတို့က မျိုးသန့်စံပြရွာဖြင့် မျိုးစေ့ထုတ်မည့် မျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧကအတွက် မျိုးစပါး ၂၂ ဒသမ ၅ တင်းနှင့် ဂန့်ဂေါ်ကျွန်းကျေးရွာ မျိုးစေ့ထုတ်လုပ်သူများအသင်း (S.G.A) တောင်သူများအား မျိုးစေ့စိုက်ခင်း ၁၅ ဧက အတွက် မျိုးစပါး ၂၂ ဒသမ ၅ တင်း၊ ဓာတ်မြေဩဇာ ၁၅ အိတ်တို့ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြကြောင်း သိရသည်။

ယင်းနောက် အဆိုပါဘုန်းကြီးကျောင်း၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများကို စိုက်ပျိုးနည်းပညာပေးသင်တန်းကို တစ်ရက်ကြာ ပို့ချသင်ကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တစ်ပတ်အတွင်း စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်

(ဇွန် ၄ ရက်မှ ၈ ရက်အထိ)

**ဆန်၊ စပါး**

ပုသိမ်ဈေးကွက်မှာတော့ ဆန်ဈေးရော စပါးဈေးရော သုံးပတ်ဆက်တိုက် ငြိမ်နေပါတယ်။ လက်ရှိမှာ နွေစပါး ထွက်ရှိနေပေမယ့် တရုတ်နိုင်ငံက အဝယ်နည်းတဲ့အတွက် ဆန်ဈေးရော စပါးဈေးပါ ငြိမ်နေတာဖြစ်ပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံက ဆန်တန်ချိန်တစ်သိန်းကို တရားဝင် ဝယ်ယူသွားမယ်ဆိုတဲ့သတင်းကြောင့် ကုန်သည်တွေကလည်း စောင့်ကြည့်နေကြတဲ့အခြေအနေမှာ ရှိနေပါတယ်။ ဆန်ချောနဲ့ စပါးတွေက ဈေးငြိမ်နေပေမယ့် အကြမ်းဈေးတွေကတော့ အနည်းငယ်တက်လာတာ တွေ့ရပါတယ်။ ရန်ကုန်ဈေးကွက်မှာ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ၊ နွေသီးထပ်ဆန်တို့ ဈေးအနည်းငယ် တက်လာပါတယ်၊ ဆန်ကြမ်းတွေက တရုတ်နိုင်ငံအပြင် နယ်စပ်ကနေတစ်ဆင့် အခြားပြည်ပတင်ပို့မှုတွေလည်း ရှိနေလို့ ဈေးတက်လာတာဖြစ်ပါတယ်။

ပုသိမ်ဈေးကွက်မှာ ပထမတန်းစားဆန် ရောဝတီပေါ်ဆန်းက တင်း ၁၀၀ ကို ကျပ် ၁၀၉၅၀၀၀ ကျော်ရှိပြီး ဆန်(ထိပ်စ)က တစ်တင်းခွဲ တစ်အိတ်ကို ငွေကျပ် ၄၅၀၀၀၊ ပေါ်ဆန်းရင်က စပါးတင်း ၁၀၀ ကို ငွေကျပ် ၉၈၀၀၀၀ ကျော်နဲ့ ဆန်တစ်အိတ်ကို ငွေကျပ် ၄၂၀၀၀၊ ဖျာပုံ ပေါ်ဆန်းက စပါးတင်း ၁၀၀ ကို ငွေကျပ် ၁၀၄၃၀၀၀ ကျော်နဲ့ ဆန်တစ်အိတ်ကို ငွေကျပ် ၄၃၀၀၀ စီနဲ့ ဈေး ငြိမ်နေပါတယ်။ ဒုတိယတန်းစားစပါးဖြစ်တဲ့ ရွှေသွယ်လေးနဲ့ ရောမင်းက စပါးတင်း ၁၀၀ ကို ငွေကျပ် ၇၃၆၀၀၀ ရှိပြီး ဆန်တစ်အိတ် ငွေကျပ် ၃၀၀၀၀၊ မနောသုခက စပါးတင်း ၁၀၀ ကို ငွေကျပ် ၅၉၀၀၀၀ ကျော်နဲ့ ဆန်တစ်အိတ် ၂၃၅၀၀ ရှိပါတယ်။ မီးကောင်းက ဆန်တစ်အိတ် ငွေကျပ် ၂၅၅၀၀ ဖြစ်ပြီး တစ်အိတ်မှာ ၅၀၀ ကျပ် ဈေးတက်လာပါတယ်။ သီးထပ်ရင်ကလည်း တစ်အိတ် ၅၀၀ ကျပ် ဈေးတက်လာပြီး ငွေကျပ် ၂၁၈၀၀ ဈေး ရှိနေပါတယ်။ ရန်ကုန်ကုန်စည် ဒိုင်မှာ ဆန်ကြမ်းတွေဖြစ်တဲ့ ရက် ၉၀ ရှယ်က တစ်အိတ်ကို ငွေကျပ် ၂၂၅၀၀ ကနေ ၂၂၈၀၀ အထိ၊ နွေသီးထပ်ဆန်က ငွေကျပ် ၂၁၇၀၀ ကနေ ၂၂၀၀၀ အထိ တစ်အိတ်မှာ ကျပ် ၃၀၀ ခန့် ဈေးတက်လာခဲ့ပါတယ်။

**မတ်ပဲ (FAQ/RC)**

ဒီတစ်ပတ်မှာတော့ မတ်ပဲက အတက်အကျတည်ငြိမ်မှုမရှိပါဘူး။ တစ်တန်ကို ကျပ်ငါးသိန်းခွဲနီးပါးအထိ ဈေးတက်လာခဲ့ပေမယ့် ဈေးက တက်လိုက်ကျလိုက်ဖြစ်နေတဲ့အခြေအနေ ရှိနေပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာတော့ နေ့စဉ် ပုံမှန်အဝယ်ရှိနေပြီး ဈေးငြိမ်နေတာကိုလည်း တွေ့ရပါတယ်။

မတ်ပဲဈေးက အိန္ဒိယရဲ့ဝယ်ယူမှုပေါ် အဓိကမူတည်နေပြီး လက်ရှိမှာ အိန္ဒိယပြည်တွင်းစိုက်ပျိုးမှု လုံလောက်နေတဲ့အတွက် ပြည်ပဝယ်ယူမှုကို အိန္ဒိယက လျှော့ချခဲ့ပါတယ်။ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံကို အနိမ့်ဆုံးဈေးသတ်မှတ်ပြီး ပဲဝယ်ယူဖို့ ပြီးခဲ့တဲ့နှစ်တွေက ကမ်းလှမ်းခဲ့ပေမယ့် အဲဒီတုန်းက မတ်ပဲဈေးကောင်းခဲ့တဲ့အတွက် ထိုစနစ်ကို လက်မခံခဲ့ဘဲ လက်ရှိမှာတော့ အဆိုပါစနစ်နဲ့ ပြန်လည်ဝယ်ယူဖို့ကို မြန်မာနိုင်ငံက တောင်းဆိုနေပါတယ်။ မြန်မာနိုင်ငံအခြေစိုက် အိန္ဒိယသံရုံးကတော့ အချိန်ယူစဉ်းစားနေတယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့နှစ် ကာလတူတုန်းက မတ်ပဲဈေးဟာ တစ်တန်ကို ကျပ်ကိုးသိန်းအထိ ဈေးရခဲ့ပေမယ့် ဒီတစ်ပတ် ရန်ကုန်ကုန်စည်ဒိုင်မှာတော့ မတ်ပဲတစ်တန်ကို ကျပ် ၅၄၀၀၀၀ ကျော်အထိ အမြင့်ဆုံးဈေး တက်လာခဲ့ပြီး တစ်ပတ်အတွင်းမှာပဲ အနည်းငယ်ပြန်ကျသွားပါတယ်။ ပြည်နဲ့ နေပြည်တော် ကုန်စည်ဒိုင်တွေမှာ တစ်တင်းမှာ ကျပ်တစ်ထောင်ခန့် ဈေးတက်ခဲ့ပြီး မုံရွာကုန်စည်ဒိုင်မှာတော့ တစ်တင်းကို ကျပ် ၁၄၅၀၀ နဲ့ ဈေးငြိမ်နေပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာ ဈေးတက်လာခဲ့ပါတယ်။ တစ်တန်ကို ကျပ်ငါးသိန်းကျော်အထိ ပေါက်ဈေးရှိခဲ့ပါတယ်။ နယ်ကုန်စည်ဒိုင်တွေမှာလည်း အဝယ်များပြီး ဈေးတက်လာခဲ့တာဖြစ်ပါတယ်။ ဇွန် ၁ ရက်ကစပြီး အိန္ဒိယနိုင်ငံကို တန်ချိန် နှစ်သိန်း တင်ပို့ရတဲ့အတွက် ရန်ကုန်ဝယ်လက်တွေ နေ့စဉ်အဝယ်ရှိပြီး ဈေးတက်လာပါတယ်။

အိန္ဒိယနိုင်ငံကို လာမယ့်ဩဂုတ်လ နောက်ဆုံးထားပြီး အချိန်မီတင်ပို့ရမှာဖြစ်တဲ့အပြင် အလုံးအပြင် ခွဲခြမ်းပါ တင်ပို့ရမှာဖြစ်တဲ့အတွက် ဈေးက ထပ်ပြီး တက်လာနိုင်တယ်လို့ ကုန်သည်တွေက သုံးသပ်ထားပါတယ်။ ဈေးတက်လာပေမယ့်လည်း တောင်သူတွေလက်ထဲမှာ ပဲတွေက မရှိတော့ပါဘူး။ ပြီးတော့ လက်ရှိ ဈေးကလည်း တောင်သူတွေအတွက် အရင်းမကြေနိုင်သေးတဲ့အခြေအနေ ဖြစ်နေပါသေးတယ်။ တစ်တန်ကို သုံးသိန်းကျော်နဲ့ ကာလအတန်ကြာ ဈေးငြိမ်နေခဲ့ပြီး အိန္ဒိယရဲ့ထုတ်ပြန်မှုကြောင့်သာ ဈေးပြန်တက်လာခဲ့တာလည်း ဖြစ်ပါတယ်။

ဒီတစ်ပတ် ရန်ကုန်ကုန်စည်ဒိုင်မှာ တစ်တန်ကို ကျပ် ၅၃၀၀၀၀ ကျော်အထိ ဈေးတက်လာခဲ့ပြီး မတ်ပဲနဲ့ ဈေးအနည်းငယ်သာ ကွာပါတယ်။ မုံရွာ၊ ပြည်နဲ့ ပခုက္ကူ ကုန်စည်ဒိုင်တွေမှာလည်း ဈေးတက်လာခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကတော့ ပဲစင်းငုံနီ တစ်တန်ကို ကျပ်ခြောက်သိန်းခွဲအထိ ဈေးရရှိခဲ့ပါတယ်။

**ပဲတီစိမ်း**

ပဲတီစိမ်းကတော့ ထွက်ရှိသမျှကို တရုတ်နိုင်ငံက ၇၀ ရာခိုင်နှုန်းလောက် ပုံမှန်ဝယ်ယူနေတဲ့အတွက် အိန္ဒိယက ဝယ်ဝယ် မဝယ်ဝယ် စိုးရိမ်ရတဲ့အနေအထား မရှိပါဘူး။ အိန္ဒိယနိုင်ငံကို တင်ပို့ဖို့တောင် တန်ချိန်မလုံလောက်မှုနဲ့ ရင်ဆိုင်နေရပါတယ်။ မြန်မာ့ပဲတီစိမ်းတွေက ၂၀၁၅ ခုနှစ်လောက်က ပိုးသတ်ဆေးကြောင့် အရည်အသွေးနိမ့်ကျပြီး ဈေးကောင်းမရခဲ့ပေမယ့် အီးယူရဲ့အကူအညီနဲ့ အရည်အသွေးမြင့် စိုက်ပျိုးထုတ်လုပ်လာပြီးနောက်ပိုင်း ဈေးကောင်းရလာခဲ့ပါတယ်။ ပဲတီစိမ်းက ပဲတွေထဲမှာ လက်ရှိ အမြင့်ဆုံးဈေး ရရှိနေပါတယ်။ ဒါပေမယ့် ဒီတစ်ပတ်ထဲမှာ မြင်းခြံ၊ မုံရွာနဲ့ နေပြည်တော် ကုန်စည်ဒိုင်တွေမှာ ပဲတီစိမ်းဈေး အနည်းငယ်ကျဆင်းသွားခဲ့ပြီး ရန်ကုန်မှာတော့ ဈေးအတက်အကျအပြောင်းအလဲ ရှိပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီက လက်ရှိမှာ ရာသီဥတုကြောင့် တင်ပို့မှုနည်းပြီး ရန်ကုန်ကို အဝင်လည်း နည်းသွားကာ အဝယ်လည်း နည်းသွားပါတယ်။ အဝယ်နည်းသလို ဈေးကလည်း သုံးပတ်ဆက်တိုက် ငြိမ်နေတာကို တွေ့ရပါတယ်။ ပြည်တွင်းမှာ အဝင်နည်းပြီး ဈေးအေးသွားသလို ပြည်ပနိုင်ငံဖြစ်တဲ့ တရုတ်နဲ့ ထိုင်းကို တင်ပို့တာမှာလည်း လျော့နည်းတင်ပို့ခဲ့ပါတယ်။ တစ်ပတ်အတွင်း ရန်ကုန်ကုန်စည်ဒိုင်မှာ ကြက်သွန်နီ (ဆိပ်ဖြူ၊ မုံရွာ၊ ရွှေဘို) တို့က တစ်ပိဿာကို ကျပ် ၅၅၀ ကနေ ၆၅၀ ရှိပြီး ဈေးအတော်အေးနေပါတယ်။ မြင်းခြံနဲ့ နေပြည်တော် ကုန်စည်ဒိုင်တွေမှာလည်း ဈေးငြိမ်နေပြီး ပြည်ကုန်စည်ဒိုင်မှာတော့ တစ်ပိဿာမှာ ကျပ် ၅၀ လောက် ဈေးတက်လာတာ တွေ့ရပါတယ်။ ၂၀၁၈ နှစ်အစက ကြက်သွန်နီ တစ်ပိဿာကို ကျပ် ၃၀၀၀ ကျော်အထိ ဈေးကောင်းရခဲ့တာကြောင့် တောင်သူတွေကလည်း အခု ကြက်သွန်နီပေါ်ချိန်မှာ ဈေးကောင်းရမယ့်အချိန်အထိစောင့်ပြီး လှောင်နေတာတွေလည်း ရှိနေတယ်လို့ သိရပါတယ်။

**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူ(ကြူကုတ်)က ပြီးခဲ့တဲ့အပတ်ကတည်းက ဈေးအနည်းငယ်တက်ခဲ့ပြီး ဒီတစ်ပတ်မှာလည်း ဈေးထပ်တက်ခဲ့ပါတယ်။ ပြည်တွင်းမှာလည်း အဝင်နည်း၊ ပြည်ပကလည်း အဝင်နည်းပြီး အရောင်းဝယ်က ရှိနေတဲ့အတွက် ဈေးက အနည်းငယ်ပြန်တက်လာတာလည်းဖြစ်ပါတယ်။ ကြက်သွန်ဖြူ(ရှမ်း)ကလည်း ဈေးအနည်းငယ်ပြန်တက်ခဲ့ပါတယ်။ ရန်ကုန်ကုန်စည်ဒိုင်မှာ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာမှာ ကျပ် ၃၀၀ ခန့် ဈေးတက်ပြီး ကြက်သွန်ဖြူ(ရှမ်း)ကတော့ ၅၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ ပြည်ကုန်စည်ဒိုင်မှာလည်း ဈေးအနည်းငယ်တက်ခဲ့ပြီး မုံရွာနဲ့ မြင်းခြံမှာတော့ ဈေးငြိမ်နေခဲ့ပါတယ်။

**ဝတ်ရည်မွန်(AMIA)**

# ရန်ကုန်မြောက်ပိုင်းခရိုင်၌ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ကွင်းဆင်းဆွေးနွေး

**ရန်ကုန် ဇွန် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်တို့သည် ဇွန် ၂ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်ရှိ ညောင်နှစ်ပင်ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ပျိုးရေးဝန်ထမ်းများနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအား တွေ့ဆုံကာ သီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို ပညာပေးဆွေးနွေးခဲ့သည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်က စိုက်ပျိုးရေးဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်တိုင်းတွင် ဆောင်ရွက်ရမည့် အချက်များကို တောင်သူများ၊ စားသုံးသူများ သိရှိနိုင်ရန်အတွက် စိုက်ပျိုးပညာပေးဝန်ထမ်းများက ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုဖွံ့ဖြိုးအောင်ဆောင်ရွက်သွားရန်တို့ကို အသေးစိတ်ဆွေးနွေးခဲ့သည်။

ထို့နောက် ညောင်နှစ်ပင်စိုက်ကွင်းအတွင်း၌ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသော စိုက်ခင်းများနှင့် စိမ်းလန်းစိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေရောင်းဝယ်ရေးသမဝါယမအသင်းက စိုက်ပျိုးထုတ်လုပ်နေသည့် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်စိုက်ခင်းများတွင် သဘာဝမြေသြဇာ ထုတ်လုပ်သုံးစွဲမှုကို လေ့လာခဲ့သည်။

ပညာပေးဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ စိုက်ပျိုးပညာပေးဝန်ထမ်းများအားလုံး၊ စိမ်းလန်းသမဝါယမအသင်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်လဲ့လဲ့ဦးနှင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ စုစုပေါင်း ၂၆၁ ဦး တက်ရောက်ခဲ့ကြသည်။ အဆိုပါ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ခင်းသည် ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်များကိုသာ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ပြည်တွင်းဈေးကွက်များသာမက ပြည်ပဈေးကွက်များအထိပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ဗထူး**




# ဘောလခဲခရိုင်၌ မိုးနှမ်းများ GAP စနစ်ဖြင့်စိုက်ပျိုး

**ဘောလခဲ ဇွန် ၁၀**

ကယားပြည်နယ် ဘောလခဲခရိုင် ဘောလခဲမြို့ ရှမ်းပိုင်းအုပ်စုရှိ တောင်သူ ဦးအောင်ကျော်မင်း၏ မိုးနှမ်း GAP စံပြကွက် လေးဧကတွင် နှမ်းမျိုးစေ့ချ စက်ကိရိယာဖြင့် စိုက်ပျိုးခြင်း သဘာဝမြေသြဇာစမ်းသပ်ကွက် စိုက်ပျိုးထားမှုကို ဇွန် ၁၀ ရက်က ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးခန့်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေ၊ ဒုပြည်နယ်ဦးစီးမှူး ဦးစိုင်းသန်းအောင်၊ စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်၊ GAP နည်းပညာပေးရေးအဖွဲ့)နှင့် တောင်သူများ ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ဘောလခဲမြို့နယ် မိုင်းထမ်းကျေးရွာရှိ တောင်သူများနှင့် ဖားဆောင်းမြို့နယ် ခဲမဖြူကျေးရွာမှ တောင်သူများအား စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ GAP နည်းပညာပေးရေးအဖွဲ့က မြန်မာ GAP အကောင်အထည်ဖော်ဆောင်ရွက်ရေး နည်းပညာပေးသင်တန်းများ ပို့ချပေးခဲ့သည်။

ဘောလခဲခရိုင်တွင် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ပြီး စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးကောင်းနှမ်းများ ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**မောင်ကျော်ကြီး**



# မျိုးစေ့၊ သွင်းအားစု ကုန်ကျစရိတ် လျှော့ချနိုင်မှသာ လယ်ယာထွက်ကုန်ပြည်ပတင်ပို့မှု တိုးတက်မည်

**ရန်ကုန် ဇွန် ၁၀**



မြန်မာ့လယ်ယာကဏ္ဍ ကုန်စည်ပြည်ပတင်ပို့မှု နှစ်အလိုက် တိုးတက်တင်ပို့လာနိုင်ရန်အတွက် မျိုးစေ့၊ အဆင့်မြင့် ရေသွင်းစနစ်၊ ဓာတ်မြေသြဇာကဲ့သို့ သွင်းအားစုကုန်ကျစရိတ်များကို လျှော့ချနိုင်ရန်လိုအပ်ကြောင်း လယ်ယာပို့ကုန်လုပ်ငန်းရှင်များက ပြောကြားသည်။ ထို့အပြင် ရာသီဥတုကောင်းမွန်မှု၊ ကုန်ထုတ်လမ်းများ ဖော်ဆောင်မှု၊ အထွေထွေစရိတ်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးစရိတ်များ၊ အခွန်အခများနှင့် လမ်းတံတားကြေးများ လျှော့ချနိုင်ရန် လိုအပ်ကြောင်းလည်း လုပ်ငန်းရှင်များက ပြောဆိုကြသည်။

ရာသီဥတုအခြေအနေ ပြောင်းလဲလာခြင်းနှင့် သွင်းအားစုစရိတ်များ နှစ်စဉ် တိုးတက်လာခြင်းကြောင့် တောင်သူများ ငွေကြေးစိုက်ထုတ်ရမှု ပိုများလာနေပြီး စိုက်ပျိုးရေး သွင်းအားစုများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အလုံအလောက် ထုတ်လုပ်ပေးသင့်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်က ပြောသည်။

"သွင်းအားစုသုံးစွဲတဲ့အပိုင်းမှာ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာတွေကို နိုင်ငံခြားကနေ ဘီလီယံနဲ့ချီပြီး တင်သွင်းနေရတယ်၊ လုပ်ငန်းရှင်တွေရဲ့ ငွေကြေးလဲလှယ်နှုန်းအရပဲဖြစ်ဖြစ်၊ တခြားအကြောင်းကြောင့်ပဲဖြစ်ဖြစ် သွင်းအားစုရောင်းဈေးက ပတ်ဝန်းကျင်နိုင်ငံတွေထက်စာရင် ဈေးနှုန်းတွေ ပိုကြီးနေတယ်၊ နောက်ဆုံးတော့ အဲဒီဒဏ်ကို တောင်သူတွေပဲ ခံစားရတာ၊ နောက် အားနည်းနေတဲ့အပိုင်းက နိုင်ငံပိုင်စက်ရုံတွေကနေ ဓာတ်မြေသြဇာကို တောင်သူတွေ ဈေးသက်သက်သာသာ သုံးစွဲနိုင်အောင် အလုံအလောက် မထုတ်ပေးနိုင်ဘူး၊ နိုင်ငံတကာ အထူးသဖြင့် တရုတ်ကနေ ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်ကို ကျပ်တစ်သောင်းခွဲကနေ သုံးသောင်းအထိ တင်သွင်းရောင်းချတော့ တောင်သူတွေက နှစ်ဆလောက်ပေးဝယ်ပြီး သုံးနေရတယ်၊ နိုင်ငံပိုင်စက်ရုံက ထုတ်တဲ့ ပုလဲဓာတ်မြေသြဇာ တစ်အိတ်ကို ကျပ် ၁၄၀၀၀ ကျော်ပဲရှိတာ၊ ဒီမှာ အဓိကလိုနေတာက ပိုးသတ်ဆေးထက် ဓာတ်မြေသြဇာလိုအပ်ချက် မြင့်မားတာမို့ အစိုးရအနေနဲ့ လုံလုံလောက်လောက် ထုတ်လုပ်ပြီးတော့ တောင်သူတွေ ဈေးချိုချိုသုံးနိုင်ဖို့ လုပ်ပေးသင့်တယ်"ဟု ၎င်းကပြောသည်။

လယ်ယာပို့ကုန်လုပ်ငန်းရှင် ဒေါက်တာမြတ်မင်းကလည်း "သွင်းအားစု ကုန်ကျစရိတ်တွေ၊ လိုအပ်ချက်မြင့်မားနေတဲ့ မျိုးစေ့တွေပြည်တွင်းမှာ အလုံအလောက် ထုတ်လုပ်ဖို့ တတ်နိုင်ပေမယ့် လျှပ်စစ်လိုအပ်ချက် ဖြည့်ဆည်းနိုင်မှ အဆင်ပြေနိုင်မယ်၊ အခု တောင်သူတွေက စိုက်မယ့် မျိုးစေ့တွေကို ကိုယ့်အခင်းတွေထဲကပဲ အလွယ်တကူထားရှိ စိုက်နေကြတယ်၊ ပြောရရင် စိုက်မယ့်စပါးကတော့ အတူတူပဲ၊ ဒါပေမယ့် အထွက်နှုန်းနဲ့ မျိုးကဏ္ဍအတွက် ကြီးမားတဲ့အဟန့်အတားတွေ ဖြစ်လာနိုင်တယ်၊ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံမှာ သွင်းအားစု ဈေးကြီးနေရင်၊ မျိုးစေ့ အလုံအလောက်မရှိဖြစ်လာရင် ဒီကဏ္ဍတိုးတက်ဖို့ဆိုတာ သေချာ ပြောနိုင်မယ်လို့ မမြင်ဘူး၊ လက်ရှိ စိုက်ပျိုးရေးမှာအောင်မြင်နေတဲ့ နယ်သာလန်လိုနိုင်ငံမှာ မျိုးစေ့အလေးထားတာ၊ စမ်းသပ်ထုတ်ဖော်တာတွေ၊ ကန္တာရကနေ ကျော်ဖြတ်အောင်မြင်လာတာတွေကို အတုယူရမှာ"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် လယ်ယာကဏ္ဍသည် GDP ၃၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးသည့်အပြင် လူဦးရေ၏ သုံးပုံနှစ်ပုံမှာ လယ်ယာကဏ္ဍနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်နေပြီး သဘာဝဘေးနှင့် ဆက်စပ်သည့် သီးနှံပျက်စီးမှုများသည် နိုင်ငံ၏စီးပွားရေးကို သိသိသာသာ ခြိမ်းခြောက်လျက် ရှိနေသည်။

**ဇာလင်းသူ(AMIA)**
**ဓာတ်ပုံ-ကေဇူး(AMIA)**

# အိန္ဒိယက ပဲတင်သွင်းခွင့်ပြုလာသော်လည်း နှစ်စဉ်တင်ပို့ရမှုထက် လျော့နည်းနေ

**ရန်ကုန် ဇွန် ၁၀**



အိန္ဒိယက ပဲတင်သွင်းခွင့်ကို အကန့်အသတ်ဖြင့် ပြန်လည်ခွင့်ပြုလာခဲ့သော်လည်း ထိုပမာဏမှာ မြန်မာနိုင်ငံ၏ နှစ်စဉ်တင်ပို့နိုင်သည့် ပမာဏအောက်တွင်သာ ရှိနေသေးသည့်အတွက် မတ်ပဲ၊ ပဲတီစိမ်း စိုက်ပျိုးထုတ်လုပ်မှုအပိုင်းတွင် ပြန်လည်စဉ်းစားရန် လိုအပ်သကဲ့သို့ သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ဈေးကွက်တိုးချဲ့ရှာဖွေပေးရန် လိုအပ်နေသေးကြောင်း ပဲကုန်သည်များက ပြောကြားသည်။

"အခုဆိုရင် မတ်ပဲနဲ့ ပဲစင်းငုံ ဈေးနှုန်း သိပ်မကွာတော့ဘူး၊ ပဲစင်းငုံ တန်ချိန်နှစ်သိန်းကို တင်သွင်းခွင့်ပြုလိုက်တော့ ဈေးဆတူနီးပါး ဖြစ်လာတယ်။ မတ်ပဲက ကိုယ့်တစ်နိုင်ငံတည်းကပဲ ခွဲတမ်းအပြည့်ရတာ ဖြစ်တယ်၊ ပဲသွင်းကုန်လိုင်စင်ကိုလည်း လူတိုင်းကို မပေးတော့ဘဲ စက်ရုံရှိတဲ့သူကိုပဲ လိုင်စင်ပေးမယ်ဆိုတဲ့ သဘောပေါ့၊ သူတို့ဘက်က လိုင်စင်ကို နည်းနည်း ထိန်းချုပ်လိုက်တဲ့သဘောတော့ရှိတယ်၊ အဲဒီလိုင်စင်ကလည်း လကုန်လောက်မှ ထွက်လာမှာပါ၊ ပဲစိုက်တောင်သူတွေအနေနဲ့ ပဲစိုက်တဲ့အခါ ချင့်ချိန်စိုက်ဖို့လိုတယ်၊ အိန္ဒိယ ပဲအထွက်နှုန်းကလည်း နှစ်စဉ် တိုးတက်လာနေတာဖြစ်တယ်"ဟု မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များအသင်းမှ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံ ဒေါက်တာမြတ်စိုးက ပြောသည်။

ပဲဈေးကွက်အခြေအနေအရ ပဲတီစိမ်းမှာ နိုင်ငံတကာသို့တင်ပို့နေခြင်းကြောင့် ဈေးကွက်ရရှိနေသော်လည်း အိန္ဒိယတစ်နိုင်ငံတည်းကို မှီခိုနေရသည့် ပဲစင်းငုံမှာ တောင်သူများအနေဖြင့် ချင့်ချိန်စိုက်ပျိုးသင့်သည့် သီးနှံဖြစ်နေကြောင်း၊ လက်ရှိ အိန္ဒိယ၏ ပဲအထွက်နှုန်းမှာ တစ်နှစ်လျှင် တန်ချိန် သိန်း ၄၀ ကျော် ထွက်ရှိနေသည့်အပြင် နှစ်စဉ် အထွက်နှုန်းပိုလာပါက မြန်မာနိုင်ငံရှိ တောင်သူများအား ပို၍ထိခိုက်လာနိုင်ခြင်းကြောင့် ဈေးကွက်ရှိသည့် အခြားသောသီးနှံများနှင့် ဆီထွက်သီးနှံများကို ပြောင်းလဲချင့်ချိန် စိုက်ပျိုးသင့်ကြောင်း ၎င်းကဆိုသည်။

ရန်ကုန် ဘုရင့်နောင်ရှိ ပဲကုန်သည် ဦးကျော်ကျော်ကလည်း "ကမ္ဘောဒီးယားကို မြန်မာပို့ကုန်ပမာဏက အရင်ဘဏ္ဍာနှစ်က ကန်ဒေါ်လာ သုံးသန်းကျော်အထိ ရှိလာတယ်၊ တင်ပို့တဲ့ပစ္စည်းတွေမှာ ပဲတီစိမ်း၊ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲ၊ မြေထောက်ပဲနဲ့ ပဲရာဇာ ပါဝင်နေတော့ ပဲစားသုံးမှုမြင့်တက်လာသလို တခြားသော စားသုံးမှုရှိတဲ့ နီပေါ၊ ဘူတန်ကိုလည်း တိုက်ရိုက်ပို့နိုင်ဖို့ ဆောင်ရွက်သင့်တယ်၊ တောင်သူတွေအနေနဲ့တော့ ပဲစင်းငုံဟာ လျှော့ချစိုက်သင့်တဲ့ပဲထဲ ပါဝင်နေတယ်၊ ဒါကို ဂရုပြုကြဖို့လိုတယ်"ဟု ပြောသည်။

ဈေးကွက်သစ်များကို ရှာဖွေကြရာတွင် အိန္ဒိယလူမျိုးများ နေထိုင်မှုများသည့် နိုင်ငံများ၊ ပဲစားသုံးမှုများသည့် နိုင်ငံများကို အဓိကထားပြီး ရှာဖွေသင့်ကြောင်းနှင့် ဈေးကွက်ရနိုင်သည့်နိုင်ငံများမှာ နီပေါ၊ သီရိလင်္ကာ၊ ကမ္ဘောဒီးယား၊ ဘူတန်၊ ပါကစ္စတန်၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ မလေးရှား၊ အင်ဒိုနီးရှား၊ အာဖရိကနိုင်ငံများနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က မတ်ပဲတင်ပို့မှုမှာ တန် ၅ ဒသမ ၂၇ သိန်းကျော် ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က တန်ချိန် ၅ ဒသမ ၆၂ သိန်းခန့် ရှိသဖြင့် တန်ချိန် ၃၅၀၀၀ ခန့် လျော့နည်းခဲ့သလို ဈေးနှုန်းလည်း ကျဆင်းခဲ့ကြောင်း၊ အလားတူပင် ပဲတီစိမ်းတင်ပို့မှုတွင်လည်း တန်ချိန် ၅၉၀၀၀ ခန့် လျော့နည်းခဲ့ပြီး ပဲစင်းငုံမှာ တန်ချိန် ၄၀၀၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)၊ ဓာတ်ပုံ- ကေဇူး(AMIA)**

# သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး စုပေါင်းလှုပ်ရှားမှု အလုံမြို့နယ်၌ ဆောင်ရွက်

**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ်၌ မြို့နယ်လုံးကျွတ် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး စုပေါင်းလှုပ်ရှားမှုအခမ်းအနားကို ဇွန် ၉ ရက် နံနက်က ပြုလုပ်ခဲ့သည်။

အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ပြုလုပ်သည့် အဆိုပါ လှုပ်ရှားမှု အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်ဝင်း၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကေသီအောင်နှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ အဘိတ်ဆေးများကို ရပ်ကွက်အလိုက် ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် သူနာပြု သားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ကွင်းဆင်းကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အများသုံးရေကန်များနှင့် နေအိမ်များရှိ ရေကန်များအတွင်းသို့ အဘိတ်ဆေးများ လိုက်လံခတ်ပေးခဲ့ကြသည်။

**တင်မောင်ဦး (အလုံ)**

# ဖျာပုံခရိုင်အတွင်း လမ်းမကြီးများတွင် ယာဉ်အလေးချိန်နှင့် ယာဉ်စည်းကမ်း စစ်ဆေးခြင်းများ ဆောင်ရွက်မည်

**ဖျာပုံ ဇွန် ၁၀**

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များတွင်ရှိသော အဝေးပြေး လမ်းမကြီးများတွင် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး လှုပ်ရှားမှု ဆောင်ရွက်ခြင်းဖြင့် အဝေးပြေးလမ်းမကြီးများ ပျက်စီးမှုများနှင့် ပြည်သူများ ယာဉ်မတော်တဆထိခိုက်မှု အန္တရာယ်များ နည်းပါးစေနိုင်မည်ဖြစ်သဖြင့် ယာဉ်အလေးချိန် စစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်း စစ်ဆေးခြင်းများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇော်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အမှတ်(၈၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးနှင့် တာဝန်ရှိတပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့နယ် ချောင်းတွင်းကျေးရွာအနီးမှ ADB ချေးငွေဖြင့် ဖောက်လုပ်ထားသော ဖျာပုံ-ကျိုက်လတ်-မအူပင် အဝေးပြေး ကားလမ်းကြီးပေါ်တွင် စုရပ်နေရာသုံးခု၌ စစ်ဆေးခြင်းများကို ဇွန် ၉ ရက်မှစ၍ ဆောင်ရွက်ခဲ့ပြီး ယာဉ်များကို Portable Weight Pad ဖြင့်ချိန်၍ စစ်ဆေးကာ မိုးရာသီကာလ သတ်မှတ် တန်ချိန် ၁၅ တန်ထက်ပိုသော ယာဉ်များကို ပညာပေး အရေးယူမှုများ ပြုလုပ်ခဲ့သည်။ ထို့အပြင် ကိုယ်ပိုင်ကားများ၊ ခရီးသည်တင်ကားများကိုလည်း ယာဉ်လိုင်စင်၊ ဝိုးတက်၊ ယာဉ်မောင်းလိုင်စင်များ စစ်ဆေးခြင်း၊ ဆိုင်ကယ်မောင်းသူများအား ယာဉ်လိုင်စင်၊ ဝိုးတက်၊ ယာဉ်မောင်းလိုင်စင်နှင့်ဦးထုပ် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး သတ်မှတ်စည်းကမ်း မလိုက်နာသူများအား မှတ်တမ်းတင်စာရင်းတွင် လက်မှတ်ရေးထိုးစေ၍ လမ်းမကြီးများဥပဒေပါ ပြစ်မှုပြစ်ဒဏ်များနှင့် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေများအကြောင်း ပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။



ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များမှ လမ်းမကြီးများတွင် ယာဉ်အလေးချိန် စစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်း စစ်ဆေးခြင်းကို ယခု ဇွန်လ ပထမပတ်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်မည်ဖြစ်ရာ ဒုတိယပတ်တွင် ဖျာပုံ-ဘိုကလေး-မော်ကျွန်း-ကျုံမငေးလမ်း၊ တတိယပတ်တွင် အမာ-ဘုန်းကြီးသောင်-စက်ဆန်းလမ်း၊ စတုတ္ထပတ်တွင် ကျိုက်လတ်-စိန်ဟိုင်းလမ်းတို့ပေါ်၌ ပညာပေး စစ်ဆေး မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့နောက် ဇူလိုင် ၁ ရက်မှစ၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ဖျာပုံခရိုင်လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇော်ထံမှ သိရသည်။

ယာဉ်အလေးချိန် စစ်ဆေးခြင်းနှင့် ယာဉ်စည်းကမ်း စစ်ဆေးခြင်းကို မိုးရာသီကာလ မေ ၁၆ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိလည်းကောင်း၊ နွေရာသီကာလ အောက်တိုဘာ ၁ ရက်မှ ၂၀၁၉ မေလ ၁၅ ရက်အထိလည်းကောင်း ဆောင်ရွက်မည်ဖြစ်ပြီး အဝေးပြေးလမ်းမကြီးများပေါ်တွင် ယာဉ်အမျိုးအစားအလိုက် ဝင်ရိုးနှင့် ဘီးအရေအတွက်၊ (ယာဉ်+ကုန်)အလေးချိန်တန်များ သတ်မှတ်ပေးထားခြင်းကို ပြည်သူများ သိရှိနားလည်စေရန် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဖြင့် အဝေးပြေးလမ်းမကြီးများ အချိန်မတိုင်မီ ပျက်စီးမှုအန္တရာယ်ကင်းဝေးစေပြီး ပြည်သူများလည်း ယာဉ်အန္တရာယ် ကင်းရှင်းစေမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ**

# ဘားအံ-မြဝတီကားလမ်း ဂျိုင်းတံတားအနီးတွင် လမ်းပြုပြင်နေ၍ ယာယီပိတ်ထား

**ဘားအံ ဇွန် ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဂျိုင်းကျေးရွာအုပ်စု ရိုးမဟာကျေးရွာအနီး ဘားအံ-မြဝတီကားလမ်းပေါ်ရှိ တံတားအမှတ်(၅၆)ကို ပြုပြင်နေခြင်းကြောင့် ဇွန် ၈ ရက် နံနက်ပိုင်းမှစ၍ လမ်းလွှဲပြုလုပ်ထားပြီး အဆိုပါ လမ်းလွှဲမှ ဖြတ်သန်းသွားလာခဲ့သော်လည်း ဇွန် ၈ ရက် ညပိုင်းနှင့် ဇွန် ၉ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် အဆိုပါလမ်းလွှဲ၌ ရေကျော်ပြီး မော်တော်ယာဉ်များ လုံးဝဖြတ်သန်းသွားလာ၍ မရတော့သဖြင့် ကားလမ်းကို ယာယီပိတ်ထားရကြောင်း သိရသည်။



မော်တော်ယာဉ်ဖြတ်သန်းသွားလာမှုများကို ဇွန် ၉ ရက် နံနက် ၆ နာရီခွဲမှစတင်၍ ခေတ္တပိတ်ထားလိုက်ရခြင်းဖြစ်ပြီး ဘားအံ-မြဝတီ ကားလမ်းပေါ်တွင် ဖြတ်သန်းမောင်းနှင်ကြမည့် ခရီးသွားပြည်သူများ၏ မော်တော်ယာဉ်များ အမြန်ဆုံး ဖြတ်သန်းသွားလာနိုင်ရေးအတွက် မြဝတီကားလမ်းပေါ်ရှိ တံတားအမှတ်(၅၆)အနီး လမ်းလွှဲပြုပြင်ခြင်းကို CRBC ကုမ္ပဏီမှ တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အပြင် လတ်တလောတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဂျိုင်းနယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးမြင့်ဆွေ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# အမေရိကန် ထောပတ်ပင်မျိုးကိုင်းများ စိုက်ပျိုးလိုလျှင် မြို့နယ်အသင်းအလိုက် ဆက်သွယ်ဝယ်ယူနိုင်

**ရန်ကုန် ဇွန် ၁၀**

မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အသင်းသားများအနေဖြင့် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ ထောပတ်မျိုးကိုင်းများကို စိုက်ပျိုးလိုပါက သက်ဆိုင်ရာ မြို့နယ်အသင်းအလိုက် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ်သူများအသင်းမှ သိရသည်။

ကာလီဖိုးနီးယားမှ ထောပတ်ပျိုးပင်များကို တင်သွင်း၍ မျိုးကိုင်းထုတ်လုပ်နိုင်ရန် မျိုးသုတေသနနှင့် မျိုးကိုင်းထုတ်လုပ်မှု ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မျိုးကိုင်းများမှာ ပထမအသုတ်အဖြစ် ဇွန်လအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း၊ ထိုမျိုးကိုင်းများကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ နောင်ချိုနှင့် နာဂဒေသများသို့ ခွဲဝေသွားမည်ဖြစ်ကြောင်း သိရသည်။

အသင်းအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စိုက်ဧက ၁၀၀၀ အတွက် ဒေသမျိုး မျိုးကိုင်းတစ်သိန်း ထုတ်လုပ်ဖြန့်ဖြူးရန်၊ ကာလီဖိုးနီးယားမှ နှင်းခါးဒဏ်ခံနိုင်သောမျိုး၊ ရာသီဥတုဒဏ်ခံနိုင်သော မျိုးများကို တင်သွင်း၍ မျိုးသုတေသန ဆောင်ရွက်ရန်၊ စိုက်ဧကပေါင်း ၂၀၀ အတွက် မျိုးကိုင်းနှစ်သောင်း တင်သွင်းစိုက်ပျိုးရန်တို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ “ကာလီဖိုးနီးယားမျိုးက ကမ္ဘာ့ဈေးကွက် ၈၀ ရာခိုင်နှုန်းလောက်က ဈေးကွက်လက်ခံပြီးသား၊ ပိုးမွှားကင်းစင်ပြီးတော့ အခုတော့ စမ်းသပ်မယ့်နေရာတွေ စာရင်းကောက်ယူနေတယ်”ဟု အဆိုပါအသင်းမှ အတွင်းရေးမှူး ကိုလင်းသန့်က ပြောသည်။

မြန်မာနိုင်ငံတွင် ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထောပတ်ပင်ကို အများဆုံးစိုက်ပျိုးကြပြီး ယခုအခါတွင် ဧကအလိုက် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ ရှမ်းပြည်နယ်တောင်ပိုင်းအနေဖြင့် ထောပတ်ပင်စိုက်ဧက ၇၀၀ ခန့် ရှိရာ အသီးခူးဆွတ်ရိတ်သိမ်းမှု ဧကမှာ ၄၅၀ မှ ၅၀၀ ခန့်ရှိပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် အလုံး ၉၅၀၀ ခန့်ဖြစ်သဖြင့် အထွက်လုံးရေ ၄၃ သိန်းနီးပါး(တန်ချိန် ၁၇၁၀ ခန့်) ရှိကြောင်း သိရသည်။

“ထောပတ်သီးရဲ့အရွယ်အစား အလုံးညီညာမှု အားနည်းတာကြောင့် ဈေးကွက်သိပ်မရသလို ဖြစ်နေတာ၊ ဒါတွေကို ပြုပြင်နိုင်ဖို့ဆိုရင် မျိုးကောင်းမျိုးသန့်ကဏ္ဍဟာ အလွန်အရေးကြီးလာတယ်၊ တရုတ်ပို့တဲ့အလုံးတွေဆိုရင်လည်း အရွယ်အစားညီဖို့ အထူးဂရုပြုနေကြရတယ်၊ ဒီကဏ္ဍဖွံ့ဖြိုးလာဖို့ဆိုရင် အစိုးရရဲ့ပံ့ပိုးအား အထူးလိုအပ်တယ်”ဟု ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးရှိ ထောပတ်စိုက်တောင်သူ ဒေါ်နန်းခမ်းလုံက ပြောသည်။

ထောပတ်စိုက်ပျိုးမှုကဏ္ဍ တိုးတက်လာရေးအတွက် အမေရိကန် အပါအဝင် ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ လာရောက်၍ တောင်သူများထံ တိုက်ရိုက်သင်တန်းများလည်း ပို့ချလျက်ရှိကြောင်း၊ ထောပတ်စိုက်ပျိုးရေးသင်တန်းကို ၂၀၁၃ ခုနှစ်က ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ပြုလုပ်ခဲ့ရာ ထောပတ်သီးစိုက်ပျိုးရန် စိတ်ဝင်စားသည့် တောင်သူနှစ်ရာခန့် တက်ရောက်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် စိတ်ပါဝင်စားသူ တောင်သူများ တဖြည်းဖြည်းပိုများလာပြီး ရှမ်းပြည်နယ်တောင်ပိုင်း၌ ထောပတ်အစုအဖွဲ့ (Avocado Cluster)ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း သိရသည်။

**ဇာလင်းသူ(AMIA)**

## သတင်းတိုများ

### အမ်းမြို့၌ လူထုအခြေပြု ဘက်စုံကျန်းမာရေးစီမံချက်အကြောင်း ရှင်းလင်း

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု ဘက်စုံကျန်းမာရေးစောင့်ရှောက်မှု စီမံချက်အကြောင်း အသိပေးရှင်းလင်းပွဲကို မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာခန်းမ၌ ဇွန်လ ပထမပတ်အတွင်းက ပြုလုပ်ခဲ့သည်။ ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကျော်မိုး၊ မြန်မာနိုင်ငံ ကျန်းမာရေးမှူးအသင်း၏ ပြည်နယ်စီမံကိန်းညှိနှိုင်းရေးမှူး ဦးဟန်သိန်းနှင့် အကြီးတန်းစီမံချက်အရာရှိ ဒေါ်ဝါဝါအောင်တို့က လူထုအခြေပြု ဘက်စုံကျန်းမာရေး စီမံချက်အကြောင်းနှင့် ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံချက်လုပ်ငန်းများ အကြောင်းတို့ကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ရှင်းလင်းပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကျေး အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။ **ဗထူး**

### သန်လျင်မြို့နယ်၌ မိုးစပါး ဧကခြောက်သောင်းနီးပါး စိုက်ပျိုးရန် လျာထား

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်၌ ယခုနှစ် မိုးရာသီအတွင်း မိုးစပါး ၅၉၇၀၀ ဧက လျာထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သန်လျင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးရုံးမှ သိရသည်။ သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၈ အုပ်စုမှ ကျေးရွာ ၅၂ ရွာ၌ မိုးရာသီ မိုးစပါးများ စိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များဖြစ်သော ရာကျော်၊ မနောသုခ၊ ဆင်းသုခ၊ မှော်ဘီ(၃)၊ မှော်ဘီ(၂) အစရှိသော စပါးမျိုးများကို စိုက်ပျိုးသွားမည်ဖြစ်ကာ လျာထားဧကကို ပြည့်မီကျော်လွန်သည်အထိ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

### ချောက်မြို့နယ်၌ မူခင်းကျဆင်းရေး ပညာပေးဟောပြော

ချောက်မြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်း မရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲကို မြို့မရဲစခန်း၏ အစီအစဉ်ဖြင့် လင်းတကိုင်းကျေးရွာ၌ ဇွန် ၈ ရက်က ကျင်းပခဲ့ရာ ဟောပြောပွဲတွင် ချောက်မြို့မရဲစခန်းမှူး ဒုရဲမှူးခင်မောင်ရွှေနှင့် ရဲတပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားခြင်း မရှိအောင် ကြိုတင်ကာကွယ်ရန်အချက်များကို ဟောပြောခဲ့ကြပြီး ဟောပြောပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာနေပြည်သူ ၇၀ ခန့် တက်ရောက်ခဲ့သည်။ **ဝင်းအိမွန်**

### သက်ငယ်မုဒိမ်းမှု မဖြစ်စေရေး ပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရေးအတွက် ပညာပေးဟောပြောပွဲကို သန္ဓေပင်ကျေးရွာအုပ်စု ထိန်စွန်းကျေးရွာ၌ ဇွန် ၁၀ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မှော်ဘီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကြွယ်က အသိပညာပေးဟောပြောပြီး ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ အင်အား ၁၅၀ ခန့် တက်ရောက်ကာ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း မြို့နယ်ရဲတပ်ဖွဲ့မှူးက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။ **အောင်ထက်(မင်္ဂလာဒုံ)**

# ကျွန်းလှမြို့ သီတဂူဗုဒ္ဓတက္ကသိုလ် တည်ဆောက်မှု လက်တွေ့ကွင်းဆင်းတိုင်းတာ

**ကျွန်းလှ ဇွန် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် သီတဂူဗုဒ္ဓတက္ကသိုလ် တည်ဆောက်မှုကို နည်းပညာတက္ကသိုလ်(စစ်ကိုင်း)မှ ကျောင်းသား ကျောင်းသူများအဖွဲ့က ဇွန် ၉ ရက်က လက်တွေ့ကွင်းဆင်းတိုင်းတာခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။ နည်းပညာတက္ကသိုလ်(စစ်ကိုင်း) မြို့ပြအင်ဂျင်နီယာဌာနမှ ဒေါက်တာလှမျိုးအောင် ဦးဆောင်သော ဆရာ ဆရာမ ၁၀ ဦးနှင့် ကျောင်းသား ကျောင်းသူ ၅၀ ပါဝင်သည့်အဖွဲ့က သီတဂူဗုဒ္ဓတက္ကသိုလ် တည်ဆောက်သောမြေနေရာတွင် ဇွန် ၈ ရက်မှ ၉ ရက်အထိ Survey Camp ဆင်း၍ လက်တွေ့တိုင်းတာခြင်းများ ဆောင်ရွက်ကြခြင်းဖြစ်သည်။ ကျွန်းလှမြို့နယ် သီတဂူဗုဒ္ဓတက္ကသိုလ် တည်ဆောက်ခြင်းလုပ်ငန်းကို သီတဂူဗုဒ္ဓတက္ကသိုလ် အဓိပတိ သီတဂူဆရာတော်ကြီး၏ သြဝါဒလမ်းညွှန်မှုဖြင့် စစ်ကိုင်းမြို့ IBEC ဆရာတော် ဦးသောဘိတက ဦးဆောင်ပြီး အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်လျက်ရှိကြောင်းနှင့် ယခု ကျောင်းသား ကျောင်းသူများ ကွင်းဆင်းတိုင်းတာခြင်းမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းညို(ကျွန်းလှ)**



ရိုက်တယ်!
MYTEL
ခံစားခွင့် နှစ်ဆ
mytel
EMPOWER
9:00 MYTEL LTE
၄,၀၀၀ ကျပ်တည်းသာ
၅GB
+၂၅၀မိနစ်
*966*40#
အံ့သြဖွယ်ရာများရယူဖို့ Shake လိုက်ရအောင်
နေ့တိုင်းလွယ်လွယ်ကူကူ Shake ပြီး
ရှယ်လက်ဆောင်များ ရယူလိုက်ပါ။
10 IPHONE X
DATA
VOICE
SMS
4G LTE
အင်တာနက်များများသုံးပြီး ဖုန်းများများခေါ်ရအောင်
Mytel မိုက်တယ် SIM နှင့် များစွာသော Bonus များ
▲ ပထမဆုံး (၃)လအတွက် ၁၅၀၀ MB နဲ့ မိနစ် ၁၅၀
▲ ဘေလ်ဖြည့်မှုတိုင်းအတွက် ၁၀၀% အပိုထပ်ဆောင်းဘေလ်ရရှိမှု (Any-net နှင့် ဒေတာ)
1 MB - ၅ကျပ်/ ၁မိနစ် ၁၀ ကျပ်ဖြင့် ၄၀% သက်သာစေမည့် သုံးသလောက်ပေး
စက္ကန့်အလိုက် ဖုန်းခေါ်ဆိုမှု ကောက်ခံမည့်အစီအစဉ်
Shaking ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် ဩဂုတ်လ ၂၀၁၈ အထိသာ
မိုက်တယ် ပရိုမိုးရှင်းသက်တမ်း – ၉ ရက် ဇွန်လ မှ ၈ ရက် စက်တင်ဘာလ ၂၀၁၈ အထိသာ
www.mytel.com.mm
09690000966
Or dial 966
Mytel App ရယူနိုင်ပါပြီ။
GET IT ON Google Play
Available on the iPhone App Store

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ချင်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်အောက်ရှိ ခရိုင်/ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် အသုံးပြုရန် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ ရောင်းချသူများမှ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသိုလှောင်ရုံအရောက် တင်ဒါတင်သွင်းပေးပို့ရန်အတွက် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ ၂၈-၆-၂၀၁၈ရက် ညနေ ၄း၀၀နာရီ နောက်ဆုံးထားတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံများကို ၁-၆-၂၀၁၈ရက်မှစ၍ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ရရှိနိုင်ပါသည်။

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ချင်းဦးစီးရုံး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၀၂၀၊ ၀၇၀-၂၁၄၅၅**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)မှ ၂၀၁၈ ခုနှစ် (ဧပြီလ မှ စက်တင်ဘာလ) ဘဏ္ဍာရေးကာလအတွင်း ဆောင်ရွက်မည့် ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်ရှိ သီကီရ် ရေလှောင်တမံတွင် (၅၀ ကီလိုဝပ်) အသေးစားရေအားလျှပ်စစ်တပ်ဆင်နိုင်ရေးအတွက် လိုအပ်သော Hydraulic Turbine, 3 Phase Synchronous Generator, Penstock Pipe Line တပ်ဆင်ခြင်းဆိုင်ရာ ပစ္စည်းများအား စီမံကိန်းလုပ်ငန်းခွင်သို့ အရောက်ပို့စနစ်ဖြင့် ပြင်ပလုပ်ငန်းရှင်များထံမှ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| | | |
|---|---|---|
| ၂။ **တင်ဒါပုံစံများရောင်းချမည့်ရက်** | - | ၁၂-၆-၂၀၁၈ မှ ၁၈-၆-၂၀၁၈ အထိ ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း |
| **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** | - | ၂၂-၆-၂၀၁၈ ရက် (၁၆း၀၀)နာရီအတွင်း |
| **တင်ဒါဖွင့်မည့်ရက်** | - | တင်ဒါနောက်ဆုံးတင်သွင်းရက်မှ (၁)ပတ်အတွင်း |
| **တင်ဒါရွေးချယ် ဖွင့်လှစ်ရွေးချယ်မည့်နေရာ** | - | ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ မင်းဘူးမြို့ |

၃။ တင်ဒါတင်သွင်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို တင်ဒါလျှောက်လွှာနှင့်အတူ တစ်ပါတည်း ထည့်သွင်းဖော်ပြထားပြီး တင်ဒါအဆိုပြုလွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ရေအားလျှပ်စစ်ဌာနခွဲ(၁)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့တွင် သတ်မှတ်ရက်များ၌ ရုံးချိန်အတွင်း တစ်စုံလျှင် (၁၀၀၀၀/-) နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဌာနခွဲ(၁) တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ရေအားလျှပ်စစ်ဌာနခွဲ(၁)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မင်းဘူးမြို့**
**ဖုန်း-၀၆၅-၃၀၂၈၇၊ ၀၉-၄၃၁၃၆၉၉၉၊ ၀၉-၄၅၅၆၅၂၈၅၅**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## လမ်းမတော်မြို့နယ်တရားရုံးတော်
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄

| | | |
|---|---|---|
| ဒေါ်နှင်းအေးခိုင် | **နှင့်** | ဦးသိန်းငွေဦး |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ မြရတနာလမ်းသွယ်၊ အမှတ်-၆၂၁နေ တရားပြိုင် ဦးသိန်းငွေဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းအေးခိုင်က လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၂၀ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၈ ရက်) နံနက်၁၁ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နိုနိုဝင်းကို)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**လမ်းမတော်မြို့နယ်တရားရုံး**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ထူပါရုံ)၊ မြေကွက်အမှတ် ၁၂၂၀၊ အကျယ်အဝန်း (ပေ၄၀×ပေ၆၀)၊ ဧရိယာ စတုရန်းပေ ၂၄၀၀၊ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနရှိ မြို့မြေစာရင်းတွင် ဦးထွန်းနု အမည်ဖြင့်တည်ရှိသော မြေကွက်ဖြစ်ပါသည်။ မြေအမည်ပေါက်ဖြစ်သူ ဦးထွန်းနုသည် (၁၆-၅-၂၀၁၀)ရက်တွင် ကွယ်လွန်သွားခဲ့ပါသဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်ရှိသော အထက်ဖော်ပြပါမြေကွက်အား ဇနီးဖြစ်သူ ဒေါ်အေးအေးမြင့်မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောပြဝန်ခံပြီး ၎င်းပိုင်ဆိုင်သော မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ဦးမင်းညွှန့်ဦး)ထံသို့ ရောင်းချထားသော မြေကွက်မပါ မိမိမြေကွက်နှင့်ကပ်လျက်ရှိသော (၁၀ပေ×ပေ ၆၀)ခန့်ရှိ မြေပုံပေါ်တွင် အရောင်ခြယ် (A) အမှတ်အသားပြမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံအရှေ့ (၄)လမ်း၊ အမှတ် (၃၅)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ၊ ဂရန်မူရင်းနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မင်းနိုင် LL.B, C.B.L, WIPO DL-101 (GENERVA)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၂၇)**
**အမှတ် (၁၁၅-မြေညီ)၊ ၄၃လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့**

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## စိတ်ဝင်စားမှုတင်ပြခြင်း လျှောက်လွှာခေါ်ယူခြင်း
## (Expression of Interest Invitation)

ရှမ်းပြည်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ အောင်ပန်းမြို့မှ (၇)မိုင်၊ ဟဲဟိုးမြို့မှ(၅)မိုင်အကွာ တောင်ကြီး မိတ္ထီလာကားလမ်းဘေးမိုင်တိုင် (၈၈/၁)ရှိ စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ မြင်းနှင့်သိုးမွေးမြူရေးဌာန(ဟဲဟိုး)ပိုင် ရုံးဝင်းကွက်၊ စိုက်ကွက်အမှတ်(၂) မြေနေရာများတွင် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသော ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| ၁။ ရုံးဝင်းကွက် | - | ၈၈ ဒသမ ၁၆ ဧက (အဆောက်အအုံများအပါ) |
| ၂။ စိုက်ကွက်အမှတ်(၂) | - | ၁၂၂ဒသမ၅၇ဧက |
| **လျှောက်လွှာစတင်ရောင်းချမည့် ရက်နှင့်အချိန်** | - | ၁၁-၆-၂၀၁၈ရက်၊ ၀၉း၃၀နာရီ |
| **လျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** | - | ၂၉-၆-၂၀၁၈ရက်၊ ၁၆း၀၀နာရီ |
| **Website** | - | www.industry.gov.mm |
| **လျှောက်လွှာပေးသွင်းရမည့်နေရာ** | - | ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊မြန်မာ့ဆေးဝါး လုပ်ငန်း၊စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော် |

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စီမံရေးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊**
**ဖုန်း-၀၆၇-၄၀၈၃၇၀၊ ဖက်စ်-၀၆၇-၄၀၈၁၉၅**

# အိတ်ပိတ်တင်ဒါ (Close Tender) ခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ်ပွတ်ကျေးရွာ၊ အမှတ် (၄) လမ်းမကြီးအနီး၊ မှော်ဘီမှ အောက်ဖော်ပြပါ စွန့်ပစ်ပစ္စည်းများကို ရောင်းချလိုပါ၍ အိတ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| **ရောင်းချမည့်ပစ္စည်း** | **ရောင်းချပုံ** |
|---|---|
| ငါးစာ အစာဖတ် | ပိဿာဈေးနှုန်း |

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၀ ရက်အတွင်း) နောက်ဆုံးထား၍ ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။

၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ် ပြည့်စုံစွာဖော်ပြရန်။ ကုမ္ပဏီ/စက်ရုံမှ ရောင်းချမည့်ရက်အား နှစ်ရက် ကြိုတင်အကြောင်းကြားပါမည်။

၃။ နှစ်ချုပ်စာချုပ်ဖြင့် ဝယ်ယူနိုင်သူအား ဦးစားပေးမည်။

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ မေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊ ၀၉-၄၀၂၆၉၈၇၂၈၊**
**၀၉-၄၅၀၀၅၈၂၆၈၊ ၀၉-၂၅၄၃၅၁၈၀၂**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဦးခရိုင်တရားရုံးတော်၌
## ၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၁၁

| | | |
|---|---|---|
| ဒေါ်စန်းစန်းဝေ | **နှင့်** | ၁။ ဦးဇော်သန့် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးစံရွှေမောင်) |
| | | ၂။ ဒေါ်မေသန့်စင် |
| **တရားလို** | | **တရားပြိုင်များ** |

ကျောက်တော်မြို့၊ မြို့သစ်ရပ်ကွက်နေ (၂) တရားပြိုင် ဒေါ်မေသန့်စင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဒေါ်စန်းစန်းဝေက ငွေ ၂၆၀၀၀၀၀ (ကျပ်သိန်းနှစ်ရာ့ခြောက်ဆယ်တိတိ)ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇွန် ၂၇ ရက် (၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလပြည့်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် မေ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန်းထွန်းအောင်)**
**ခရိုင်တရားသူကြီး**
**မြောက်ဦးခရိုင်တရားရုံး**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
## ပန်းတောင်းမြို့နယ်တရားမရုံးတော်၌
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၂၆

| | | |
|---|---|---|
| တပ်ကြပ်စိန်အောင် | **နှင့်** | မဇင်မင်းထက် |
| **တရားလို** | | **တရားပြိုင်** |

သဲကုန်းမြို့၊ဆေးရုံလမ်းနေ မဇင်မင်းထက်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို တပ်ကြပ်စိန်အောင်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇွန် ၁၈ရက် (၁၃၈၀ပြည့်နှစ် ပထမဝါဆိုလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇွန် ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချမ်းမြေ့နိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ပန်းတောင်းမြို့နယ်တရားရုံး**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုထီ ကံစမ်းသူမိဘပြည်သူများအား
## လစဉ်ထီတိုက်ကြရန် နှိုးဆော်ခြင်း

- ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် သတ်မှတ်ရက်အတွင်း လာရောက်ထုတ်ယူခြင်းမရှိသော အောင်ဘာလေဆုမဲများကို ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းသွားမည်ဖြစ်ကြောင်း လစဉ် လဆန်း ၁ရက်နေ့တိုင်း နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာ၍ အသိပေးလျက်ရှိပါသည်။
- သို့ရာတွင် လာရောက်ထုတ်ယူခြင်းမရှိသော ထီဆုမဲများမှာ လစဉ်ကျန်ရှိနေ၍ ပြည်သူ့ဘဏ္ဍာငွေအဖြစ် သိမ်းယူနေရပါသည်။
- သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ရောင်းချသော အောင်ဘာလေထီလက်မှတ်များကို ဝယ်ယူကံစမ်းကြသူ မိဘပြည်သူများ အနေဖြင့် မိမိတို့၏ထီလက်မှတ်များကို ထီပေါက်စဉ်နှင့်တိုက်ကြည့်ပြီး ထီပေါက်ခြင်း ရှိ/မရှိ ကိုယ်တိုင်စစ်ဆေးပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။
- ထီပေါက်စဉ်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.irdmyanmar.gov.mm တွင်လည်းကောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် အထူးကုန်စည်ခွန်
## မှတ်ပုံတင် သက်တမ်းတိုးလျှောက်ထားရန် နှိုးဆော်ခြင်း

- အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(က)အရ အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်းများအတွက် အထူးကုန်စည်ခွန်ကျသင့်စေရမည်ဖြစ်ပါသည်။ အဆိုပါ ဆောင်ရွက်ခြင်းအပေါ် ကျသင့်သည့်အခွန်ကို အထူးကုန်စည်တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူတို့က ထမ်းဆောင်ရမည်ဖြစ်ပါသည်။
- ယင်းအထူးကုန်စည်ခွန်ထမ်းဆောင်ရန် တာဝန်ရှိသူသည် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)အရ ဝင်ငွေခွန်စည်းကြပ်ခြင်းကိုခံယူရမည့် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများတွင် လုပ်ငန်းမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရပါမည်။
- အထူးကုန်စည်ခွန် ထမ်းဆောင်ရန်အတွက် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးမှ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်သည် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက်သာ ထုတ်ပေးထားခြင်းဖြစ်သဖြင့် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ)အရ အထူးကုန်စည်ကို တင်သွင်းခြင်း၊ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းများကို ၁-၁၀-၂၀၁၈ မှ ၃၀-၉-၂၀၁၉ ရက်တွင် ကုန်ဆုံးမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းမှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားခြင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။
- **သက်တမ်းတိုးဆောင်ရွက်ရမည့်နောက်ဆုံးရက်** - ၂၀၁၈ ခုနှစ် ဇွန်လ၏ နောက်ဆုံးရုံးဖွင့်ရက်
- **ပျက်ကွက်မှုအတွက် ပြစ်ဒဏ်အထူးကုန်စည်ခွန်- ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ(က)အရ** - မည်သူမဆိုလုံလောက်သော အကြောင်းမရှိဘဲ သက်ဆိုင်ရာ နှစ်အတွင်း မှတ်ပုံတင်ရန်ပျက်ကွက်ခြင်းအတွက် ကျပ် သိန်း ၅၀
- မရှင်းလင်းသည့်အချက်များကို အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (သို့မဟုတ်) အလယ်အလတ် အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊ (၂)၊ (၃) (သို့မဟုတ်) ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး(သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်၄၆ ပြည်တွင်းအခွန်များဦးစီးဌာန ဖုန်း-၀၆၇-၄၃၀၅၃၃၊ ၀၆၇-၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) အမှတ်၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ (သို့မဟုတ်)အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂×၂၃ လမ်းကြား၊ ဖုန်း-၀၂-၃၀၁၉၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

### ဖခင်အမည်မှန်

ဒလမြို့နယ်၊အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်သက်ပိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းအောင် ၁၂/ဒလန(နိုင်)၀၂၉၆၀၉ ဖြစ်ပါကြောင်း။

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ် (၉)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ (၃၆၃)နေ ဦးရဲကျော်နိုင်၏ သား မောင်လင်းဇေယျာကျော် ၁၂/ကတတ (နိုင်)၀၃၂၈၁၄သည် ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အသ-၉၂၆ ဖြင့် အောင်မြင်ပြီး ၎င်း၏ မွေးသက္ကရာဇ် အမှန်မှာ ၂၅-၇-၂၀၀၁ ဖြစ်ပါကြောင်း။

## ဒေါ်မြသီဂီဝင်း ၉/မသန(နိုင်)၁၀၈၈၅၈ အား
## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မဈေးလမ်း၊ အမှတ်(ခ/၄၉၆)နေ ဦးဝင်းမြိုင် ၁၂/ဥကမ(နိုင်)၀၅၉၇၁၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်မြသီဂီဝင်းတို့သည် လွန်ခဲ့သည့်(၁၁)နှစ်ခန့်မှ စတင်ပေါင်းသင်းနေထိုင်ခဲ့ပြီး သားသမီး(၃)ဦးထွန်းကားခဲ့ကာ တင့်တောင့်တင့်တယ် စိတ်ဆင်းရဲစေခြင်းမရှိအောင် ထားရှိခဲ့ပါသည်။ သို့သော် ဒေါ်မြသီဂီဝင်း (ဘ) ဦးခင်ဝင်းသည် လွန်ခဲ့သည့်(၆)လခန့်က လင်ယောကျ်ားလုပ်ငန်းလုပ်ကိုင်နေသည့်ကာလတွင် လူမှုရေး၊ စီးပွားရေးများအရ ခွင့်မလွှတ်နိုင်သည့်ကိစ္စများကို လုပ်ဆောင်ခဲ့ကာ လက်ဝတ်ရတနာပစ္စည်းများနှင့် ၎င်း၏ဆန္ဒအလျောက် နေအိမ်ပေါ်မှ ထွက်ခွာသွားသဖြင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား ကျွန်ုပ်မိတ်ဆွေမှ တာဝန်မယူတော့ကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးဝင်းမြိုင်** | **ဦးရဲလင်းနိုင် (LL.B)၊** | **ဒေါ်နှင်းနှင်းဦး (LL.B)** |
| **၁၂/ဥကမ(နိုင်)၀၅၉၇၁၉** | **စဉ်-၃၆၄၁၉** | **စဉ်-၄၈၉၀၅** |

**အထက်တန်းရှေ့နေများ**
**က/၇၂၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး၊**
**ဖုန်း-၀၉-၄၄၈၀၁၃၇၉၆**

# မာတိကာ

**စိန်ယောက်မနှင့် ကျွန်တော်တို့ချစ်သော ရုပ်ရှင်ဇာတ်ကားများ ဇွန် ၁၅ ရက်မှစ၍ တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံကြီးများတွင် ပြသမည်**

စာမျက်နှာ - ၉

**ဓာတ်အားလိုင်းကြိုးများ လဲလှယ်မည်ဖြစ်သောကြောင့် ယာယီဓာတ်အား ပြတ်တောက်မည်**

စာမျက်နှာ - ၁၂

**ကော့ကရိတ်၌ ရွှေဆိုင်ကို နေ့ခင်းအချိန် ဝင်ရောက်လုယက်**

စာမျက်နှာ - ၁၃

# ရန်ကုန်မြို့၏ အထင်ကရဖြစ်သော အင်းလျားကန်ကို မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်မည်



**ရန်ကုန် ဇွန် ၁၀**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်အတွင်းရှိ ပြည်သူအများအပန်းဖြေနားခိုရာ အင်းလျားကန်ကို မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းပြား တပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလွင်က ပြောသည်။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသော အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ အကြံပေးအဖွဲ့မှ ဦးဆောင်ကျင်းပသည့် ပြည်သူ့အတွက် ဟောပြောပွဲအခမ်းအနားတွင် ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးလွင်က မီဒီယာများအား အထက်ပါအတိုင်းပြောကြားခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂ ကော်လံ ၃ ●

# ရတနာပုံအသင်း ရှမ်းယူနိုက်တက်ကို နှစ်ရာသီဆက်တိုက် အိမ်ကွင်း၌ ရှုံးနိမ့်

**ရန်ကုန် ဇွန် ၁၀**

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ကွင်းငါးကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်၊ ရှောဝတီ၊ ဇွဲကပင်နှင့် Southern အသင်းတို့ အနိုင်ရခဲ့သည်။

မန္တလာသီရိကွင်း၌ ကျင်းပသော ပွဲတွင် ရှမ်းယူနိုက်တက်အသင်းက ရတနာပုံအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် ဒုတိယအကျော့တွင် နှစ်ပွဲဆက်အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် ခံစစ်ပိုင်းအားနည်းမှုများကြောင့် ရှုံးနိမ့်ခဲ့ရသည်။

ရတနာပုံအသင်းသည် ရှမ်းယူနိုက်တက်ကို အိမ်ကွင်း၌ နှစ်ရာသီဆက်တိုက် ရှုံးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် အဝေးကွင်း၌ အနိုင်ရခဲ့သည့်အပြင် ထိပ်ဆုံးမှ ရန်ကုန်အသင်း ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် နှစ်မှတ်သာ ကွာဟတော့သည်။



ရှမ်းယူနိုက်တက်အတွက် ဒုတိယဂိုးကို ဒွေးကိုကိုချစ် သွင်းယူနေစဉ်။ ဓာတ်ပုံ-စိုးညွန့်

ရတနာပုံအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ နည်းပြ မာဂျန် လက်ထက် ပုံမှန်ပွဲထွက်ခွင့်ရနေသူများဖြင့် ဆက်လက်ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်နိုင်သော်လည်း အမှားစောင့်ကစားနေ၍ ထိရောက်သည့် ဂိုးသွင်းခွင့်မရခဲ့ပေ။ နှစ်သင်းစလုံး အဓိကကစားသမားများ ပုံမှန်ခြေမရ၍ ဂိုးရရန် ရုန်းကန်နေရပြီး ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း တိုက်စစ်အားမြှင့်လာပြီး ၄၇ မိနစ်တွင် ဒွေးကိုကိုချစ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရ၍ ရတနာပုံအသင်း ချေပဂိုးရရန်ကြိုးပမ်းခဲ့ပြီး ၅၈ မိနစ်တွင် ဝင်းနိုင်စိုးက ထောင့်ကန်ဘောကို ပိတ်သွင်းပြီး

စာမျက်နှာ ၁၂ ကော်လံ ၂ ◆

# မြန်မာ ယူ-၁၉ အသင်း စင်ကာပူခရီးစဉ်တွင် စင်ကာပူ ယူ-၂၃ အသင်းနှင့် ခြေစမ်းမည်

**ရန်ကုန် ဇွန် ၁၀**

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲမတိုင်မီ စင်ကာပူနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး စင်ကာပူ ယူ-၂၃ အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်တွင် အိမ်ရှင် စင်ကာပူ ယူ-၂၃ အသင်းနှင့် ခြေစမ်းမည်ဖြစ်ကာ ယင်းခြေစမ်းပွဲကို ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ထို့ပြင် မြန်မာ ယူ-၁၉ အသင်းသည် စင်ကာပူလိဂ်တွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် ဂျပန်ကလပ် နီဂါတာအသင်းနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ပြီး ဇွန် ၁၈ ရက်တွင် ခြေစမ်းပွဲကစားရန် စီစဉ်ထားသည်။

မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ လေ့ကျင့်မှုပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် သွားရောက်ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် ကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်နေပြီး ယခုခရီးစဉ်ကို ကစားသမား ၂၅ ဦး ခေါ်ဆောင်သွားမည်ဖြစ်ကာ လေးဦး လျှော့ချရမည်ဖြစ်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❄

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ် အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

ဆီးနှင့် ကျောက်ကပ် အထူးကုသမားတော်ကြီး
ဒေါက်တာမောင်မောင်မြင့်
M.B.,B.S, MD, FACP, FASN,
ABIM Board Certified (Internal Medicine)
ABIM Board Certified (Nephrology)
Consultant Nephrologist
၂၃.၆.၂၀၁၈ မှ ၇.၇.၂၀၁၈ ထိ

ကလေးအထူးကုသမားတော်ကြီး
ဒေါက်တာသန်းသန်းနု
MBBS,MD,FAAP,
American Board of Paediatrics Certified.
Consultant Pediatrician,
New Jersey, USA
Mon - Fri (9:00 AM - 5:00PM)

ကလေးအထူးကုသမားတော်ကြီး
ဒေါက်တာနွယ်နွယ်စိုး
M.B.,B.S,
DCH (UK), FRCPCH (UK),
PGDipA (UK),
Consultant Paediatrician, UK
၄.၆.၂၀၁၈ မှ ၁၇.၆.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂